www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး................ ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး.... ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး....... ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

မွေးမေ
မွေးဖေ
သင်ဆရာ၊မြင်ဆရာ၊
ကြားဆရာ ဖြစ်သည့်
ဆရာသော်တာဆွေအား
ဤစာစုဖြင့်
ဂါရဝပြုပါသည်။

ကိုပိုက်
(၂၀၀၃)

www.burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေခဲ့ပြီးစာအုပ်များ၊


၁။ ပန်းဝတ်ရည် ● ကလေးတို့တတ်ကြဖို့ ကမှအ ကိုရေးကြစို့
၂။ ပန်းဝတ်ရည် ● ကလေးတို့တတ်ကြဖို့ AမှZ ကိုရေးကြစို့
၃။ အီကြာကွေး ● ရှုံအပြင်ကထွက်ကြည့်ပါ
၄။ သုမောင် ● နံနက်စာ
၅။ ကိုပိုက် ● ကြုံဆုံခဲ့ရမှုစိုးဘာဝ
၆။ အီကြာကွေး ● ရယ်စရာပေးရှင်း (၁)
၇။ အဏ္ဏဝါစိုးမိုး ● ခရီးဆောင်ဟာသများ
၈။ ချမ်းနိုင်(စိတ်ပညာ) ● သန့်ရှင်းသောစိတ်
၉။ မင်းလူ ● သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့
၁၀။ သုမောင် ● အရက်သမားအမှားတစ်ခါ
၁၁။ သစ္စာနီ ● စကားလုံးများနှင့်ဆော့ကစားခြင်း
၁၂။ အီကြာကွေး ● တွေ့ရကြုံရ ရှုတတလေးတွေ
၁၃။ ကိုပိုက် ● ၂၀၀၁ မှုဆိုးများ
၁၄။ အီကြာကွေး ● မျက်စိအောက်ကဇရာ
၁၅။ ဆွေမင်း(ဓနုဖြူ) ● ဘဝတစ်ခုအမှတ်တရ
၁၆။ အီကြာကွေး ● ရယ်စရာပေးရှင်း (၂)
၁၇။ ကျော်မင်းနိုင် ● လျှို့ဝှက်ဆန်းကြယ် ဝတ္ထုများ
၁၈။ ကိုပိုက် ● သေမင်းတမန်မှုဆိုး
၁၉။ ကိုပိုက် ● စိတ်ကြိုက်မှုဆိုး


## ယခုလ

**ကိုပိုက် ● အင်ကြင်းဝက်ပါ**

## ဆက်လက်၍


■ လင်းယုန်မောင်မောင် ● ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ ပြောင်ချက်နှင့်လှောင်ကွက်မျ
■ အီကြာကွေး ● နတ်ရူးတို့ကြောင်နိုင်ပေ
■ မင်းလူ ● လွန်လေပြီးသောနလုံးသား
■ ကိုပိုက် ● အမြီးအတေား


စာအုပ် ၂၀

# ကိုပိုက်

# အင်ကြင်းဝက်ပါ


**တွတ်ပီစာအုပ်တိုက်**

အမှတ်(၄/က)၊ အဝေရာလမ်း

ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊


www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၇၇၁/၂၀၀၃(၆)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၈၄၉/၂၀၀၃(၇)]
■
မျက်နှာဖုံးပန်းချီ
ဝန်းဒိုနိုင်သူ

ပုံနှိပ်ခြင်း
ပထမအကြိမ်
■
ထုတ်ဝေသည့်လ
အောက်တိုဘာလ၊ (၂၀၀၃)ခုနှစ်
■
အုပ်ရေ
(၅၀၀)
■
မျက်နှာဖုံးဖလင်
STARS
■
တွန်ဖျူတာ
နန်းဝေခိုင်ကျော်ဦး
■
အတွင်းဖလင်
တွတ်ဝီ
■
ပုံနှိပ်/ထုတ်ဝေသူ
ဦးခင်မောင်မြင့် (ခ) ဆွေမင်း(နေမြူ)
တွတ်ဝီရောင်စုံအော့ဖ်ဆက်( ၀၆၇၀၂ )
တွတ်ဝီစာပေ (ယာယီ ၆၇၂ )
အမှတ်(၄/က)၊ အဝေရာလမ်း၊ သာကေတ၊
ရန်ကင်း၊ ရန်ကုန်မြို့၊
■
စာအုပ်ချုပ်
ကိုတင်အေး(သိုင်)
■
တစ်အုပ်
( ၆၀၀ ) ကျပ်

"သစ်ဆိမ့်" ပင်အောက်မှ ဂျို(ချေ)ငယ်တစ်ကောင်သည် ကြွေကျသစ်ဆိမ့်သီးများကို ရှာဖွေကောက်ယူ စားနေသည်မှာ အာသာမပြေ ဖြစ်နေတော့၏။ စောဦးပိုင်းလေးက အေးအေးလူလူ စားနေစဉ် ကျားကောင်၏ ဟိန်းသံကြောင့် ထိုနေရာမှ ကပျာကသီ ပြေးထွက်သွားကာ လုံခြုံသော တစ်နေရာတွင် ပုန်းလျှိုးကွယ်လျှိုးဖြင့် နေလိုက်ပြီး ထိုနေရာသို့ ကျားကောင်ရောက်လာခြင်း မရှိပါချေ၊ အတန်ကြာသည့်တိုင် စောင့်စားကြည့်နေသေးတော့၏။ ကျားကောင်ရောက်လာနိုင်လိမ့်မည် မဟုတ်ဟု တွက်လိုက်ကာ သစ်ဆိမ့်ပင်အောက်သို့ ပြန်လာကာ "ညောင်သီးလည်းစား လေးသံလည်း နားထောင်" ဆိုသကဲ့သို့ သတိအလျှင်မပြတ်ထားခဲ့ပြီး. . .

"ဒိန်း"

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံနှင့်အတူ ဂျို(ချေ)ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်သည် ရှေ့သို့ ဦးငိုက် လဲကျသွားတော့၏။

တကယ်တော့ သူ ထင်မှတ်မထားသည့် လူမုဆိုး၏ ချုံခိုတိုက်ခိုက်ခံလိုက်ရခြင်း ဖြစ်သည်။

ကျွန်တော်သည် ပစ်မှတ်ချိန်ထားပြီး သေနတ်ပြောင်းဝကို မြေသို့ထိုးချကာ နံဘေးရှိ လင်းမြင့်လှိုင်ကို လှည့်ကြည့်လိုက်၏။

လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်နှယ်ပင် ပြန်လှည့်လာပြီး ဖြိုင်တူဆိုသလိုပင် နောက်ဘက်ဆီသို့ လှည့်ကြည့်လိုက်ကြ၏။ ကျွန်တော် ပစ်ခတ်ရန် ပစ်မှတ်သတ်မှတ် ချိန်ရွယ်ထားပြီး သားကောင်ကို တစ်စုံတစ်ဦးက ဝင်ရောက် ပစ်ခတ်သွားခြင်းဖြစ်သည်၊ ကျွန်တော်တို့ နောက်ကျောမှ ပစ်ခတ်လိုက်ခြင်းဖြစ်ငြား မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။ သို့ဖြစ်၍-

"ခိုးကြောင်ခိုးဝှက်နဲ့ ဘယ်သူလဲတော့. . . အမဲလိုက်မုဆိုးဆိုလျှင်ဖြင့်လည်း စည်းကမ်းရှိသင့်တယ်" ရယ်လို့ ကျွန်တော်က လှမ်းအော်ပြောလိုက်၏။

မည်သို့ တုံ့ပြန်ချက်မှ ပြန်မလာချေ။ တိတ်ဆိတ်လို့နေ၏၊ ထိုနေရာ၌ပင် ကျွန်တော်တို့သည် မည်သူတစ်ဦးတစ်ယောက် ထွက်လာမည် စောင့်ကြည့်ကြသေး၏။ မည်သို့မျှ ထူးခြားခြင်းမရှိချေ။ သို့ဖြစ်၍ မကျေမချမ်းနှင့်ပင် ထိုနေရာလေးမှ ထွက်ခဲ့ကြသည်။

"ကိုဗိုက်. . . (ချေ) ဖိုတောင်တို့ ထမ်းသွားကြစို့ဗျာ"

သို့နှယ် လင်းမြင့်လှိုင်က ပြောလာသဖြင့် ကျွန်တော်သည်-

"အိုဗျာ. . . ကျွန်တော်တို့ ပစ်ခတ်ရရှိတာမှ မဟုတ်တာ၊ သူက စည်းမစောင့်ပေမင့် ကျွန်တော်တို့က စည်းစောင့်ရမှာပေါ့" ရယ်လို့ ပြောလိုက်သည်တွင်. . .

"ဟား. . ဟား. . ဟား. . ဟား. . ဟီး. . ဟီး. . ဟီး. . ဟီး. . . ဟား" ရယ်လို့ ရယ်မောသံပေါ်ထွက်လာရာဘက်သို့ လှမ်းကြည့်





လိုက်၏။

"ဟင်!"

အရပ်လေးပေခန့်သာ ရှိမည့် လူပုလေးတစ်ယောက်သည် သူ့အရပ်ထက် ရှည်သော ရိုင်ဖယ်သေနတ်ကို ပခုံးထက်တွင် ထမ်းကာ တော်ပျောရှိုင်းတောမှ ထွက်လာသည်ကို အံ့ဩစွာ တွေ့လိုက်ရ၏။

ရယ်စရာတော့လည်း ကောင်းသား။ သူကပင် လှောင်ရယ်လာသေး၏၊ ကျွန်တော်သည် မြင်မြင်းတစ်သွားသည်ကြောင့်. .

"ခိုးကြောင်ခိုးဝှက်နဲ့ သူများပစ်တွင်းကို ဝင်ပစ်သွားတာ မရှက်ဘူးလား မိတ်ဆွေကြီး" ရယ်လို့ သူ့အရပ်သည် ကျွန်တော်၏ ခါးသာသာလောက်ပင် ရှိငြား အသက်အားဖြင့် ကျွန်တော့်ထက်ကြီးမည့်ပုံ သဏ္ဌာန်သူ့မျက်နှာပေါက်ကြောင့် မိတ်ဆွေကြီးရယ်လို့ သုံးနှုန်း ပြောလိုက်ခြင်းဖြစ်သည်။

"ဟီး. . ဟီ. . ဟီး. . ဟီး- မိတ်ဆွေက ကျုပ်ကို တယ်အထင်ကြီးသကိုး။ စဉ်းစားဉာဏ် တုံးလှချည်လား။ ဒီသေနတ်ကိုတောင် ကျုပ်က မနည်းထမ်းနေရတာ. . . ဟား. . ဟား. . ဟား. . ."

သို့နှယ်ပြောရင်း ကျွန်တော်တို့ အနားရောက်လာသောအခါ လင်းမြင့်လှိုင်က သူ့အား မျက်မှောင်ကုတ် ကြည့်လိုက်ပြီး

"ဒို့ဖြင့် ခင်ဗျားမပစ်လို့ ဘယ်သူပစ်တာတုန်း"

မာဆတ်ဆတ်လေသံဖြင့် ပြောလိုက်သည်တွင် လူပုက- ပြုံးဖြီးဖြီးလုပ်ကာ " "နတ်"ပစ်တာပေါ့" ဟုပြောလာသဖြင့် ဒေါသထွက်သွားရ၏၊ သို့ဖြစ်၍ "မိတ်ဆွေကြီးက ဖြတ်ရယ်ပြုမပြောပါနဲ့. . . ကျွန်တော်တို့က တလေးတစား ဆက်ဆံပြောနေကြတာပါ. . ." ရယ်လို့ ကျွန်တော်က မျက်နှာထားတည်တည်ဖြင့် ပြောလိုက်သည်။

"အော်. . . မိတ်ဆွေကပဲ ကျုပ်ကို စိတ်ဆိုးတယ် ရှိရသေး၊ "နတ်" ပစ်လို့. . "နတ်" ပစ်တယ် ပြောတာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူ တွဲမြီးတိုသွားပုံရ၏။ မျက်နှာကြီး နီရဲသွားတော့၏။

"အော်. . . ခင်ဗျားပဲ ပြောင်သလို ပြက်ရယ်ပြုသလို "နတ်ပစ်တယ်လေး ဘာလေးနဲ့ ပြောတာကျတော့ ကောင်းသလား၊ ကဲ. . . ပြောပါဦး. . . ကိုလူပုရဲ့"

လင်းမြင့်လှိုင်က သူ့အား ကိုလူပုရယ်လို့ နာမ သုံးနှုန်းလိုက်သည်ကြောင့် မျက်မှောင်ကြုတ် စူးစိုက်ကြည့်လိုက်ပြီး အံကြိတ်လိုက်၏။ ပြီးလေမှ တစ်စုံတစ်ခုကို စဉ်းစားလိုက်မိသည်ကြောင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး-

"ကိုလူပုဆိုတာ ကျုပ်နာမည်မဟုတ်ဘူး နို့ပေမင့် ကျုပ်ပုံပန်းသဏ္ဍာန်နဲ့ လိုက်ဖက်တဲ့ အမည်ပေပဲ။ နို့ပေမင့် ကျုပ်မကြိုက်ဘူး။ ကျုပ်နာမည် ပြောထားမယ်။ အဲဒီနာမည်နဲ့ပဲ သုံးနှုန်းပြောဆိုပါ. . . ကိုလူပုဆိုတာကို လုံးဝမသုံးပါနဲ့ မိတ်ဆွေ။ ခင်ဗျားတို့နှစ်ယောက် ကြည့်ရတာ လူယဉ်ကျေးတွေ ဖြစ်လိမ့်မယ်လို့ ကျုပ်ထင်ထားတာ လုံးဝမှားပြီပေါ့။

လူ့အတော်များများက ခက်တယ်။ လူတစ်ဦးတစ်ယောက်ရဲ့ အားနည်းချက်ကို ဖွင့်ဟပြောချင်ကြတယ်။ ပြက်ရယ်ပြုချင်ကြတယ်. . . မျက်လုံးတစ်ဖက် မရှိသူကို "ရေနံမန်ကန်း" လို့ခေါ်တတ်ကြတယ်။ အရပ်ရှည်လွန်းလှျှင်ဖြင့်လည်း အရှည်ကြီးလို့ခေါ်ကြတယ်။ ခြေတစ်ဖက်မသန်သူကို အကျိုးကို ခေါ်ကြပြန်တယ်။ ဒါကောင်းလား. . ခုလည်းကြည့် ကျုပ်ကို ခေါ်လိုက်တယ် "ကိုလူပု"တဲ့၊ ကျုပ်လည်း မိတ်ဆွေတို့လို လူစဉ်မီချင်တာပေါ့။"

သူ့စကားကြောင့် ကျွန်တော်အတော်ကလေး စိတ်မကောင်းဖြစ်သွားမိသည်၊ ကိုလူပုရယ်လို့ သုံးနှုန်းလိုက်မိသော လင်းမြင့်လှိုင်သည်လည်း စိတ်မကောင်း ဖြစ်သွားရသည်ကြောင့်. . .

"မိတ်ဆွေ" ကို တောင်းပန်ပါတယ်ဗျာ. . . ကျွန်တော်တို့ကို ပြက်ရယ်ပြုနေတာကြောင့်. . . ဒေါသဖြစ်ပြီး ကိုလူပုရယ် ခေါ်လိုက်မိတာပါ" ရယ်ပြောလိုက်၏။

"ကျုပ်က မိတ်ဆွေတို့ကို ဘာများပြက်ရယ်ပြုမိပါလိမ့်"

"ဂျို(ချေ)ကောင်ကို ဘယ်သူပစ်တာတုန်း မေးတာ အမှန်အတိုင်း မပြောဘဲ. . . "နတ်" ပစ်တာချည်း ပြောနေတာဟာ ပြက်ရယ်ပြုလို့ ဘာလဲဗျာ"

"ဟာ. . ဟာ. . ဟာ. . ဟာ ဒါလား ကျုပ် ပြက်ရယ်ပြုတာမဟုတ်ဘူး။ "နတ်" ပစ်တာမို့ "နတ်"ပစ်တာ ပြောတာပေါ့"

သို့နှယ်ပြောလာပြန်သဖြင့် ကျွန်တော်သည် ဒီလူ စိတ်မှမှန်ရဲ့လားရယ် စဉ်းစားမိလိုက်သည်နှင့် တစ်ချိန်တည်းမှာပင်. . .

"ဟုတ်ပါတယ် သူပြောတဲ့ "နတ်"ဆိုတာ ကျွန်တော်ပါ" ရယ်လို့ ပြောလိုက်သံကြောင့် အသံလာရာ ငှက်ပျောရိုင်းတောဘက် လှမ်းကြည့်လိုက်သည်၊

လာပြန်ပြီရယ်လို့ တွက်လိုက်မိသည်၊ သူ့ကိုယ်သူ နတ်ဆိုဝါတလား။ တောကြီးမျက်မည်းထဲ ဘယ်လိုကြောင့် စိတ်မမှန်သူနှစ်ယောက် ရောက်နေပါလိမ့် ဟုပင် ထင်လိုက်မိသည်၊

သူ့ပုံပန်းသဏ္ဍာန်သည် ကိုလူပုနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အရပ်ထောင်ထောင်မောင်းမောင်းဖြစ်၏၊ မေးရိုးတားတားနှင့် ခက်ထန်မာကျောသော ရုပ်ရည် ပိုင်ရှင်ဖြစ်၏၊ အသားညိုသည်ဟု ပြောရပေမည်၊ သို့ပြား- လေသံက ပျော့ပျော့ပျောင်းပျောင်း မိန်းမလျှာဟန်ဖြစ်သည်၊

"ရယ်ရတယ်ဟော့. . နတ်ဆိုပါကလား. . . ဟာ. . . ဟာ့" သူ့ပခုံးထက်တွင် တောငှက်ပျောတစ်ခိုင်ကို ထမ်းပိုးလာသည်ကို ကြည့်ရင်း ကျွန်တော့်အတွေးနှင့်ကျွန်တော် သူ့ကိုကြည့်ရင်း သဘောကျသွားရယ်၍ ပြောလိုက်၏၊

သူသည် ငှက်ပျောခိုင်ကို ထမ်းလျက် ကျွန်တော်တို့ အနား







www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်တွင်. . .

"မိတ်ဆွေက ကျွန်တော့်ကို ကြည့်ပြီးသဘောကျနေပုံထောက်တော့. နတ်လည်းဆိုသေး ရုပ်ရည်ကလည်း ကြမ်းတမ်းလိုက်တာ။ ပြီးတော့ ဘယ်သူ့မှ ပသခြင်း၊ ပူဇော်ခြင်း၊ ပွဲတင်ခြင်း မရှိလို့ ကိုယ့်ဖာသာ ငှက်ပျောခုတ်စားနေရပါကလား ရယ်လို့ မိတ်ဖြစ်ဆွေဖြစ် နောက်ပြောင်ပြောချင်ပေမင့် စောစောက ကျွန်တော့် "ကိုကြီး" ပြောခဲ့တဲ့စကားတွေကြောင့် မပြောတော့ဘဲ ကိုယ့်ဘာသာတွေးပြီ ပြုံးမိတာ မဟုတ်လား" ဟု မေးလာသဖြင့်-

"ဟုတ်လိုက်လေ. . . မိတ်ဆွေက အကြားအမြင်များ ပေါက်နေလေရော့လား" ဟု ဝန်ခံပြောလိုက်သည်။

သည်တော့ သူသည် ကျွန်တော့်ကို ပြုံးလျက် ကြည့်နေရင်း-

"ကျွန်တော့်နာမည်က "နတ်လေး"ပါ။ ကိုကြီးနာမည်က "နတ်ကြီး"လို့ ခေါ်တယ်. . ."

သို့ဆိုကာ ကိုလူပုအား လက်ညှိုးညွှန်ပြလျက် ပြောလေသည်။

"ဘယ်လို မိတ်ဆွေတို့က ညီအစ်ကိုရင်းလား"

ကျွန်တော်က မေးလိုက်၏။

"အရင်းရယ်လို့သာမဟုတ်၊ အမွှာညီအစ်ကိုလို့ ပြောလျှင်မြင့် နောင်ကြီးတို့ ယုံရခက်လိမ့်မှာပေါ့"

အမှန်လည်း သူ့စကား ဟုတ်ပေသည်။ ယုံရခက်ကြီးပင် ဖြစ်တော့၏။

"ကဲ. . . မိတ်ဆွေ ကျုပ်နာမည်ကို သိပြီမဟုတ်လား။ ကိုလူပု မဟုတ်ဘူးနော်"

ကိုလူပုက သို့နှယ်ကြားဖြတ်ပြောရင်း လင်းမြင့်လှိုင်ကို ပြုံးတေ့တေ့ကြည့်နေလေတော့၏။

"အင်း. . . မိတ်ဆွေတို့ တောင်းပန်ရဦးမယ်၊ မူဆိုးစည်း





ဖောက်ပြီး. . . ချေ(ဂျီ)ကို အမိအရ ပစ်လိုက်တာ မဟုတ်ပါဘူး။ ဒီ(ချေ)ဂျီကို မိတ်ဆွေတို့ ချောင်းမြောင်းနေမှန်း အစက မသိလို့ပါ၊ ကျွန်တော်တို့ ပစ်လိုက်ပြီးလေမှ မိတ်ဆွေတို့ကို သတိထားလိုက်မိတယ်။ ဒါကြောင့် ညစာအလို့ငှာ ငှက်ပျောတစ်ခိုင်သွားခုတ်တုန်း မိတ်ဆွေတို့ကို တောင်းပန်ဖို့ အစ်ကိုကြီးကို အရင်လွှတ်လိုက်တာပါ၊ အစ်ကိုကြီးကလည်း စကားကို လိပ်ပတ်လည်အောင် မပြောတတ်တော့ မိတ်ဆွေတို့နဲ့ အချင်းများရတာပေါ့. . ."

သည်တော့မှ လိပ်ပတ်လည် သွားရတော့၏၊ သို့ဖြစ်၍. . .

"ဒီ ဂျီ(ချေ)ကောင်ကို မိတ်ဆွေတို့ပဲ ယူသွားပါဗျာ"

ကျွန်တော်က သို့နှယ်ပြောလိုက်ပြီး သူတို့ညီအစ်ကိုနှစ်ယောက်သည် ခေါင်းကိုသာ တွင်တွင်ခါနေကြသဖြင့်-

"ကဲ. . . ဒီလိုလုပ်ဗျာ၊ ကျွန်တော်တို့ စခန်းတဲက ဟိုအရှေ့နားက မြောင်လေးတစ်ဖြတ် ကျော်လိုက်တာနဲ့ ရောက်ပြီ၊ မိတ်ဆွေတို့က ဘယ်သွားမှာတုန်း၊ အမဲပစ်ထွက်ခဲ့ကြတာပဲလား၊ ဒီည ကျွန်တော်တို့ စခန်းမှာပဲ အိပ်ကြပါလား၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့. . ."

"အေး. . . အိပ်မယ် မိတ်ဆွေတို့က အိမ်ရှင်ဖြစ်သွားပြီ. . . ညသည်ကို ညွှန့်ခံဖို့ အစုံအလင်ရှိရဲ့လား"

ကိုလူပုက မျက်ခုံးလေးကို ပင့်၍ ပြုံးစိစိဖြင့် မေးလာသည်ကြောင့်. . . လင်းမြင့်လှိုင်သည်လည်း သွားတက်လေးပေါ်အောင် ပြုံးလိုက်ပြီး-

"သောက်တတ် စားတတ်သူ ဆိုလျှင်မြင့် ပိုပြီး တာဝန်ကျေတတ်ပါတယ်ဗျာ" ဟု ပြောလိုက်သည်တွင် ကိုလူပုသည် ခုန်ဆွ ခုန်ဆွ လုပ်ပြီး "ကဲဟေ့. . ညီလေး. . . ကိုကြီးတို့ သူတို့နဲ့ ဒီညစခန်းချကြမယ်ဟေ့" ဆိုကာ လင်းမြင့်လှိုင်၏ လက်ကိုဆွဲလိုက်ပြီး. . . "လာဟာ ကျုပ် ဆာနေတာကြာပြီ. . . ဝိစတီယောတ်တော့ တိုက်လိမ့်မယ် အင်



www.burmeseclassic.com

www.burmeseclassic.com



ပါ့" ဆိုကာ ကျွန်တော်တို့စခန်းကို သိနေသည့်အလား ရှေ့က လျှောက်သွားလေတော့၏။

ကျွန်တော်နှင့် နတ်လေးသည် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ပြုံးလိုက်ကြပြီး ဂျိ(ချေ)သေတို့ နှစ်ယောက်ထမ်းလျက် စခန်းသို့ လျှောက်ခဲ့ကြတော့၏။

စခန်းရောက်သည်တွင် ခေတ္တခဏမျှ နားနေလိုက်ကြပြီး ရေချိုးလိုက်ကြ၏။

ရေချိုးမဆင်းမီ မီးဖိုကာ ဂျိ(ချေ)ကောင်ကို မီးကင်ထားခဲ့ခြင်း ဖြစ်သည်ကြောင့် လင်းမြင့်လှိုင်က ယူလာသောဝီစကီ ပုလင်းကိုဖွင့်ကာ ဝိုင်းဖွဲ့လိုက်ချိန်တွင် စား၍ ရလောက်သည့်တိုင် အသားကျက်ချေပြီ ဖြစ်သည်။

ကိုလူပုသည် ဝီစကီကို လွှန်မင်းစွာ နှစ်သက်ပုံရ၏။ ကျွန်တော်တို့ တစ်ယောက်တစ်ခွက် နှစ်ခွက်လောက် သောက်အပြီးတွင် သူသည် လေးခွက်မြောက် သောက်လျက် ရှိချေပြီ။ ထူးဆန်းသည်မှာ အရက်စသောက်စဉ်ကတည်းက စကားတစ်ခွန်းမျှ မပြောတော့ခြင်းပင် ဖြစ်သည်။

ကိုလူပုသည် သောက်နိုင်သလောက်လည်း စားနိုင်သူဖြစ်သည်။

အရက်တစ်လုံး ကုန်သည်တွင် "ကောင်းလိုက်တဲ့ ပွဲလေးပဲဟေ့" ဆိုကာ တစ်ခွန်းတည်းသော စကားကိုသာပြောပြီး တဲကြမ်းခင်းပေါ်တွင် အိပ်ချလိုက်တော့၏။

ကြမ်းခင်းပေါ် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားချေပြီ။ ဟောက်လို့ပင် နေသေးတော့၏။

သူအိပ်နေပုံမှာ ရယ်စရာကောင်းပေသည်၊ ကလေးငယ်တစ်ယောက်လို ခြေကားယား၊ လက်ကားယား ဖြစ်သည်။





ကျွန်တော်တို့သည်လည်း တစ်ခဏမျှ ထိုင်လျက် စကားစမြည် ပြောနေကြပြီးနောက် အိပ်လိုက်ကြတော့သည်။ မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ၊ ကြမ်းခင်း သိမ့်ခနဲ ဖြစ်သွားသဖြင့် အိပ်ရာမှနိုးလာရသည်ကြောင့် မျက်ဝန်းအစုံကို အိပ်လျက်မှ ဖွင့်ကြည့်လိုက်သည်။

ကိုလူပုသည် အိပ်နေရာမှ ဆတ်ခနဲထထိုင်လိုက်သည်ကြောင့် ကြမ်းခင်းလှုပ်ခါ သွားရခြင်းဖြစ်၏။

ကိုလူပုသည် တစ်စုံတစ်ရာသော အသံကို ကြားလိုက်မိသည်ကြောင့် ထထိုင်လိုက်ခြင်း ဖြစ်ချိမ့်မည်။

သူ၏လှုပ်ရှားမှုသဏ္ဍာန်သည် မူးနေပုံလုံးဝမပေါ်၊ သွက်လက်ပေါ့ပါးလွန်းလှ၏။

သူ့လောက် သောက်မထားသော ကျွန်တော်သည်ပင် ခေါင်းနောက်ကျိကျိ ဖြစ်နေသဖြင့် အိပ်လျက် အနေအထားနှင့်ပင် သူဘာလုပ်မည်ကို စောင့်ကြည့်နေမိသည်။

သူသည် ထိုင်လျက် မည်းမှောင်နေသော ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ပြီး မျက်မှောင်ကုတ်ကာ နားစွင့်နေတော့၏။ ပြီးလေမှ သူ့ညီဖြစ်သူကို အသာလက်တို့နိုးလိုက်ပြီး. . .

"ညီလေး. . . တို့တွက် သားကောင်တစ်ကောင် ရတော့မယ်ဟေ့. . . မြန်မြန်ထစမ်းကွာ" ဟု ပြောလိုက်သည်နှင့် "နတ်လေး"သည် ညင်သာစွာ ထလိုက်ပြီး သူ၏ရိုင်ဖယ်သေနတ်အိုကြီးကို ကောက်ယူလိုက်ပြီး-

"ပစ်ကွင်း ဘယ်မှာလဲ" ဟုမေးလိုက်၏။

"ညီလေး ဒီကိုလာ" ဟု သူ့နံဘေးလာခိုင်းလိုက်၏၊ ပြီး ပြာဖုံးနေပြီဖြစ်သော မီးပုံနှင့် သုံးလံလောက်နေရာ အမှောင်ထုအတွင်း လက်ညှိုးထိုးပြပြီး. . . "လက်ညှိုးညွှန်ပြတဲ့နေရာဘက်ကို ကြည့်လေ"

"နတ်လေး" သည် ကိုလူပုပြောသည့်အတိုင်း သူညွှန်ပြရာနေရာ



www.burmeseclassic.com

www.burmeseclassic.com



ဘက် သေနတ်ပြောင်းကို ထိုးချိန်လိုက်၏။

ကျွန်တော်ပင် အားမလိုအားမရ ဖြစ်လာသဖြင့် ထထိုင်လိုက်ပြီး လှမ်းကြည့်လိုက်၏။ မှောင်ပိန်းလို့နေ၏၊ မည်သည့် သားကောင်မှ မတွေ့၊ ကျွန်တော် ကိုလူပုကို သက်ာမကင်းဖြစ်မိ၏။ အရက်ကြောင်ပြီး ကိုလူပုက သို့ လုပ်နေသည်ကိုထား၊ သူ့ညီနတ်လေးကတော့ ဘယ့်တွက် သူပြောသလို တကယ့် သားကောင်ကို ပစ်ခတ်တော့မည့်ဟန် လုပ်နေပါလိမ့်။

"ညီလေး မင်းသေနတ်ပြောင်းကို အပေါ်တစ်ပေလောက် မြှင့်လိုက်ကွာ. . ."

သို့နှယ်ပြောပြီး ကိုလူပုသည် ရှေ့ကိုသာ ငေးကြည့်ရင်း ပြောလည်းပြော၊ သူ့လက်ဖြင့် နတ်လေး၏ သေနတ်ပြောင်းကို ကိုင်လျက် ဝစ်မှတ်ကို ချိန်တည့်ပေးနေပြန်၏။

နတ်လေးသည် သူ့အစ်ကိုပြောလေသည့်အတိုင်း တစ်သဝေမတိမ်း လုပ်နေတော့၏။

"ဟုတ်ပြီ. . . ပစ်တော့" ရယ်လို့ ပြောလည်းပြော သူ့ပေါင်ကိုလည်း လက်ဝါးဖြင့် "ဖြန်း" ခနဲ မြည်အောင် ပုတ်လိုက်တော့၏။

"ဒိန်း"

ယမ်းအားပေါက်ကွဲသံကြီးသည်လည်း တစ်ပြိုင်နက်ဆိုသလို ပေါ်ထွက်လာတော့၏၊

"တဲ. . . ညီလေး၊ ဆိုကေပြီ. . . ပြန်အိပ်တော့။ မနက်မှ သွားကောက် အသားဖျက်ပြီး ဝီစကီလေးနဲ့ မြည်းဖို့ မီးကင်စားကြတာပေါ့။ ဟီး. . ဟီး" ဆိုကာ ကျွန်တော့်ဘက် လှည့်ပြီး သွားကိုဖြီးလျက် ပြုံးဖြဲဖြဲခြင်းသာပြုပြီး ထိုနေရာမှာပင် လဲလျောင်းချလိုက်တော့၏။

နတ်လေးသည်လည်း "ဟီး" ရယ်လို့ သွားဖြီးပြကာ "အစ်ကိုကြီးက မသေချာတဲ့ အလုပ်ကို ဘယ်တော့မှ လုပ်တတ်တဲ့သူ မဟုတ်ဘူးဗျ" ရယ်လို့ပြောကာ သူသည်လည်း ကြမ်းခင်းပေါ်လှဲချ အိပ်လိုက်ပြန်သည်။





အတော်လိုက်ဖက်သည့် ညီအစ်ကိုပေပဲဟု စိတ်မှာ မှတ်လျက် သဲ့ယဲ့ပြုံးလိုက်ပြီး သူတို့ ပစ်ကွင်းနေရာသို့ လှမ်းကြည့်လိုက်၏။

မှောင်နှင့်ပိန်းပိန်း။ မည်သည့်သားကောင်မျှ ရှိဟန်မတူပါချေ။ သူတို့ ညီအစ်ကို စိတ်မှ မှန်ကြပါလေစရယ်လို့ ထင်လိုက်၏၊ ကျွန်တော်သည်လည်း မုဆိုးတစ်ယောက် ဖြစ်၏၊ စကတည်းက ထိုနေရာမှ လှုပ်ရှားမှု အရိပ်အယောင်ပင် လုံးဝရှိပုံမပေါ်။

သို့ဖြစ်သည်ကြောင့် ကျွန်တော်သည် ကလေးငယ်တစ်ယောက်သို့ ပိုးလိုးပက်လက် အိပ်နေသည့် ကိုလူပုနှင့် ဆန့်ဆန့်ကြီး ပက်လက်လန်ကာ လက်ဖဝါးနှစ်ဖက်ကို ယှက်တာ ဝမ်းဗိုက်ပေါ်တင်လျှက် လူသေတစ်ယောက်လို အိပ်နေသည့် နတ်လေးကို ကြည့်ပြီး ပြုံးလိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့ တဲစခန်းရှေ့မီးပုံနှင့် သုံးလံခန့်အကွာ ရှေ့တည့်တည့်တွင် မည်းမည်းသဏ္ဌာန် မလှုပ်မယှက် ရှိနေသည်ကို တွေ့လိုက်သဖြင့် တဲပေါ်မှ ဆင်းတာအနားသွားကြည့် လိုက်၏။

"ဟင်!"

သေနေသော "သင်းခွေချပ်" ကြီးဖြစ်နေတော့၏။ ဦးခေါင်းတွင် သေနတ်ဒဏ်ရာ ရရှိထား၏။ သို့ဆိုပါလျှင် ညက ကိုလှပုတို့ ညီအစ်ကို ပစ်လိုက်သည့် သားကောင်ဆိုသည်မှာ ဤ "သင်းခွေချပ်" ပင် ဖြစ်ချိမ့်မည်။

ကိုလှပုအား ကျွန်တော် လျှော့တွက်ထား၍ မရမှန်းသိလိုက်ချေပြီဖြစ်သည်။

လူမစွမ်းနတ်မဆိုသည်မှာ ဤလိုများလားရယ် တွေးလိုက်မိ





သည်တွင်-

"ကျုပ်ကို လူမစွမ်းနတ်မလို့ ပြောကြတယ်။ ထင်ကြတယ်ဗျ. . တကယ်တော့ ကိုယ်လုပ်လို့ ကိုယ်ဖြစ်တာချည်းဗျ၊ ကျုပ်က လူစဉ်မမီဘူး သည်တော့ လူစဉ်မီတဲ့သူတွေထက် သာအောင် ကြိုးစားရတာပေါ့. . .။ ဘာလို့လဲ သိလား။ လူစဉ်မမီတော့ လူရာသွင်းမခံရမှာကြောင့် ပေါ့ဗျာ. ဟဲ. . ဟဲ. . ဟဲ. . . ကမ္ဘာမှာကြည့်စမ်း၊ တစ်ချိန်ကဆို လူမည်းတွေက သူများ အနှိမ်ခံ လူရာသွင်းမခံကြရဘူး။ သည်တော့ သူတို့ဘာလုပ်လဲ သိလား အဘက်ဘက်က အစစအရာရာ ထူးချွန်အောင်မြင်အောင် ကြိုးစား ကြတယ်လေ။ သူတို့တွေ ခု လူရာသွင်း ခံကြရပြီလေ။ ဟဲ. . ဟဲ. . ဟဲ. . ဟဲ. . . " ရယ်လို့ ပြောလာသောကြောင့် ကျွန်တော် ထိတ်လန့်သွားမိ၏။

သူပြောသလို သူသည် ထူးချွန်ထက်မြက်သော လူတစ်ယောက် ဖြစ်နေပြီလား။ သို့တည်းမဟုတ် ထူးဆန်းသော လူတစ်ယောက်များလေလား ဝေခွဲမရ ဖြစ်ရတော့သည်။

ကိုလှပုသည် သို့နှုတ်ပြောပြီး မျက်နှာသစ်ရန် အလို့ငှာထင်၏။ ချောင်းဘက်သို့ ဆင်းသွားလေတော့သည်။

သင်းခွေချပ် အသေတို့ အသားဖျက်မီးကင်ရန် ရောက်လာသည့် "နတ်လေး"ကို ကျွန်တော်က-

"မိတ်ဆွေတို့ ညီအစ်ကိုကတော့ တကယ့်စံပါပဲဗျာ၊ ညမှောင်မှောင်မှာ အနက်ရောင် အဆင်းရှိတဲ့ "သင်းခွေချပ်" ကိုရအောင် ပစ်နိုင်တာ စံပါပဲဗျာ" ဟု ပြောလိုက်သည်။

ကျွန်တော့်စကားကြောင့် နတ်လေးသည် ပြုံးလိုက်ပြီး. . . "ကျုပ်ကို သိပ်လည်း အထင်မကြီးပါနဲ့ဗျာ။ တကယ်ဆို ကျွန်တော့် ပစ်မှတ် သားကောင်ကို လုံးဝမြင်ရတာ မဟုတ်ပါဘူး။ ကိုနတ်ကြီးပြောသလို လိုက်လုပ်ပြီး သူပစ်ပါ ပြောတဲ့အတိုင်း ပစ်လိုက်တာပါ" ဟု ပြောလာ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျွန်တော် လွန်မင်းစွာ အံ့ဩရတော့သည်၊ သို့ကြောင့် "ဗျာ" ရယ်လို့သာ အာမေဋိတ် တစ်ခွန်းထွက်သွားသည်မှ လွဲ၍ တွေဝေမှင်တက်သွားတော့၏။ အင်း. . . တိုလူပုဟာ လူထူးလူဆန်း တစ်ယောက်ပါကလား ရယ်လို့ ရေရွတ်ကာ မျက်နှာသစ်ရန် ချောင်းဘက်သို့ ဆင်းသွားလိုက်တော့သည်။

ချောင်းရေစပ်တွင် ကျွန်တော် မျက်နှာသစ်နေစဉ် လင်းမြင့်လှိုင် ရောက်လာသည်ကြောင့် တိုလူပုတို့ ညီအစ်ကိုအကြောင်း ပြောပြလိုက်သည်တွင်

"အေးဗျ ကိုပိုက်ရဲ့. . . တိုလူပုတို့ ညီအစ်ကိုက လူထူးလူဆန်းလို့ပဲ ပြောရမလား။ အတွေးအခေါ် သမားတွေ လို့ပဲ ပြောရမလား မသိဘူးဗျာ၊ စောစောကလည်း ကျွန်တော် နတ်လေးနဲ့တွေ့ခဲ့တယ် "သင်းခွေချပ်" ကို အသားတုံးလေးတွေ တုံးပြီး တံစို့ထိုးသီတံလေးတွေကို မီးတင်ဖို့ မီးဖိုနေတာ၊ ကျောက်ခဲနှစ်လုံးကို မီးခတ်နေလေရဲ့။ ဒါနဲ့ ကျွန်တော်လည်း မီးခြစ်ထုတ်ပေးတော့ မယူဘူးဗျာ ပြီးတော့ ပြောလိုက်သေးတယ်၊ တကယ်လို့ ကိုယ့်မယ် မီးခြစ် မရှိလျှင်ဖြင့် တောတောင်ထဲမယ် ဘယ်လိုလုပ် မီးရအောင်လုပ်မလဲတဲ့" သည်တော့ ကျွန်တော်က ခုလိုမဲ ကျောက်ခတ်ယူမှာပေါ့ လို့ ပြောလိုက်တော့ သူက ဟက်ဟက်ပက်ပက် ရယ်ပါလေကောဗျာ. . . ပြီးမှ ဘာပြောတယ်မှတ်လဲ. . . လွယ်မှတ်လို့ဗျာတဲ့. . . အလေ့အကျင့် မရှိဘဲနဲ့ ဘယ်လိုဖြစ်နိုင်မှာတုန်းတဲ့. . . ဒါကြောင့် ကျုပ်တော့ အလေ့အကျင့်လည်း မပြတ်အောင် ကျောက်ခဲနှစ်လုံးကိုလည်း မီးရအောင် ခတ်ယူရတာပဲ နှစ်သက်သဗျ မိတ်ဆွေတို့ အလွယ်သုံးနေတဲ့ မီးခြစ်ဆိုတာ ကလေးတစ်ယောက်တောင် ခြစ်တတ်တယ်" ပြောလေရဲ့ဗျာ. . . ပြန်စဉ်းစားကြည့်ရင် သူ့အပြောသူ့လုပ်ရပ်က မှန်တယ်ဗျာ. . ."

သို့နှယ်ပြောလာသည်ကြောင့် ကျွန်တော်သည် တိုလူပုတို့ ညီ





အစ်ကိုကို အတော်ကလေး သဘောကျ သွားမိသည်။

သည့်နောက် ကျွန်တော်တို့သည် မျက်နှာသစ်၊ ခြေလက်သန့်စင်ပြီးနောက် စခန်းသို့ ပြန်ခဲ့ကြ၏။

နတ်လေးက သင်းခွေချပ်ကို မီးကင်ပြီးဖြစ်၍ အတုံးလေးများ တုံးတစ်ကာ တောငှက်ပျောရွက်ကို ခင်း၍ တင်ထားလိုက်ပြီး ခွက်လေးနှစ်ခွက် အရံသင့်ချထားပြီးဖြစ်သည်ကြောင့် အံ့ဩမိတော့၏၊ သူဘယ်တခွက်ရပါလိမ့်၊ သို့ကြောင့် ကျွန်တော်သည် သူတည်ခင်းထားသော ခွက်များကို ကြည့်လိုက်၏။

"ညကလို ပုလင်းမှော့သောက်လည်း ဖြစ်တာပဲဗျာ၊ ဘယ်ကခွက်တွေရတုန်း" ဟု မေးလိုက်၏။

တောတောင်ထဲတွင် အရက်သော်လည်းကောင်း အဖန်ရည်သော်လည်းကောင်း သောက်လျှင် ဝါးခွက်ဖြင့် သောက်ကြ၏၊ ကျွန်တော်သည် အရက်တို ဝါးခွက်ဖြင့် သောက်ခြင်းတို မနှစ်မြို့သဖြင့် ပုလင်းလိုက်သာလျှင် မှော့သောက်လေ့ရှိ၏၊ ယခု နတ်လေး ပလတ်စတစ်ခွက်တွေ ဘယ်ကရပါလိမ့်ရယ် မသိသဖြင့် အံ့ဩသွားမိ၏။

"ခွက်တွေတို သေချာလည်း ကြည့်ပါဦးဗျာ. . . ဒီနားတစ်ဝိုက် ဘယ်သူတွေရှိလို့ ခွက်ငှားလို့ ရမှာတုန်း"

သို့ကြောင့် ကျွန်တော် ပလတ်စတစ်ခွက်တစ်ခုကို ကောက်ယူကြည့်လိုက်၏။

"ဟ. . . တယ်ဟုတ်ပါတကလား. . . ရေသန့်ဗူးနဲ့ လုပ်ထားတာပဲဗျ. . ဘယ်လိုလုပ်တာတုန်း"

သည်တွင် နတ်လေးက ပြုံးလျက် "မိတ်ဆွေတို့ [illegible]ယောက်အတွက် ရေသန့်ဗူးခွံနဲ့ လုပ်ထားတာဗျ. . ကျုပ်တို့ ညီအစ်ကိုနှစ်ယောက်က ဝါးခွက်နဲ့ သောက်တတ်သဗျ. . ." ရယ်လို့ပြောလာတော့၏။

"ညကလို ပုလင်းမှော့သောက်လည်း ဖြစ်ပါသဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ခွက်မရှိလို့ မော့သောက်ရတာ ဘယ်ဇိမ်ရှိပါ့မလဲဗျာ. . ဝါးခွက်ထဲ အရက်ထည့်မသောက်တတ်တဲ့ မိတ်ဆွေတို့အတွက် လုပ်ပေးထားတာ"

သူ့စကားကြောင့် ကျွန်တော်သည် "နို့နေပါဦး. . . ကျုပ်တို့ ဝါးခွက်ထဲ အရက်ထည့်သောက်ရတာကို မကြိုက်ကြဖူးဆိုတာ မိတ်ဆွေ ဘယ်လိုသိလဲ" မေးလိုက်သည်။

"မိတ်ဆွေတို့က မုဆိုးတွေပဲဗျာ. . တောတောင်ထဲမှာ ကျက်စားနေကြတာပဲ. . . ရေခပ်ဖို့. . ရေသောက်ဖို့ ဝါးကို ဘယ်လို အသုံးပြုရမယ်ဆိုတာ သိပြီး ဖြစ်တဲ့သူတွေပဲ။ အဖိုးတန် ဝီစကီလို ဘယ်သူက ဝါးခွက်ထဲ ထည့်သောက်ချင်မှာလဲဗျာ. . . ကျွန်တော် ပြောတာမဟုတ်လား. . . ဝီစကီ အနံ့သင်းသင်းလေးကို အရသာခံ သောက်ချင်ကြတော့မှာပေါ့. . . ဒါကြောင့် ပုလင်းလိုက် မော့သောက်ခဲ့ကြတာချည်း မဟုတ်လား ဟင်း. . ဟင်း. ဟင်း"

ကျွန်တော် သူ့ကို ကြည့်ပြီး ပြုံးလိုက်သည်။ သူကပင်ဆက်၍ "မတတ်သာလို့ ပုလင်းနဲ့ မော့သောက်ရတာ မဟုတ်လား။ ခွက်လေးနဲ့တော့ သောက်ချင်ကြမှာပေါ့။ တောတောင်ထဲ လာတာ. . ပျော်ပွဲစားထွက်လာကြတာ မဟုတ်တော့ ဖြစ်သလို နေထိုင်စားသောက်ရတာလေ။ စားရေး သောက်ရေးအတွက် သေနတ်တစ်လက်ရယ် မီးခြစ်ရယ်၊ ဆားလေးရယ် ပါလျှင်ပြီးတာပဲ။ မဟုတ်လား။ ဆီဆိုတာ မလိုအပ်သလောက်ပါဘဲ။ ဟဲ. . ဟဲ နို့ပေမင့် ခုလို. . မဖြစ်မနေလိုအပ်တဲ့အခါ ဒီလိုမျိုးလေးရှိထားတော့ မကောင်းပေဘူးလား. . ."

ကျွန်တော် ပြုံးလိုက်ရင်း သူလုပ်ထားသည့် ပလတ်စတစ်ခွက်ကို ကောက်ကိုင်လိုက်၏။ အသေအချာ ကြည့်လိုက်တော့ ရေသန့်ဗူးအခွံနှင့် လုပ်ထားခြင်းဖြစ်၏။ လက်ကိုင်လေးပင် ပါလိုက်သေး၏။ သို့ကြောင့်. . .





"ဘယ်လိုလုပ်ထားတာတုန်း" ဟု မေးလိုက်သည်။ သူသည် ကျွန်တော်တို့နှစ်ယောက်ကို ပြုံးလျက် ကြည့်ပြီး ရေသန့်ဗူးတစ်လုံးကို ယူ၍အထဲမှ ရေများကို သွန်ချလိုက်သည်ကြောင့်

"ဟိတ်လူ. . . ရေတွေ အသားလွတ် သွန်ပစ်တယ်ဗျာ နှမျောစရာကြီး ရေသန့်တွေဗျ စမ်းရွာသူကြီး "ကိုရွှေ"က ပေးလိုက်တာ ညက နှစ်ဗူးသောက်ပြီး ဒီမနက်အတွက် တမင်တစ်ဗူး ချန်ထားတာ"

လင်းမြင့်လှိုင်စကားကြောင့် သူသည် "ဟား. . ဟား. . ဟား" ရယ်လိုက်ပြီး အတတ်ပညာတစ်ခုဆိုတာ နေရင်း အလိုလို တတ်လာကြတာမဟုတ်ဘူး။ သင်မှ တတ်တာ သင်တယ်ဆိုတာကလည်း ဆရာရှိမှ သင်လို့ ရတာ။ ဆရာတင်ပြီဆိုကတည်းက အထိုက်အလျောက် သင်တန်းကြေးဆိုတာ မဖြစ်မနေ ပေးရတော့မယ်။ ဒါကြောင့် ရေတစ်ဗူးကို သင်တန်းကြေး ပေးလိုက်တယ် သဘောထား လိုက်ကြတော့ပေါ့ဗျာ" ဟု ပြောလာ လေတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူ့စကားကြောင့် ဝါးဝေ အဟောင်းသားဖြစ်သွားကြတော့၏။ သူပြောတာလည်း ဟုတ်ပေသားပဲ။

"တဲ. . . ဒီမယ်ကြည့်" ဆိုကာ ကျွန်တော်တို့ကို ဗူးခွံမှ ရေခွက်ဖြစ်အောင် လက်တွေ့သင်ရင်း လုပ်ပြလေတော့သည်။


(နုတ်လေး လုပ်ပြသော ရေသန့်ဗူးခွံမှာ အရေးပေါ် အသုံးပြုနိုင်ရန် လက်ကိုင် ကိုင်းပါသည့် ရေခွက်လုပ်နည်းကို စာဖတ်ပရိသတ်ကို တစ်ဆင့် ဖောက်သည်ချ နည်းပေးလိုက်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

(နတ်လေး လုပ်ပြသော ရေသန့်ဘူးခွံမှာ အရေးပေါ် အသုံးပြုနိုင်ရန် လက်ကိုင်ကိုင်းပါသည့် ခွက်လုပ်နည်းဖြစ်သဖြင့် စာဖတ်ပရိသတ်ကို တစ်ဆင့် ဖောက်သည်ချ နည်းပေး လိုက်ပါသည်)






ကျွန်တော်နှင့် လင်းမြင့်လှိုင် သဘောကျသွားသည်။

"ကဲ. . . ကိုကြီးလည်းလာပြီ ပွဲစလိုက်ရအောင်" ရယ်လို့ နတ်လေးက ပြောလာတော့၏။

လင်းမြင့်လှိုင်သည် သူ၏ကျောပိုးအိတ်ကြီးအတွင်းမှ ဝီစကီ ဝလင်းကို ထုတ်ယူလိုက်ပြီး နတ်လေးလက်ထဲ ထိုးပေးလိုက်ကာ

"မိတ်ဆွေကစလို့ ထည့်လိုက်ချေတော့ဗျာ" ဟုပြောလိုက်သည် နှင့်. . . နတ်လေးသည် ဝီစကီပုလင်းဖုံးကို ရစ်ဖွင့်လိုက်ကာ ခွက်များ အတွင်း မထည့်သေးဘဲ နဖူးနှင့် ပုလင်းကို ကပ်ကာ နှုတ်မှပွစိပွစိလုပ် လျက် တစ်စုံတစ်ဦးကို တင်မြှောက်ပသလိုက်ကာ မြေပေါ်သို့ တစ်ပက်ခန့် သွန်ချလိုက်ပြီးလေမှ ခွက်များအတွင်းသို့ ထည့်လေတော့၏။ လက်အမှန်း အဆကောင်းသူဖြစ်သည်၊ လေးခွက်စလုံး တစ်ပက်ခန့်ထက် ပိုမည့်ပုံ မပေါ်ချေ။

ကိုလူပုသည် ကျွန်တော့်အနားတပ် ထိုင်လာပြီး အရက်ထည့် ထားသော ဝါးခွက်ကို ကောက်ကိုင်ကာ ရေမရောလေဘဲ "ဂွပ်" ခနဲ သောက်ချလိုက်ပြီးလေမှ သင်းခွေချပ် မီးကင်တစ်တုံးကို ဝါးစားနေလိုက် တော့၏။ ကျွန်တော်သည် ဝါးဆစ်ခွက်ထဲမှ ရေကို တစ်ငုံအရင် သောက် လိုက်ပြီး အရက်ခွက်တွင်းသို့ ရေကို နှစ်ပက်ခန့် ထည့်လိုက်ပြီး စုပ်သောက် လိုက်၏။ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားတော့၏၊ ကျွန်တော်သည် မည်သည့် အရက်မဆို "တူးအင်ဝမ်း" ရောစပ်သောက်လေ့ သောက်ထ ရှိသူဖြစ် သည်။ ပြီးလေမှ. . . သင်းခွေချပ် တစ်တုံးကို ကောက်မြည်းလိုက်၏။

သည်သို့ဖြင့် သောက်ရင်းစားရင်း. . . "မိတ်ဆွေတို့က ဘယ် သွားကြမှာတုန်း" ဟု ကျွန်တော်က ကိုလူပုကို မေးလိုက်သည်၊

"နတ်လေး. . . ပြောပြလိုက်ကွာ" ဟု သူ၏ညီကို ပြောပြီး အရက်တစ်ခွက် ငုံ့သောက်လိုက်သည်။

ကိုလူပုတစ်ယောက် ကြည့်ရတာ အရက်ကို လွန်စွာ‌ေ်ငးစွာ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြိုက်သူ ဖြစ်ပြီး အရက်သောက်လျှင် စကားနည်းသူဖြစ်ချိမ့်မည်။

အစ်ကိုကြီးနတ်က "ပန်းပုပ်ကြီး" စခန်းသွားမလို့. . . မိတ်ဆွေတို့ကကော ဒီစခန်းမှာပဲ အခြေချပြီး အမဲပစ်ကြမလို့လား"

"ဆိုပါတော့ဗျာ. . . မိတ်ဆွေတို့က ပန်းပုပ်ကြီးစခန်း ဘာသွားလုပ်မှာတုန်း။ အမဲပစ်ဖို့ရာတော့ မဟုတ်နိုင်ဘူးထင်တယ်"

လင်းမြင့်လှိုင်က သို့ပြောလိုက်သည်တွင် နတ်လေးသည် ဖြန်းခနဲ မြည်အောင် သူ့ပေါင်ကို သူပုတ်လိုက်ပြီး "မိတ်ဆွေတို့က မုဆိုးပီသလွန်းပါ့ဗျာ. . . ပန်းပုပ်ကြီးစခန်းမှာ ကျွန်းသင်းသတ်အဖွဲ့တွေ ရောက်နေတယ်၊ လူတွေများ ဆူဆူညံညံနဲ့ဆိုတော့ ဘယ်တောကောင်မှ အဲဒီတစ်ဝိုက် နေကြလိမ့်မယ် မဟုတ်ဘူး အစ်ကိုကြီးရဲ့ မင်္ဂလာကိစ္စသွားမလို့. . . ဟီး. . . ဟီး. . ."

"ဘယ်လို မင်္ဂလာကိစ္စတုန်း ရှင်းအောင်ပြောလိုက်လေ ညီလေးရဲ့. . . ဟီး ဟီး. . ဟီ ဟီ. ."

ကိုလူပု၏ အမူအယာသည် စိတ်ပျက်စရာကောင်းလှပေတော့၏။ ကလေးတစ်ယောက်လို ရှက်စနိုးဟန်ဖြင့် ပြောလာပေပြား- မြင်ရသူအတွက် စိတ်ပျက်စရာမျက်နှာပေး ဖြစ်နေခြင်းကြောင့်ပင်။

"ဒီလို မိတ်ဆွေတို့ရဲ့. . . အဲဒီသင်းသတ်အဖွဲ့နဲ့ အတူ ဝန်မင်းဦးစိုးဝင်းလှိုင် ပါလာတော့ကာ ဥက္ကံ ဇီးပင်ဆိပ်ရွာက ဆင်ပိုင်ကြီး စောလော်တီလည်း ပါလာတယ် သတင်းရလို့ ကိုကြီးနတ်က သွားတွေ့ပြီး မင်္ဂလာကိစ္စ စကားကြောင်းလမ်းမလို့တဲ့"

"ဟေ"

"မိတ်ဆွေအတွက်. . . အစ်ကိုကြီးဖြစ်သူက နားသွားဖောက်ပေးမှာပေါ့ ပြောပါဦးဗျာ ဘယ်သူနဲ့တုန်း"

သို့နှယ် လင်းမြင့်လှိုင်က မေးလိုက်သည်တွင် ကိုလူပုက မကျေမနပ်လေသံဖြင့်-





"ဘယ့်နှယ်ဗျာ. . . ကျုပ်ကို အထင်သေးရန်ကော ကျုပ်အတွက်. . . ကျုပ်မင်္ဂလာစကား သွားပြောမှာဗျ. . . ဟင်း. . ဟင်း. . ဟင်း. . ." ရယ်ပြောလာသဖြင့် ကျွန်တော် ကြိတ်၍ ရယ်မိသေးတော့၏။

"ဘာလဲ. . . ကိုနတ်ကြီးက ဆင်ပိုင်ကြီး သမီးနဲ့လား. . . ခယ်မနဲ့လား. ."

ကျွန်တော်က သူစိတ်ဆိုးနေမှန်း သိ၍ လေသံကို နှိမ့်ချပြုံးရွှင်စွာ မေးလိုက်လေတော့မှ. . သူ့မျက်နှာသည် မိုးသားကင်းစင်သောကောင်းကင်ကြီးလို ဖြစ်သွားပြီး-

"ဟဲ. . . ဟဲ. . . ဟဲ. . . ဒီယောက်ကြီးလည်း အထင်မကြီးဝါနဲ့ဗျာ. . . ကျုပ်နဲ့ ဆင်ပိုင်ကြီးစောလော်တီနဲ့က မိတ်ဆွေတွေဗျ။ သူ့ဆင်ပိုင်းက ဆင်ခေါင်းကြီးတစ်ယောက်ရဲ့ သမီးလေးဗျ. . . အမယ်ဗျာ ဆင်ပိုင်ကြီးသမီးထက်တောင် လှသေးဗျ. . . ဟီး. . ဟီး. . ဟီး. . ဟီ. . နေပါဦးဗျာ မိတ်ဆွေတို့ကို မင်္ဂလာပွဲဖိတ်လိုသေးဗျ။ ကျုပ်တို့ညီအစ်ကိုကို ခင်မင်တယ်ဆိုလျှင်ဖြင့်- လာစေချင်သဗျ။ တစ်ခုတော့ အကူအညီတောင်းချင်တယ်. . . ဝိစကီလေး တစ်လုံးတော့ဖြင့် လက်ဖွဲ့ချေဗျာ။ ကျုပ်ယောက္ခမ ဆင်ခေါင်းကြီးကို သောက်ဖူးတယ် ရှိအောင် တိုက်လိုက်ချင်သေးဗျာ. . . ကျုပ်ကလည်း မိတ်ဆွေတို့ကို မြောင်ချိုကောင်းကောင်း ပြန်ပေးလိုက်ပါ့မယ်. . ဟဲ. . ဟဲ. . ဟဲ"

"စိတ်ချ ကိုနတ်ကြီးရေ. . . ခုကတည်းက ကျွန်တော် ကြိုပြီး လက်ဖွဲ့လိုက်ပါမယ်"

သို့လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် ကိုလူပုသည် မျက်လုံးမှုတ်ဆံပြူးကာ အံ့ဩသွားတော့၏။ ထို့ကြောင့်

"တကယ်ပြောတာလား မိတ်ဆွေ"

"အော်. . . ကျုပ်တို့က ညာမပြောပါဘူး. . . ခုပဲ ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဗျာ. . . မိတ်ဆွေဝဲသောက်သောက်၊ ယောက္ခမဆိုသူကိုပဲ ပေးပေးလုပ်ချင်တာ လုပ်ဗျာ" ဆိုပြီး လင်းမြင့်လှိုင်က သူ့ကျောပိုးအိတ်အတွင်းမှ ဝီစကီတစ်လုံးကို ထုတ်ပေးလိုက်လေသည်၊

တောက်ပသော မျက်လုံးအစုံဖြင့် ကိုလူပုသည် လင်းမြင့်လှိုင် ပေးလာသော ဝီစကီပုလင်းကို တယုတယ လှမ်းယူရင်း-

"ကျုပ် ဝီစကီကို တအားကြိုက်ဗျာ. . နို့ပေမင့် ကျုပ်ယောက္ခမကိုပဲ ပေးလိုက်မှာပါ. . . ကျုပ်. . . သူ့ကလေးနဲ့ ပတ်သက်လျှင်ဖြင့် အသက်တောင် စွန့်ရဲသဗျ. . . ဟီးဟီး ဟီးဟီး"

သို့နှုယ်ပြောပြီး အဝေးသို့ နားတစ်ချက်စွင့်လိုက်ပြီး . . .

"ညီလေး. . နတ်လေး. . . သေနတ်ယူပြီး လိုက်ခဲ့" ဆိုကာ စခန်းတဲပေါ်မှ ခုန်ချ ပြေးထွက်သွားတော့၏၊

"ဘယ်လိုဖြစ်တာလဲ" ရယ်လို့ပင် မေးချိန်မရလိုက်၊ နတ်လေးသည်လည်း သေနတ်တိုင်ကာ ကျွန်တော်တို့အပါးမှ လှစ်ခနဲ ပြေးလိုက်သွားတော့သည်၊

ဘယ်လို လူစားတွေပါလိမ့် ရယ်တွက်မိသည်မှ လွဲ၍ အခြားဘာမျှ မသိနိုင်ပါချေ၊

"တဲ. . . တိုလင်း ကျွန်တော်တို့ နှစ်ယောက်ဒီတစ်ခါ တောထဲမှာ လမ်းမှား၊ တောမှောက်၊ တောခြောက်မခံရပေမင့်. . . စိတ်ဝင်စားစရာကောင်းတဲ့ အမြွာညီအစ်ကိုနှစ်ယောက်နဲ့ လာဆုံကြရတယ်ဗျာ"

"ကျွန်တော်တော့ ဒီလူနှစ်ယောက်ကို အတော်လေးစိတ်ဝင်စားမိတယ်ဗျာ. . . ဘယ်လို လူထူးလူဆန်းတွေလည်း မသိဘူးနော်၊ ခုလည်း အရက်ကြောင်ပြီး ထွက်သွားကြတာဖြစ်မယ်"

လင်းမြင့်လှိုင်ကဝင် သို့နှုယ် ပြောလာပေတော့၏။

"ကဲ. . . ကျွန်တော်တို့နှစ်ယောက် လမ်းဆက်လျှောက်ကြတာပေါ့ဗျာ" ရယ်လို့ ကျွန်တော်တပြောပြီး အရက်ခွက်ကို ကောက်ကိုင်ထားလိုက်တော့၏၊ နှစ်ယောက်သား ဆက်သောက်နေကြပြန်၏။ ရိတ္တာ





အတွက် မနေ့က ဂျီ(ချေ)သားခြောက်တွေလည်း ရှိသေးသဖြင့် ယနေ့လည်း စခန်းတွင် နားနေမည်ဟု တွက်လိုက်၏၊

"မနက်ဖြန်မှ ခပ်စောစော မျိုးဝင်းတို့စခန်း သွားကြတာပေါ့"

"အိုကေ. . ." ရယ်လို့ပြောကာ လင်းမြင့်လှိုင်သည် သင်းခွေချပ်ကင် တစ်တုံးကို ယူစားလိုက်လေသည်၊

နှစ်ယောက်သား သောက်လိုက်စားလိုက်သည်မှာ ဝီစကီတစ်လုံး ကုန်သွားသည်နှင့် "သင်းခွေချပ်" အသားကင်လည်းကုန်ချေပြီ၊

"ကဲ. . . ကိုလင်း. . နားနားနေပြီး. . . ကျွန်တော်တို့နှစ်ယောက်ရေနားက မြောင်လေးမယ် ငါးသွားရှာကြစို့ဗျာ. . . အသားစားရတာ ငြီးငွေ့သွားပြီ"

"အေးဗျ. . . ဂျီ(ချေ)သားခြောက်တွေလည်း ရှိသေးတယ်၊ သွားတောင် ကိုက်ချင်လာပြီ၊ ငါးကြော်လေးဘာလေး စားရလျှင်ဖြင့် သိပ်ကောင်းမှာပဲ. . ."

"ကဲ. . . ကျွန်တော်တော့ နည်းနည်း မှိန်းလိုက်ဦးမယ်ဗျာ"

ကျွန်တော်သည် ဝါးကြမ်းခင်းပေါ် လှဲချလိုက်သည်၊ မကြာခင် အိပ်ပျော်သွားတော့၏၊

အိပ်ပျော်လျက်မှ နိုးလာသည်တွင် နှာခေါင်းဝတွင် အသားမီးကင်နံ့ရလိုက်သည်ကြောင့် မီးပုံရှိရာဘက်သို့ လှမ်းကြည့်လိုက်သည်၊ ကိုလူပု ဘယ်အချိန်က ပြန်ရောက်နေသည်မသိပါချေ၊

တကယ်တော့ အသားကင်ရနံ့ကြောင့် ကျွန်တော် နိုးလာရခြင်းတော့တ်။ ကိုလူပုသည် ကျွန်တော်၏ နှာခေါင်းဝနှင့် နားအတွင်းသို့ မြက်ခင်ငယ်ဖြင့် ကလိကာ နှိုးလေခြင်းကြောင့် အိပ်ရာမှ နိုးလာရခြင်း ဖြစ်တော့၏၊

"ဟာ အတော်ဆိုးတဲ့လူဗျာ"

သို့နှုယ်ပြောလိုက်ပြီး အိပ်ရေးမဝသေးသည်ဖြစ်၍ မျက်လုံးအစုံ



www.burmeseclassic.com

www.burmeseclassic.com



တို့ မှိတ်တာ တစ်ဇတ်သို့ စောင်းလှည့်လိုက်သည်။

"နေကောင်းနေပြီဗျ... ညနေစောင်းလျှင် အိပ်လို့မကောင်းဘူး ထတော့ဗျာ... တို့မိတ်ဆွေတစ်ယောက်ကတော့ နတ်လေးနဲ့ ရွှေငှက်ကလေးခယ် ရေချိုးရင်း ငါးသွားရှာကြသဗျ။ ကဲပါလေ... ထ ထ မိတ်ဆွေအတွက် လက်ဆောင်ပါတယ်"

ဆက်အိပ်၍လည်း ရလိမ့်မည်မဟုတ်။ ဒီအချိန် ဇွတ်အိပ်ပြန်လျှင်လည်း လေးလံထိုင်းမှိုင်းသွားပေလိမ့်မည်။ ဘာလက်ဆောင်ပါလိမ့်၊ သိချင်သည်ကြောင့် အိပ်ရာမှ လူးလဲထလိုက်သည်။

"ဟိုမယ်ကြည့်ဗျာ... မလှပေဘူးလား။ ခန့်ညားပေဘူးလား" ရယ်လို့ ပြုံး၍ခင်လျက်ပြောလာသဖြင့် သူညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

"အလို... တယ်ဟုတ်ပါတဲ့လားဗျာ။ လှပါပေ့ ခန့်ညားပါပေ့ဗျာ" ဆိုတာ မီးဖိုနားသို့ သွားလိုက်သည်။ ကိုလူပုသည် ကျွန်တော့်နောက်မှ လိုက်လာရင်း..

"ကျုပ်... ပန်းပုပ်ကြီးစခန်းမသွားခင် မိတ်ဆွေအတွက် ပြောထားတဲ့အတိုင်း ပြောင်ခေါင်းတစ်ခုရှာလာတာ"

"အင်မတန် လှတဲ့ပြောင်ခေါင်းကြီးဗျာ.. ဦးချိုကြီးကလည်း ကားနေတာပဲ... မိတ်ဆွေနှယ် ပင်ပန်းခံလို့ ဦးချိုတင် ခုတ်ဖြတ်ဖြုတ်လာလို့ ရတာပဲ... ခုတော့ တစ်ခေါင်းလုံး ခုတ်ဖြတ်လာရတာဆိုတော့ ပင်ပန်းတာပေါ့..."

သို့ ကျွန်တော်က ပြောလိုက်သည်တွင် ကိုလူပုက- "သဘာဝ ဦးခေါင်းရိုးနဲ့ ဦးချိုတွဲလျက်ဆိုတော့ ပိုကောင်းတာပေါ့ဗျာ... ဒါကြောင့်လည်း ဒီလိုယူလာတာပေါ့" ဟု ပြောလာ၏။ ပြီးသူကပင်- "ကျုပ်က လူတစ်မျိုးဗျ။ ပြောသလို လုပ်တော်တယ်။ ဖြစ်အောင်လည်း လုပ်တယ်။ မရမ်းမြောင်နားမယ် သင်းတွဲပြောင်ကို တွေ့တာနဲ့ နတ်လေးကို ပစ်ခိုင်းလိုက်တာ။ ဒီမယ် စားဖို့အသားနည်းနည်း ဖျက်ယူလာပြီး မီးကင်ထား





တယ်၊ ကျန်ခဲ့တဲ့ အသားတွေကိုတော့ အနီးမလှမ်းမကမ်းမှာရှိတဲ့ သစ်ခုတ်၊ ဝါးခုတ်သမားတွေကို မင်းတို့တွေ ဖျက်ယူကြတွာဆိုပြီး ပေးခဲ့တယ်"

"ကျေးဇူးတင်ပါတယ် မိတ်ဆွေ... ကဲ... ရေမိုးသွားချိုးကြစို့" ပြောလိုက်သည်။ သူသည် ခေါင်းယမ်းလျက် "ပန်းပုပ်ကြီးစခန်းရောက်လေမှ ချိုးတော့မယ်ဗျာ... မိတ်ဆွေ သွားချိုးပါ၊ ကျွန်တော် ဒီမှာပဲ နေခဲ့ပါ့မယ်"

"ဟင်... နို့ဆိုလျှင်ဖြင့် ခုပဲ... ပန်းပုပ်ကြီးစခန်း သွားမှာလား..."

"ဟုတ်ပ။ နတ်လေး ပြန်လာတာနဲ့ သွားတော့မှာ"

"အချိန်မှ မရှိတော့တာပဲ... ခုတောင် နေအတော်စောင်းနေပြီပဲ... မနက်မှ သွားကြပါကလား"

သူခေါင်းကို ခါယမ်းလိုက်ရင်း- "ကျုပ်ပြောခဲ့ပြီး မဟုတ်လား။ သွားမယ်ဆို သွားရမှ အမှန်တရားဆိုတာ ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ယူရတဲ့ ကိစ္စချည်းမဟုတ်လား၊ မိတ်ဆွေက ကျုပ်အတွက် ညသတ် ခရီးသွားတာ အန္တရာယ်နဲ့ တွေ့နိုင်တယ်ဆိုတာ မိတ်ဆွေ ကြိုသိမြင်နေလို့လား။ ကဲ... ပြော - ကောင်းပြီ အန္တရာယ်နဲ့ တွေ့နိုင်တယ်ပဲထား... ဒီအန္တရာယ်ကို ကျုပ်က မကျော်ဖြတ်နိုင်ဘူး ထင်နေလို့လား။ ဒီလိုကိစ္စမျိုးတွေက ပြောလို့မရဘူး မိတ်ဆွေ။ ကျုပ်လည်း မသိနိုင်ဘူး။ တွေးပူတာတို့ တွေးပျော်တာတို့ဆိုတာ မလုပ်တာ အကောင်းဆုံးပဲဗျ။ ပူပင်စရာနဲ့ တိုက်ရိုက်တွေ့မှ ပူလိုက်တော့မယ်ဗျာ... ပျော်စရာနဲ့ တိုက်ဆိုင်ဆုံမှ ပျော်လိုက်တော့မယ်ဗျာ... ဒါဟာ သေချာတဲ့ ဆုံးဖြတ်ချက်ပဲဗျ... ဟဲ.. ဟဲ.. ဟဲ ဟော.. ဟိုမယ် နတ်လေးပြန်လာပြီ။ ကဲ... သွားတော့မယ်ဗျာ" ဟုဆိုကာ ထွက်သွားလေတော့၏။ နတ်လေးသည်လည်း စခန်းရှေ့မှပင် ပြန်လှည့်ကာ ကိုလူပုနောက်လိုက်သွား လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

လင်းမြင့်လှိုင်သည် လျှော်ကြိုးဖြင့် သီလာသည့် ကျောက်ငါးခူ တစ်တွဲကို. . သီတံဖြင့် ထိုးတာ မီးပုံဘေးတွင် စိုက်၍မီးကင်ထားလိုက် ပြီး-

"ဒီငါးတွေအားလုံး နတ်လေး ဖမ်းပေးတာဗျ. . . အံ့စရာဗျာ ဆူးချွန်နဲ့ ထိုးတာလည်း မဟုတ်ဘူး၊ ရေပေါ် ပေါ်လာတဲ့ ငါးတွေကို တစ်ကောင်ချင်း လျှပ်တစ်ပြက် လက်နဲ့ကုပ် ဖမ်းတာချည်းဗျာ. . အံ့ ရော၊ သွက်လိုက်တာ နို့ပေမင့် အပြန်လှမ်းမှာ တောကြောင်တစ်ကောင် တွေ့တာနဲ့ သူ့ကို ပစ်ခိုင်းလိုက်တော့ မျက်စိမျက်နှာပျက်သွားသဗျ၊ ကျွန်တော်က အတင်းပစ်ခိုင်းတယ် ဆိုရင်ပဲ. . . ကျွန်တော့်သေနတ်ကို ယူပြီး အသေအချာ ချိန်ပစ်ပါရဲ့. . . နို့ပေမင့် သားကောင်ရဲ့ တစ် တောင်လောက် အကွာတနေ ကျည်ကဖြတ်ထွက်သွားတယ်၊ သူ့ကြည့် ရတာ သေနတ်ကို ကျွမ်းကျွမ်းကျင်ကျင် ပစ်တတ်ပုံ မရဘူးဗျ. . ."





လင်းမြင့်လှိုင် စကားကြောင့် ကျွန်တော် အံ့ဩသွားမိ၏၊ ကျွန် တော်တို့ ပစ်မှတ်ဂျီ(ချေ)ကိုလည်း သူပစ်ခဲ့တာပဲ. . . ပြောင်ကိုလည်း သူပစ်ခဲ့တာပဲ။ သင်းခွေချပ်ကိုလည်း သူပစ်ခဲ့တာပဲ၊ ဘယ်လိုကြောင့် လင်းမြင့်လှိုင်က နတ်လေးကို သေနတ်ပစ်တတ်ပုံ သိပ်မပေါ်လို့ ပြောရပါ လိမ့်။ သို့ကြောင့်-

"အတော်လေး အလှမ်းဝေးနေလို့ နေမှာပေါ့"

လင်းမြင့်လှိုင်သည် "သွားတက်" လေးပေါ်အောင် ပြုံးလိုက်ပြီး-

"ပေနှစ်ဆယ်သာသာ အကွာအဝေးလောက်ပဲ ရှိပါတယ်ဗျာ"

သို့ဆိုလျှင်ဖြင့် စဉ်းစားစရာပင် ဖြစ်ချေပြီ၊ သို့ဆိုလျှင်ဖြင့် ပြောင်နှင့်ဂျီ(ချေ)၊ သင်းခွေချပ်တို့ သူဘယ်လို ပစ်ခဲ့ပါလိမ့်။

"တဲ. . . ကိုလင်းရေ ဒါတွေ ထားလိုက်တော့ဗျာ၊ ရေမိုးချိုးပြီး နားနေစားသောက်ပြီး စောစောအိပ်ကြစို့၊ နက်ဖြန်စောစော ရှိုးဝင်းတို့ ခန်း သွားကြမယ်"

အစီအစဉ်ဆွဲထားသည့်အတိုင်း ရေမိုးချိုးစားသောက်ပြီးနောက် အိပ်ရာဝင်ခဲ့ကြတော့၏။

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ရှိုးဝင်းတို့စခန်း ရှိရာစပါးကြီး ဆင်စခန်းသို့ ထွက်ခဲ့ကြသည်၊ ကျွန်တော် တို့ ထွက်လာသော စခန်းနှင့် (၃)မိုင်ခန့် ခရီးအကွာအဝေးတွင် နားလိုက် ကြသည်။

ကျွန်တော်တို့ နားနေသော နေရာသည် မျှင်ဝါးတောဖြစ်၏။ တောင်ကြောပြတ်ကလေး ဖြစ်သည်၊ ထိုဝါးတောအတွင်း ကျွန်းစိုပင် အငါးပင်ခန့် ပေါက်နေ၏။

ကျွန်တော်တို့သည် ကျွန်းစိုတစ်ပင်၏ အောက်ခြေတွင် အမှိုက် များတို့ ရှင်းကာ ဂျီ(ချေ)သားကင်ကို စားလိုက် အရက်သောက်လိုက်ဖြင့် ရှိနေကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မြို့ပြမှာ နေရတာ မွန်းကျပ်လာတယ်၊ သည်တော့ ခုလို လွတ်လွတ်လပ်လပ် စိတ်လွတ်ကိုယ်လွတ် အမဲပစ် ထွက်ခဲ့ကြတာ ဖိလင် ပဲဗျာ. . . ငွေရှိတိုင်း ဝယ်စားမရတဲ့ တောကောင်သား အမျိုးမျိုးကို အမြည်းလုပ်စားနိုင်တာလည်း မဟာကံထူးရှင်လို့ ပြောရင်လည်း ရလောက်သဗျနော်" ရယ်လို့ လင်းမြင့်လှိုင်က ပြောလေသည်။

"သွားရေးလာရေး ခက်ခဲတာ၊ နေမှုထိုင်မှု ဆင်းရဲတာလည်း တွက်ပါဦး. . . တစ်ခါတစ်ရံ တောမှောက် တောခြောက်ခံရလို့ ဒုက္ခဆင်း ရဲကြုံရတာလည်း မေ့မထားနဲ့ဦးလေ၊ အန္တရာယ်ဆိုတာ လက်တစ်ကမ်း မှာ ရှိနေတာ ဒါကြောင့် သွားသတိ၊ အိပ်သတိ၊ စားသတိ၊ သတိအလျင် မပြတ် ထားနေရတာတွေကိုလည်း မမေ့ပစ်လိုက်နဲ့ဦးလေ"

ကျွန်တော်က သို့နှယ် ပြောလိုက်ခြင်းအား လင်းမြင့်လှိုင်က ရယ်မောလျက်. . .

"ဟာ. . ဟာ. . ဟာ. . ဒါကတော့ ကိုပိုက်ရယ် ဘယ်နေရာ မဆို၊ ဘယ်ကိစ္စမဆို အဆိုးနဲ့အကောင်းဆိုတာ ဒွန်တွဲနေတာပဲလေ နို့ပေမင့် ခုလို သုခမျိုးကတော့ ရနိုင်လောက်တဲ့သူ ရှားတာပေါ့ဗျာ" ဟု ပြောလာလေသည်၊ သူ့စကားဆုံးသည်နှင့် "ဒိန်း" ရယ်လို့ သေနတ် သံတစ်ချက် ကြားလိုက်ရသဖြင့် နှစ်ယောက်သား သေနတ်သံလာရာ တစ်ဘက်တောင်ကြောသို့ လှမ်းကြည့်လိုက်သည်၊ ထိုတောင်ကြောသည် လည်း မျှင်ဝါးများ ပေါက်ရောက်နေခြင်းကြောင့် ပြတ်သားစွာ မမြင်ရ ချေ။

နှစ်ယောက်သား ထိုနေရာသို့ စူးစိုက်ကြည့်နေစဉ်မှာပင် တာ ရှူးထိုးဖြင့် သားကောင်တစ်ကောင်သည် ဝါးတောကို တိုးဝှေ့ပြေးလာ သည်ကို မြင်လိုက်ရ၏။ ရုတ်တရက် ဘာကောင်ရယ် မသိသေးချေ။

"ဘာကောင်တုန်းဗျ၊ ကျွန်တော်တို့ဘက် ဦးတည်ပြေးလာ ရတယ်"





"မသိသေးဘူးဗျ. . . ဂျီ(ချေ)လား တောပက်လား မသိနိုင် ဘူး"

လင်းမြင့်လှိုင်က သေနတ်ပြောင်းကို သတ္တဝါကောင် ပြေးလာရာ လမ်းကြောဘက် ထိုးချိန်ထားလိုက်တော့၏။

ကျွန်တော်သည်လည်း သူ့နှယ်ပင် ကျုံထွက်လာမည့် သား ကောင်ကို ပစ်ခတ်ရန် ဆုံးဖြတ်လိုက်ပြီး ဖြစ်တော့၏။

ထိုစဉ်မှာပင် ဝါးတောတွင်းမှ တိုးထွက်လာသော အကောင် သည် ဝံကောင်ကြီးဖြစ်မှန်း သိလိုက်တော့၏။

ယိုင်တိယိုင်တိုင် ထွက်လာခြင်းအားဖြင့် မုဆိုးပစ်လိုက်သော ကျည်ထိမှန်လာခဲ့ကြောင်း တွက်ဆလိုက်သည်၊ သို့ပြား ချက်ကောင်း ထိမှန်ခံရခြင်း မဟုတ်သည်ကြောင့် ဤသို့ ပြေးလွှားလာနိုင်ခြင်းဖြစ် ချိမ့်မည်။

"ဘယ်လိုလဲ ကိုပိုက်. . ."

ဒဏ်ရာရ ထိုဝံတောင်ကို ပစ်ခတ်ရန် ကျွန်တော့်ကို သဘော ထားတောင်းခံလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော်က-

"နေပါဦး. . . အလှမ်းဝေးသေးတယ်၊ တစ်ဖက်တောင်ကြော အနေ မြောင်ထဲ ဆင်းလာပြီး ကျွန်တော်တို့ တောင်ကြောပေါ် ပြေးလာ မယ့်ပုံဗျ. . ."

ကျွန်တော်က ပြောလိုက်သည်တွင် "ကျွန်တော်တို့ တောင် ကြောဘက် တက်မလာဘဲ မြောင်အတိုင်း ဆင်းသွား၊ တက်သွားလျှင် ကောဗျာ" ဟု စောဒက တက်လာသဖြင့် "ကိုလင်းရယ် မလာလည်း အဖြစ်တုန်း၊ ဝံကောင်အတွက် ပြေးမလွတ်ပါဘူး။ အပေါ်စီးကနေ ချိန်လိုက်ပြီး ပစ်လို့ရတာပဲဗျ"

ကျွန်တော်တွက်ထားသည့်အတိုင်း ဝံကောင်သည် မြောင် အတွင်း ပြေးဆင်းလာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

ဝံကောင် ရရှိလာသောဒဏ်ရာ ပြင်းထန်လွန်းသည်ကြောင့်လားမသိ။ တောင်ကြောအဆင်းမှာပင် ခွေယိုင်လဲကျသွားတော့သည်။ လှုပ်ရှားမှု လုံးဝမရှိတော့ခြင်းကြောင့် သေသွားလေပြီလားမသိ။

ထိုစဉ်မှာပင် မျှင်ဝါးတောတွင်းမှ သေနတ်ကိုင်လူငယ် တစ်ယောက် ထွက်လာ၏။

ဝံကောင်ကို ပစ်ခတ်လိုက်သောမုဆိုးဖြစ်မည်။ ထိုမုဆိုးသည် လဲကျ ငြိမ်သက်နေသော ဝံကောင်ကို ကြည့်၍ အားရကျေနပ်စွာ ပြုံးလိုက်ပြီး ဝါးတောတွင်း ပြန်ဝင်ပြေးသွားတော့၏။

အတန်ကြာတွင် ပြန်ထွက်လာသည်။ သူနှင့်အတူ အမျိုးသမီး တစ်ယောက် ပါလာ၏။ သူမလက်ထဲတွင် ပို့င့်တူးတူး သေနတ်ကိုင်လျက် ဖြစ်၏။

မုဆိုးလူငယ်သည် အမျိုးသမီးငယ်အား ဝံကောင်သေကို လှမ်းပြပြီး ပြုံးရွှင်စွာဖြင့် ဝံကောင်သေရှိရာသို့ ဆင်းသွားတော့သည်။ သူ့နောက်ခပ်လှမ်းလှမ်းမှ အမျိုးသမီးသည် လိုက်ဆင်းလာ၏။

ကျွန်တော်တို့နှစ်ယောက်သည် သူတို့ကို လှမ်းကြည့်နေလိုက်မိခြင်းသည် သူတို့တွက် တံတောင်းခြင်း ဖြစ်လာရတော့၏။ ဘယ့်တွက်မှု မုဆိုးလူငယ်သည် ဝံကောင်သေနားသို့ ရောက်သည်တွင် သူ့လက်တွင်းရှိ သေနတ်ပြောင်းဖြင့် ဝံကောင်ကို တို့ထိလိုက်သည်နှင့် "ဂါး" ရယ်လို့ အော်ဟစ်လိုက်ကာ ဝံကောင်သည် လျှပ်တစ်ပြက် ကုန်းထလာပြီး မုဆိုးလူငယ်ကို တိုက်ခိုက်လေတော့၏။

"ဟာ!"

"ဟင်!"

ကျွန်တော်တို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး တောင်ကြောပေါ်မှ ပြေးဆင်းသွားကာ မြောင်ထဲ





ဖြတ်လျက် ထိုတောင်ကြောပေါ်သို့ ပြေးတက်လိုက်ကြသည်။ မုဆိုးလူငယ်ကို ကူညီရန်ဖြစ်သည်။

"အိုးမူ. . . ပြေး. . ပြေး" ရယ်လို့ နှုတ်မှ တတွတ်တွတ် အော်ဟစ်ရင်း ဝံကောင်၏ တိုက်ခိုက်မှုကို ပြန်လည် ခုခံနေသည့် မုဆိုးလူငယ်ကို ကျွန်တော်တို့ မည်သို့ ကူညီရမည်ကို စဉ်းစားနေဆဲမှာပင် ဝံကောင်၏ တိုက်ကွက်တစ်ခုကို မုဆိုးလူငယ် ခံလိုက်ရသည်ကြောင့် မြေပေါ်သို့ လဲကျသွားသည်နှင့် ဝံကောင်သည် သူဆင်းလာသော တောင်ကြောပေါ်သို့ ပြေးတက်သွားခြင်းကြောင့် ကျွန်တော်က- "ကလေးမ ထိုင်ချလိုက်. . . ထိုင်ချလိုက်" ဟု အသံကုန်အော်ဟစ်လိုက်ခြင်းကြောင့် အမျိုးသမီးငယ်သည် သူ့ထံသို့ ကမူးရှူးထိုး ပြေးလာသော ဝံကောင်ကို ကြောက်လန့်တကြား ကြည့်နေပြီး "အား" ရယ်လို့ အော်ဟစ်လိုက်ကာ ခွေလဲကျသွားတော့၏။ ကျွန်တော့်အသံတို သူကြား၍ ထိုင်ချလိုက်ခြင်းတော့တ်၊ ကြောက်လန့်တကြား မေ့မြောလဲကျသွားခြင်းဖြစ်သည်။ ထိုသည်ထလည်း ခပ်ကောင်းတောင်းပင်။ လွတ်လွတ်လပ်လပ် ပစ်တွင်း ဖြစ်လာသည်နှင့် ဝံကောင်၏ တျောပြင်သို့ ကျည်တစ်တောင့် ပစ်လွှတ်လိုက်တော့သည်။

"ဒိုန်း"

ဝံကောင်သည်လည်း အမျိုးသမီးငယ်နှင့် ဆယ်ပေလောက်အကွာတွင် မှောက်လျက် လဲကျသွားတော့၏။ ကျွန်တော် ပစ်လွှတ်လိုက်သော ကျည်တောင့်သည် ဝံကောင်၏ နောက်ကျောမှ ဖောက်ဝင်သွားကာ နှလုံးသားကို မွှေထွက်သွားခြင်းဖြစ်သည်ကြောင့် ထပ်မံ ဗုက္ခပေးနိုင်စွမ်း မရှိပါတော့ချေ။

"ကျေးဇူးတင်လိုက်တာဗျာ" ရယ်လို့ မုဆိုးလူငယ်က ပြောရင်း ခွေလဲနေသော အမျိုးသမီးငယ်ထံသွားပြီး သတိပြန်လည်အောင် ပြုစုပေးလေသည်။ အတန်ကြာတွင် အမျိုးသမီးငယ် သတိရလာသည်တွင်

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးလူငယ်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်တွင် လွန်စွာမှု ကျေးလူတင်သော မျက်နှာဖြင့် ကြည့်နေရင်းမှ အံ့ဩစွာဖြင့်. . .

"ဦးပိုက် မဟုတ်လား" ရယ်မေးလာသဖြင့် သူမကို စေ့စေ့ကြည့် လိုက်မိသည်၊ ဘယ်သူများပါလိမ့်၊ ကျွန်တော် မမှတ်မိ၊ သို့ကြောင့်. . .

"ညည်းတ. . . " ဟု စဉ်းစားမရသဖြင့် အားနာစွာဖြင့် မေး လိုက်သည်။

"ဆင်ပိုင်ကြီး စောလော်တီ သမီးလေ" ဆိုတော့မှ မှတ်မိသွား ရတော့၏။

"အေး. . . မှတ်မိပြီ၊ ညည်း ဘယ်လိုလုပ် ဒီရောက်လာတာ လဲ. . . ညည်းအပါးက ပန်းပုပ်ကြီးစခန်းမှာ ရောက်နေတယ်ဆို. . ."

"ဟုတ်တယ် ဦး. . . သစ်တောဝန်မင်း ဦးစိုးဝင်းလှိုင် တောထဲ တွင်းဆင်းစစ်ဆေးဖို့ လာတော့ကာ အပါးက အဖော်လိုက်လာတာ ပေါ့. . ."

ဆင်ပိုင်ကြီး စောလော်တီကို ကျွန်တော် သစ်တောဝန်ထမ်းဘဝ က ဆုံခဲ့သိခဲ့ခြင်းဖြစ်၏၊ တောတောင်အတွင်း ကွင်းဆင်းလေ့လာ ဥက္ကံ့ဆီးပင်ဆိပ် ရွာတွင်ရှိ ဆင်ပိုင်ကြီး စောလော်တီအိမ်တွင် တစ်ထောက် စခန်းချနားတတ်၏၊ လုပ်ငန်းသုံး ဆင်လိုလျှင် စောလော်တီက ကူညီပေး တတ်စမြဲဖြစ်၏၊ သည်တုန်းက ဦးစိုးဝင်းလှိုင်သည် ဝန်ထောက်တလေး ဖြစ်၏။ စောလော်တီအိမ်သည် သစ်တောဝန်ထမ်းများအတွက် တည်း အိမ်၊ သောက်အိမ်၊ စတည်းချရန်အိမ် ဖြစ်၏၊ စောလော်တီတို့ မိသားစု နှင့်လည်း ဆွေမျိုးရင်းချာပမာ ဆက်ဆံနေထိုင်ကြ၏၊ ထိုစဉ်တုန်းက သူမသည် ကလေးသာသာပင် ဖြစ်၏၊ ဥက္ကံ့ ကြိုးဝိုင်းအတွင်း လုပ်ငန်း ကိစ္စအဝဝဖြင့် သွားရလေတိုင်း သူမတို့နှင့် ဆုံရမြဲဖြစ်၏။ သည့်နောက် ကျွန်တော်သည် သစ်တောဌာနနှင့် ကင်းကွာခဲ့သည့်နောက်ပိုင်း. . . သူတို့နှင့် ကင်းကွာခဲ့ရတော့သည်၊ သူမနှင့်ပတ်သက်၍ နောက်ဆုံး





လိုက်သည်မှာ သူမ ဆယ်တန်းအောင်သွားပြီး အင်းစိန် ကြို့ကုန်းတွင်ရှိ သူမအဒေါ် တော်စပ်သူ သစ်တောရုံးချုပ်မှ စာရေးမကြီး နော်အဲလစ် အိမ်တွင် သွားနေကာ တက္ကသိုလ် တက်နေသည်ဟုသာ ဖြစ်၏၊

နှစ်တွေ မနည်းချေပြီ. . .၊ ငယ်ရုပ်လည်း ပျောက်နေသော တလေးတွေကို ကျွန်တော် ဘယ်မှတ်မိနိုင်ပါ့မလဲ၊

"နို့နေပါဦး. . ခုညည်းက ဘယ်လိုကြောင့် ဒီရောက်လာရတာ လဲ။ သူကကော ဘယ်သူတုန်း"

သည်တွင် သူမသည် ကျွန်တော့်အား ပြုံး၍ ကြည့်ပြီး- "ဦးပိုက် သူ့ကိုတော့ မှတ်မိမယ် မထင်ဘူး၊ သူ့အပါးကိုတော့ဖြင့် သိလိမ့်မယ်"

ကျွန်တော်သည် ထိုမုဆိုးလူငယ်ကို အသေအချာ စူးစမ်းကြည့် လိုက်၏၊ မြင်ဖူးတွေ့ဖူးသော မျက်နှာဝေါက်ဖြစ်၏၊ သို့ဖြား ကျွန်တော့် မှတ်ဉာဏ် သိပ်မကောင်းလေသဖြင့်- "ပြောပါဦး" ဆိုလိုက်တော့-

"ဖထီ "ထွန်းရွှေ"သားလေ"

"အော်. . . ဟုတ်လား၊ နို့ဖြင့် မင်းတ "စိန်းကြည်"ပေါ့၊ ဖအေ တူသားပေပဲ. . . ဝံကုတ်ခံလိုက်ရတာတောင် အပြောအဆို အနေအထိုင် မပျက်ပါကလားကွ။ မှတ်မိသေးတယ်၊ မင်းအဖေ စောထွန်းရွှေက ခွေး ကို တအားချစ်တာကွ၊ ခွေးတွေနဲ့ဆို လုံးထွေးနေတာပဲ၊ မရှုမရှာ ခွေး တွေကို ဖက်ဖက်နမ်းရတာလည်း အမော၊ တစ်ခါ ခွေးစိမ်းတစ်ကောင်ကို ဖက်နမ်းလိုက်တာ၊ အဲဒီခွေးက သူ့မျက်နှာကို ကိုက်လိုက်လို့ ရသွားတဲ့ ဒဏ်ရာက မနည်းလေဘဲ. . . မျက်နှာမယ် သေရာပါ အမာရွတ်ကြီး ကျန်ခဲ့ပါလေကော၊ ခွေးကိုက်ခံရလို့ မျက်နှာတစ်ပြင်လုံး သွေးသံရဲရဲကြား ကတောင် "စောကလော- အကြည်စားသန်လိုက်တာကွာ" ဆိုပြီး သူ့ ကိုက်တဲ့ခွေးပါးကို လက်နှစ်ဖက်နဲ့ ပွတ်ပြီး ရယ်မောပြောလိုက်သေးကွာ၊ တဲ့ပါလေ. . . မင်းရင်ဘတ်က ဝံကုတ်ရာ ဘယ်လောက်ကြီးလဲ"

သို့မေးလိုက်သည်ကြောင့် သူသည် ရင်ဘတ်ကိုပြ၍ အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ယံ ခြစ်မိသွားရုံပါ။ သူကအကုတ် ကျွန်တော်က နောက်ကို ဆုတ်အရှောင် မယ် ခဲလုံးကို တိုက်မိပြီး လဲကျသွားတာပဲ. . . "

"တော်သေးတာပေါ့ကွာ. . ကဲ. . ကဲ. . . မင်းတို့ ဘယ်သွားကြမလဲ။ ငါတို့တော့ စပါးကြီးမြောင်သွားကြမှာ. . . "

"ဟင်. . ဒါဖြင့်. . . ဦးတို့က ဦးမျိုးဝင်းတို့ သင်းသတ်စခန်း သွားမလို့လား"

"ဟုတ်တယ်"

"အတော်ပဲ။ ကျွန်မတို့လည်း အဲဒီသွားမလို့။ အပါးနဲ့လိုက်လာတာပဲလေ. . . နောက်နေ့မှ ဝန်မင်းက ဦးမျိုးဝင်းတို့ သင်းသတ်စခန်း တက်ခဲ့မယ် ဆိုတော့ ဟိုမယ် ကြိုတင်ပြင်ဆင်ထားနိုင်ဖို့ သွားပြောဖို့ အပါးက ကိုစန်းကြည်ကို ခိုင်းတာနဲ့ ကျွန်မလည်း ခရီးကြုံ အမဲပစ်လိုက်လာတာလေ။ ဟိုမြောင်လေးမှာ ဝံကောင်တွေ့တာနဲ့ ကိုစန်းကြည်က. . . ဝန်မင်းအတွက် လက်ဆောင်ပေးလိုက်ချင်တယ်ဆိုပြီး ပစ်လိုက်တာ။ ခုလိုဖြစ်လာတော့ ဦးပိုက်တို့နဲ့ ကြုံခဲ့ရတာပေါ့. . . "

"သူမ" ရှင်းပြမှ ကျွန်တော် ဂယနဏ သဘောပေါက်သွားတော့သည်။

ကျွန်တော်သည် သူတို့နှစ်ယောက်အား လင်းမြင့်လှိုင်နှင့် မိတ်ဆက်ပေးလိုက်ပြီး. . ဝံကောင်သေကို တုတ်လျှိုထိုးကာ နှစ်ယောက်တွဲ အလှည့်ကျ ထမ်းယူလာခဲ့ကြတော့၏။

ကံအားလျော်စွာပင် တစ်မိုင်လောက်ခရီးအရောက်တွင် ကျွန်း သင်းသတ် လုပ်ငန်းခွင် ဝင်နေကြသော ဝန်ထမ်းများတို့ လိုက်လံစစ်ဆေး နေသည့် ဝန်ထောက်လေး မျိုးဝင်းနှင့် ဆုံလိုက်ကြသည်တွင်. . .

"ဟာ. . . ကိုပိုက်တို့ပါလား. မနေ့ကတည်းက ရောက်လာကြမယ် ထင်တာ။ ဒါကြောင့် ဒီမနက် ကျွန်တော် ကိုပိုက်တို့ကို လာကြိုစောင့်နေရင်း. . . လုပ်ငန်းခွင်ကို စစ်နေတာ။ ဟဲ့. . . ညည်း ဆင်ပိုင်ကြီး သမီးမဟုတ်လား"

ကျွန်တော့်ကိုပြောရင်း မာလာကို ကြည့်ပြီး မေးလိုက်၏။

"ဟုတ်ပါတယ်။ ပန်းပုပ်ကြီးစခန်းမှာ အပါးရောက်နေတယ်. . ဝန်မင်းနဲ့ ပါလာတာ။ အပါးက ကျွန်မတို့ကို ဒီကြိုလွှတ်လိုက်ပြီး စီစဉ်ရာရှိ ကြိုစီစဉ်လို့ရအောင် ပြောခိုင်းတာ"

"အေး. . . ကျေးဇူးပဲ. . . ကိုပိုက်တို့ ရောက်နေတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတော်ပဲ. . . ဝန်မင်း ဦးစိုးဝင်းလှိုင်ကို သိတယ် မဟုတ်လား"

"သိတာပေါ့ဗျာ. . . ဆရာစိုးနဲ့ တွဲခဲ့ဖူးတယ်လေ။ ကျွန်တော်လည်း ဆရာစိုးနဲ့တင်မက ဆင်ပိုင်ကြီး စောလော်တီနဲ့ပါ တွေ့ချင်သဗျ"

မျိုးဝင်းက ပြုံးနေလျက်မှ "ကဲ. . . စခန်းသွားကြတာပေါ့။ ကိုပိုက်တို့ ဝံကောင်သေကြီးကို ဒီမယ် ထားခဲ့ပါ။ အလေးခံသယ်မနေနဲ့တော့ ကျွန်တော်တို့အဖွဲ့တွေ အလုပ်သိမ်းပြန်တဲ့အခါ သူတို့စခန်းကို သယ်လာကြလိမ့်မယ်"

သို့ကြောင့် ကျွန်တော်တို့သည် ခြေလွတ်၊ ကိုယ်လွတ် သင်းသတ်စခန်းသို့ ထွက်ခဲ့ကြတော့၏။

ထိုနေရာမှ သင်းသတ်စခန်းသို့ မိုင်ဝက်ခန့် လျှောက်ခဲ့ကြရ၏။

သင်းသတ်စခန်း မရောက်မီ တစ်ဖာလုံခန့်အရောက်တွင် ဆင်စခန်းငယ်လေး တစ်ခုရှိနေ၏။ ထိုနေရာတွင် စန်းကြည်နှင့် မာလာတို့ နေရစ်ခဲ့ကြ၏။ မျိုးဝင်းတို့ လုပ်ငန်းသုံးရန် ဆင်ပိုင်ကြီး စောလော်တီမှ ကူညီပေးထားခြင်း ဖြစ်၏။

"ဟဲ့. . . ညည်းဒီမယ် နေရေးထိုင်ရေး အဆင်ပြေပါ့မလား" ရယ်လို့ ကျွန်တော်က မေးလိုက်၏။

"အဆင်ပြေပါတယ် ဦးရယ်. . . ဆင်ခေါင်းကြီးသမီး ဒီမယ် ရှိတယ်လေ၊ ကျွန်မနဲ့ ငယ်ငယ်ကတည်းက သူငယ်ချင်းတွေပေါ့. . . ဥက္ကံပေါက်ကုန်း အထက်တန်းကျောင်းမှာ အတူတူ ကျောင်းတက်ခဲ့ကြတာပေါ့. . ."

ဆင်ခေါင်းကြီးသမီးရယ်လို့ ကြားလိုက်ရသည်နှင့် ကိုလူပုကို မျက်စိထဲ မြင်မိလိုက်တော့၏။

ကျွန်တော်တို့ မျိုးဝင်း၏ စခန်းတဲသို့ ရောက်သည်တွင် ခေတ္တမျှ နားနေကြပြီး စခန်းနှင့် မလှမ်းမကမ်းရှိ ရေကြည် ချောင်းလေးတစ်ခုတွင် ရေမိုးချိုးလိုက်ကြ၏။





"ကိုပိုက်ရေ - ကျွန်တော့်မှာတော့ ရမ်ပဲပါသဗျ အမြည်းကတော့ ဂျီသားကျပ်တိုက် မီးဖုတ် ဆီဆမ်း ဆိုလျှင်ဖြင့် မဆိုးလှပါဘူးနော်. . ." ရယ်လို့ ပြောပြီး သူ၏တပည့်တစ်ယောက်ကို ခေါ်လိုက်ကာ "ဧည့်သည်တွေအတွက် စီစဉ်လိုက်တော့ကွာ" ဟု ပြောလိုက်သည်။

ကျွန်တော်တို့ ဝိုင်းစသည်တွင် သင်းသတ်ထွက်နေကြသော ဝန်ထမ်းနှင့် သစ်ခုတ်လုပ်သားများ ပြန်လာကြသည်၊ လူထွား ကရင်ကြီးနှစ်ယောက်သည် ကျွန်တော်တို့၏ ဝံကောင်သေကြီးကို ထမ်းလာပြီး "ဆင်ပိုင်ကြီးသမီးက ဝန်ထောက်နဲ့ ဧည့်သည်တွေအတွက်ဆိုပြီး ဒီယူလာခိုင်းလို့" ရယ်ပြောလာသဖြင့် မျိုးဝင်းက "အေး. . အေး. . တာပု. . မင်းပဲဖျက်ယိုက်တော့တွာ၊ အရေခွံကို သပ်သပ်ရပ်ရပ် ခွာနော်၊ ပြီး တော့ ဆား များများပုံထည့်ပြီး ခေါက်ထားလိုက်၊ အသားဖျက်ပြီးလျှင်ဖြင့် စခန်းအားလုံး လိုက်ဝေတွာ၊ ဆင်တဲတွေလည်း ပေးဖို့ မမေ့နဲ့ဦး၊ "ယောတ်မော်" မင်းလိုက်သွား၊ တို့မြည်းဖို့ အသားကို ကြွပ်ကြွပ်ကြော်လိုက်၊ ဟုတ်ပြီလား"

မျိုးဝင်းစကားဆုံးသည်နှင့် "တာပု"ဆိုသော လူနှင့် "ယောတ်မော်" လိုက်သွားလေတော့၏။

"ကိုပိုက်နဲ့ ကိုလင်း. . . ရောက်တုန်းရောက်ခိုက် နေလိုက်ကြဦးပေါ့. . . ဝန်မင်းနဲ့လည်း တွေ့သွားပါဦး၊ ပြီးတော့ အလုပ် နားရက်မှာ အမဲလိုက်ကြတာပေါ့ဗျာ. . ."

သို့ မျိုးဝင်းကပြောပြီး အရက်တစ်ခွက်ကို ရေမရောလေဘဲ "ဂွပ်"ခနဲ သောက်ချလိုက်ပြီး ဂျီသားကို ယူစားနေလိုက်၏။

"နို့နေပါဦး. . . ဆင်ခေါင်းကြီး ဆိုတာ ဘယ်သူတုန်း"

ကျွန်တော်က မေးလိုက်သည်တွင် မျိုးဝင်းသည် ကျွန်တော့်ကို စေ့စေ့ကြည့်ကာ ပြုံးလျက်-

"ဟဲ. . . ဟဲ. . . စောလော်တီ ဆင်အဖွဲ့က ဆင်ခေါင်းကြီး ဖထီ စောကက်နက်ကို ပြောတာထင်တယ်၊ ဘာတစ်ခုရှိလို့လဲ ကိုပိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ဘယ်လိုမှ မထင်ပါနဲ့ဗျာ" ရယ်လို့ စကားပလ္လင်ခံပြီး နတ်ကြီးနှင့် ပတ်သက်သမျှ အားလုံးကို ပြောပြလိုက်လေသည်။

နတ်ကြီးနဲ့ ပတ်သက်၍ သို့အကြောင်းစုံ သိသွားသည်နှင့် မျိုးဝင်'သည် မျက်နှာမသာမယာ ဖြစ်သွားကာ. . .

"နတ်ကြီး၊ နတ်လေး. . . အမွှာညီအစ်ကို့,ကို သိပါတယ်။ စောလော်တီနဲ့ ပတ်သက်ပြီး ဒီစခန်းမှာ ဝင်ထွက်သွားလာနေကြတာပဲ။ လူထူးလူဆန်းညီအစ်ကိုပဲဗျ. . . နတ်ကြီးက လူစဉ်မမီ လူပုလေး ဖြစ်ပေမင့် စိတ်ဓာတ်က ပြတ်သားတယ်။ သာမန်လူတွေထက် သာတဲ့ စွမ်းရည် တစ်ခုခု ရှိနေပုံပဲ အင်မတန်လည်း လျှို့ဝှက်နေတတ်သူဗျ. . . သူတို့ညီအစ်ကိုက တောတောင်တွေထဲမှာ လှည့်ပတ်နေသူတွေလေ၊ ဝါးခုတ်၊ သစ်ခုတ်သမားတွေနဲ့လည်း ရင်းနှီးတယ်။ ဆင်လုပ်သားတွေနဲ့ လည်း ရင်းနှီးတယ်၊ ကုန်ကုန်ပြောရရင်ဗျာ သစ်တောဝန်ထမ်း သစ်ထုတ်ဝန်ထမ်း တွေနဲ့ပါ ရင်းရင်းနှီးနှီး ရှိသဗျ. . . နာမည်တလည်း နတ်ကြီး၊ နတ်လေး ဆိုတော့ တစ်ချို့က. . . ဒီတောကိုစောင့်တဲ့ အပိုင်စားရတဲ့ ပုဂ္ဂိုလ်တွေ လို့တောင် ရယ်စရာပြောကြသေးတယ်လေ"

"အင်း. . . ပြောလည်း ပြောချင်စရာပေပဲ. . . လူထူးလူဆန်းတွေကိုးဗျ. . . နို့ သူပြောသလို ဆင်ခေါင်းကြီးသမီးနဲ့ သူနဲ့က ကြိုက်နေကြလို့လား. . ."

သို့နှင့် လင်းမြင့်လှိုင် မေးသည်တွင် မျိုးဝင်းက ကျွန်တော်တို့ ဝိုင်းသို့ ဝံသားကြွပ်ကြော် ပန်းကန် လာချသော "ဟောက်မော်"ကို လက်ညှိုးထိုးပြပြီး-

"သည်ကောင် အသိဆုံးဖြစ်လိမ့်မယ်။ အချိန်အားပြီဆိုရင် ဒီ "ချင်းလေး" ဆင်ခေါင်းကြီးတဲ့ကို ရမယ်ရှာပြီး သွားလေရဲ့"

"ဟာ. . မဟုတ်တာ ဆရာကလည်း. . . ဖျင်းပျင်းရှိတာနဲ့ ဖထီကက်နတ်နဲ့ အဖော်သွားလုပ် အရက်သောက်တာပါ"





ချင်းလေးဟောက်မော်က ရှက်စနိုးဟန်ဖြင့် သို့ ဆင်ခြေပေးသည်ကို ကျွန်တော်က-

"နို့ဖြင့် ဒီမှာရှိနေတဲ့ တောအုပ် တောခေါင်းတွေက အရက်မသောက်တတ်ကြလို့လား"

သို့နှင့် မေးလိုက်သည်။ "ဒါက ဒီလိုရှိတယ် ဆရာလေးရဲ့ ဖထီကက်နက်က စမတ်ကျကျ နေတတ် ထိုင်တတ်၊ စားသောက်တတ်သူလေ။ သူ့လက်အောက် လုပ်သားတွေနဲ့ ခပ်မှန်မှန် နေတယ်။ တောအုပ်၊ တောခေါင်းတွေနဲ့လည်း အလုပ်သဘောအရ ရင်းရင်းနှီးနှီး လိုက်လျောညီထွေနေရုံအပြင် ဖက်လှဲတကင်း မရှိလှဘူး။ ကျွန်တော့်ဆရာ ဦးမျိုးဝင်းကိုတော့ဖြင့် ဟက်ဟက်ပက်ပက် ရှိတယ်။ တလေးတစား ရှိတယ်။ သူ့သမီး အချောအလှလေးကြောင့်လား မသိပါဘူး"

"နို့ဖြင့် မင်းကိုကျတော့ ဘာလို့ တရင်းတနှီး ဆက်ဆံနေတာတုန်း"

သို့ မျိုးဝင်းက မေးလိုက်သည်။

"ဆရာနဲ့တူတူနေ တပည့် ဖြစ်လို့နေမှာပေါ့" ဆိုကာ ဖြုံး ဦးဖြီးလုပ်နေလေတော့၏။

"တဲ. . . ဒါတွေထားပါ၊ စောစောက ငါမေးတဲ့ နတ်အမွှာညီအစ်ကိုကြတော့ ဘယ်လို ဆက်ဆံလဲ. . ."

"ဟောက်မော်" သည် မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီး "ကျွန်တော့် အထင်ပြောရရင်. . . ကိုလူပုကြီးက သူ့သမီးနဲ့လည်း အသက်ကြီးတယ်။ အရပ်ကလည်းပု၊ ရုပ်ကလည်း ဆိုးဆိုး၊ ကြွပ်ဆတ်ဆတ်၊ မာကျောကျော၊ ဘုဂလန့်သမား ဆိုတော့ သူ့သမီးက စိတ်ဝင်စားလိမ့်မယ်မထင်ဘူး။ ပြီးတော့ နတ်လေးဆိုတဲ့ အမွှာညီကလည်း အသားကညိုကြုတ်ကြုတ်၊ မေးရိုးကားကား၊ သူ့ခါးလောက်ရှိတဲ့ အစ်ကိုဖြစ်သူနဲ့ ညီဖအခဲဖြစ်နေလေတော့ သူ့သမီး ပညာတတ်မပြောနဲ့ ဘယ်မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



မှ သူ့ကိုအထင်ကြီး အားကိုးအားထားပြုချင်စိတ် ရှိကြမှာ မဟုတ်လို့ နေမှာပေါ့"

"ဟောက်မော်" စကားကြောင့် ကျွန်တော် အတော်ကလေး သဘောကျသွားမိသည်။

"ဟောက်မော်" က ချင်းလူလည်ပေပဲ။ သူ့စကားအရဆိုပါလျှင် သူ့ကိုတော့ မြို့သား၊ လူရည်သန့်၊ အစိုးရဝန်ထမ်းတစ်ယောက် ဖြစ်သည်ကြောင့် သဘောတူကောင်းတူနိုင်သည်ကြောင့် ဝင်ထွက်သွားလာခွင့်ပြုနေခြင်းဖြစ်သည်ဟု သူသတ်မှတ်ထားပုံရ၏။

"ဒါက တစ်ပိုင်းလေ "ဟောက်မော်"ရဲ့ နတ်ကြီးတို့ဘက်က ဘယ်လို သဘောရှိလဲ သိချင်တာ"

မျိုးဝင်းက မေးလိုက်ပြန်၏။

"တောင်မလေးတတော့ သူ့အဖေမိတ်ဆွေလည်းဖြစ်၊ သူလာတိုင်း သားကောင်တစ်ကောင် ပါလာတတ်မြဲဖြစ်တဲ့အပြင် သူမ ခိုင်းသမျှလည်း လုပ်ပေးတတ်လေတော့ ဖော်ဖော်ရွေရွေ ဆက်ဆံမှုတော့ ရှိတာပေါ့. ... ကိုလူပုကတော့ တောင်မလေးနဲ့ စကားတွေပြောနေရလျှင်ဖြင့် ပီတိဖြာနေတာ၊ လူပေါကြီး. . . တီး. . . တီး"

"မင်း သူ့ကို လူပေါကြီးလို့ ပြောတာ လုံးဝမှားတယ်။ ငါတော့ သူ့ကို စိတ်ဝင်စားတယ်။ နက်နဲတဲ့ အတွေးအခေါ်တွေ သူ့မှာရှိတယ်၊ ဖြတ်ထိုးဉာဏ်ကောင်းတယ်"

"ဆရာလေးက သူ့ကို သိလို့လား"

လင်းမြင့်လှိုင်ကို တဖုံ့တဖြဲကြည့်ရင်း" ဟောက်မော်" ကမေးလိုက်ခြင်းဖြစ်သည်၊

"ငါ့သူငယ်ချင်းတွေက မနေ့တစ်နေ့ကမှ ကိုလူပုတို့ ညီအစ်ကိုနဲ့ ဆုံခဲ့သိခဲ့ကြတာ ဖြစ်ပေမင့် လူကဲခတ် မညံ့ကြဘူးကွ။ မင်းသာ တရင်းတနှီး နီးနီးကပ်ကပ် ရက်ရှည်လများဆက်ဆံခဲ့ရတာတောင် သူတို့





ရဲ့ အတွင်းမနေ့ာ အရည်အချင်းကို နည်းနည်းလေးမှ မသိဘူးဆိုတော့ အင်မတန် ညံ့ဖျင်းသွားပြီပဲ. . . တဲ. . တဲ မင်းလည်း အချိန်ကျနေပြီ ဆင်ခေါင်းကြီးမျှော်နေရော့မယ် သွားတော့. . . "

"ဆရာက တပည့်အပေါ် သိတတ်သား. . . ဟဲ. . ဟဲ" ဆိုကာ ကျွန်တော်တို့အနားမှ ထွက်သွားလေတော့၏။

"ဒီလို. . . ကိုပိုက်ရဲ့ လွန်ခဲ့တဲ့(၅)ရက်လောက်က ဆင်ခေါင်းကြီး ကျွန်တော့်ဆီ ရောက်လာတယ်၊ ကိုလူပုက. . . သူ့သမီးကို လာတောင်းရမ်းနေတယ်လို့ ပြောတယ်။ ကျွန်တော်က ခင်ဗျားသဘောတာ ဘယ်လိုရှိလဲ. . . သမီးဖြစ်သူသဘောတကော မေးလိုက်တော့. ဝန်ထောက်လေးသာ စဉ်းစားကြည့်ပါဗျာ၊ ဘယ်လိုဖြစ်နိုင်ပါ့မလဲ၊ သမီးကဆို ပိုဆိုးတော့မှာပေါ့။ သည်တီစွ သမီးလေး မသိသေးဘူး၊"

"ကဲလေ. . . နို့ဖြင့် ငြင်းလိုက်ပေါ့" ပြောတော့ သူတို့သားအဖတို့ ဒုက္ခပေးမှာ စိုးရိမ်လို့တဲ့၊ ဒါကြောင့်. . ဆင်ခေါင်းကြီး အလုပ်တို့ စွန့်ပြီး မြို့မှာတက်နေကြလျှင်ဖြင့် ကိုလူပုရန်က လွတ်နိုင်တာကြောင့် ဆင်ပိုင်ကြီး စောလော်တီကို ပြောပေးဖို့ လာပြောနေသဗျ"

မျိုးဝင်း သို့နှယ်ပြောလာသည်ကြောင့် ကိုလူပုကို ကျွန်တော် မြင်ပြင်းကပ်သွားမိ၏။

"အေးဗျ. . . ကိုလူပုက ဖြစ်အောင် လုပ်မယ့်သူ. . . ခုလည်း ကြည့် ဆင်ပိုင်ကြီးကို အပူတပ်ပြီး သမီးလာတောင်းဦးမယ်၊ တဲ ဒါမှ မရလျှင်ဖြင့် အကြမ်းများဖက်လေဦးမလား မသိဘူးဗျ"

လင်းမြင့်လှိုင်က ကိုလူပုနှင့် ပတ်သက်၍ သုံးသပ်ပြလေသည်၊

"ကိုမျိုးဝင်းရေ. . ကျွန်တော်တော့ ဆင်ခေါင်းကြီးကို တွေ့ချင်သဗျ၊ ပြီးတော့ သူ့သမီးဆိုတာကိုလည်း ကြည့်ချင်တယ်. . . "

"ကောင်းပြီလေ. . . ညဦးဦးနေပိုင်းလောက် အောက်သက် ဆင်တဲသွားကြတာပေါ့. . . စောလော်တီ သမီးလေးလည်း ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့ နေရေးထိုင်ရေးကိစ္စ အဆင်ပြေရဲ့လား မေးရတာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ညဦးပိုင်းတွင် ဆင်ခေါင်းကြီးတဲ ရှိရာသို့ ထွက်ခဲ့ကြ၏။

ဆင်ခေါင်းကြီးတဲသည် မျိုးဝင်းတို့ စခန်းနှင့် တစ်ဖာလုံခန့်ရှိသည်ကြောင့် အမှောင်ထုလွှမ်းနေသဖြင့် လိုရမယ်ရ သေနတ်ယူလာခဲ့ကြသည်။ မျိုးဝင်းကတော့ လေးတောင့်ထိုး လက်နှိပ်ဓာတ်မီးဖြင့် ရှေ့မှ ဦးဆောင်သွားလေသည်။ မြွေပါး၊ ကင်းပါး ရှင်းစေရန် ရေခမ်းနေသော ချောင်းမကြီးမှ လျှောက်ခဲ့ကြသည်။

ဆင်ခေါင်းကြီးတဲရှေ့သို့ ရောက်သည်တွင် "ဟာ. ဆရာတို့လာပြီ" ဆိုကာ "ဟောက်မော်" တစ်ယောက် တဲပေါ်မှ ပြေးဆင်းလာကြိုလေတော့၏။

ဆင်ခေါင်းကြီး၏တဲသည် ခြေတံရှည်ဖြစ်၏။ တဲပေါ်သို့တက်ရန် လှေကား လုပ်ထား၏။ လှေကားထိပ်တွင် လေသာဆောင်ပမာ ကြမ်းခင်း အဆင့်လုပ်ထား၏။ ထိုအဆင့်မှ တဲအတွင်း ဝင်ပေါက် လုပ်ထား၏။ "ဖိုးမှူး" ရေ "ဝန်ထောက်မင်း"လာသပေါ့။ ဖျာယူလာခင်းပါဦး ညည့်သည် လည်း ပါသဟ" ရယ်လို့ပြောပြီး ဆင်ခေါင်းကြီးသည် ပုလင်းခွက်များကို သိမ်းကာ အိမ်ထဲမှ ထွက်လာသောကရင်မကြီးတစ်ယောက်ကို လှမ်းပေးရင်း "လာတတ်ကြလေ" ဟုပြောလေ၏။

"ရန်ကုန်က ညည့်သည်ထင်တယ်. . . " ရယ်လို့ ကရင်မလေးတစ်ယောက်က လသာဆောင်အတန့်လေးတွင် ဖျာခင်းလိုက်ပြီး မျိုးဝင်းကို ပြောလေ၏။

"အေးဟ. . . ငါ့သူငယ်ချင်းတွေ. . . ငါ့ဆီအလည်လာကြတာ ညည်းတို့ ဆင်ပိုင်ကြီး စောလော်တီနဲ့လည်း ရင်းနှီးကြတယ်"

မျိုးဝင်းနှင့် စကားပြောနေသော ကရင်မလေးကို သေချာကြည့်လိုက်သည်။ ဆင်ခေါင်းကြီး၏ သမီးဆိုတာဖြစ်ချိမ့်မည်။





"ဆင်ပိုင်ကြီး စောလော်တီသမီး ထက်တောင် လှသေးဗျာ" ရယ်လို့ ကိုလူပု ပြောစကားကို လုံးဝလက်ခံလိုက်သည်။ ပြီးတော့- "ကိုလူပုရယ်. . . အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ" ရယ်လို့ စိတ်မှ ပြောလိုက်မိ၏။ အကယ်၍များ ကိုလူပုကို တဲ့တိုးပြောလိုက်ပါက စိတ်ဆိုးသွားပြီး ကျွန်တော့်ကို ထသတ်လေမလား၊ နှီမဟုတ်ပါမူ မင်းတုသနဲ့ ပပဝတီ ဓာတ်ကိုပဲ ခင်းပြလေမလား မသိနိုင်ပါချေ။

ကျွန်တော်တို့ သုံးယောက် လေသာဆောင်လေးတွင် ထိုင်လိုက်ကြသည်။

မျိုးဝင်းက ကျွန်တော်တို့နှင့် ဆင်ခေါင်းကြီးကို မိတ်ဆက်ပေးသည်။

"ဝန်ထောက်လေး မိတ်ဆွေတွေ ရောက်လာတယ်ဆိုတာ ဖိုးမူ သူငယ်ချင်း ပြောလို့ သိထားပြီးပါပြီ။ "ဟောက်မော်" လည်းပြောတယ်။ ...တ်ဖြန်ညနေလောက် ဆင်ပိုင်ကြီး လာမယ်ပြောတယ်။ ဝန်မင်းနဲ့ သိုက် ...ာမှာလို့ သိရတယ်"

"ဟုတ်တယ် ဖထီး၊ နက်ဖြန်မနက်တို့ ကျွန်တော့်မိတ်ဆွေတွေ အမဲပစ်ထွက်ကြလိမ့်မယ်။ ဖထီးအားလျှင် လိုက်သွားပေးပါ၊ ကျွန်တော် ... ဝန်မင်းလာမယ်ဆိုတော့ ဘယ်အချိန်ရောက်မယ် မှန်းလို့ မရဘူးလေ"

စကားနက်ဆိုသော ဆင်ခေါင်းကြီးသည် ကျွန်တော်တို့ ...ယောက်ကို လှည့်ကြည့်ပြီး ပြုံးပြလျက် "ဒီနားတစ်ဝိုက်ကတော့ဖြင့် ...င်းသတ်လုပ်ငန်းတွေ လုပ်နေကြလို့ အမဲပစ်ဖို့ မသင့်ဘူး၊ ပြီးတော့ ...သံနေတော့ သားကောင်တွေ့ဖို့ရာ မလွယ်ဘူး။ ဒီတော့ အထက်ပုဂံ ...ချောင်းဘက် သွားကြတာပေါ့. . . "

သို့နှယ်ပြောပြီး မျိုးဝင်းဘက် မျက်နှာမူလိုက်ကာ- "ဝန်ထောက် ... စိတ်ချပါ၊ ကျွန်တော် ဂရုတစိုက် လိုက်ပို့ပါ့မယ်. . . "

"ကောင်းတယ် ဖထီး၊ အဲဒီ ပုဂံချောင်းဘက်မှာ မျောက်ဖြီးရှည်



www.burmeseclassic.com

www.burmeseclassic.com



(မျောက်ညို) လည်းပေါ်တယ်။ ဝန်မင်းတ ဂျီ(ချေ) သိပ်ကြိုက်တာဗျ. . .”

မျိုးဝင်းက သို့နှယ်ပြုံးလျက် ပြောလိုက်စဉ်မှာပင် တဲအတွင်းခန်းမှ “ဖိုးမှူ”သည် တဲရှင် ကရင်မလေးလက်ကို ဆွဲလျက် ထွက်လာပြီး. . .

“ခရီးပန်းပြီး အိပ်ပျော်နေတာ။ သူငယ်ချင်း လာနိုးပြောမှ ဦးတို့ ရောက်နေတယ်ဆိုတာ သိလို့” ဆိုကာ ပဲဆီကို ခွဲနစ်အောင် ဆမ်းထားသည့် ဂျီ(ချေ)သားဖုတ် ပန်းကန်ကို လာချလေသည်ကြောင့်. . . “သူ့ချည်းပဲလားဟ” ဟူ၍ မျိုးဝင်းက နောက်လိုက်သည်။

“ကျွန်တော့်မှာတော့ “အာမိ” ပဲရှိတယ်။ ဝန်ထောက်လေး” ဟု ဆင်ခေါင်းကြီးက ပြောလိုက်သည်တွင် မျိုးဝင်းက “အာ. . ရပါတယ် ဖထီးသောက်ဖို့ ထားလိုက်ပါ အင်း - ဂျီသားဖုတ်ဆီဆမ်းနဲ့ မြည်းလိုက်လျှ ဖြင့် ဝိမ်ပဲဗျ။ ဒီလိုနေရာလေးထဲမှာ ဝိုင်းလိုက်ရလျှင် ကောင်းမှာပဲ”

သို့နှယ် မျိုးဝင်းပြောလာသည်မှာ မှန်ပေသည်။ ချောင်းမြ နှင့် မလှမ်းမကမ်း ကုန်းမြင့်ပြောင်ပြောင်လေးပေါ်တွင် ခြေတံရှည် အိမ်လေး ဆောက်ထားသည်ကြောင့် လေတဖြူးဖြူး ရရှိနေခြင်းကြော ဖြစ်၏။

ယခုလို လသာညတွင် အရက်ထိုင်သောက် စကားစမြည် ပြော နေရပါလျှင် လွန်စွာမှ အဆင်ပြေပေလိမ့်မည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင် အကြောင်းကို သိနေသည့် မျိုးဝင်းက ပြုံးစိစိဖြင့် ကြည့်ရင်း. . .

“ကိုပိုက်တို့နဲ့ ဖထီး ရင်းရင်းနှီးနှီး ရှိသွားအောင် သည်မှာ ဝိုင်းလိုက် ကြတာပေါ့” ဆိုကာ နံဘေးတွင် ရပ်နေသည့် ချင်းဓ “ဟောက်မော်” ဘက်လှည့်ပြီး “ငါ့စခန်းတဲမှာ “ရမ်” နှစ်လုံးသွားယူကွာ. . . ပြီးတော့ ဝံသားကြွပ်ကြော်လေးပါ ယူခဲ့ချေ” ရယ်လို့ ပြောလိုက်သည် ကြောင့် လင်းမြင့်လှိုင်တ. . . “ချာတိတ် မင်းဆရာမှာ “ရမ်” ယူမနေနဲ့တော့ ငါ့ကျောပိုးအိတ်အနီထဲမှာ ဝီစကီတစ်လုံး ရှိ



တယ်။ အဲဒါ ယူခဲ့ကွာ”

လင်းမြင့်လှိုင် ပြောလိုက်သည်နှင့် “ဟောက်မော်” သည် သူ့ဆရာထံမှ ဓာတ်မီးကို တောင်းယူကာ တဖျာကသီ သုတ်ခြေတင်သွားတော့သည်။

ဟောက်မော် သွားနေစဉ် “ဖိုးမှူ”သည် ကျွန်တော်တို့နှစ်ယောက်ကို သူ့ သူငယ်ချင်းမလေးနှင့် မိတ်ဆက်ပေးလေ၏။

“ဦး သူက ဆင်ခေါင်းကြီး သမီးလေ။ “ဂျိုင်းစတော”တဲ့၊ ဥက္ကအထက်တန်းကျောင်းမှာ အတူတူ နေခဲ့ကြတာ။ ကျွန်မ ရန်ကုန် တက္ကသိုလ် သွားတက်နေတော့ သူက မိသားစုလိုက် မော်လမြိုင် ပြောင်းသွားကြတယ်လေ။ ကျောင်းပြီးလို့ ရွာပြန်လာတော့ တိုက်ကြီးမှာ ပြန်ဆုံကြတယ်။ စကားစပ်မိရင်း သူ့အပါးက ဆင်ဦးစီးပဲ ဆိုတာသိရတော့. . . ကျွန်မအပါးကို ပြောပြီး အရင်လုပ်နေတဲ့ ဆင်ဝိုင်းကနေ ပြောင်းလာခိုင်းလိုက်တာ။ ကျွန်မနဲ့ ဂျိုင်းစတောက အင်မတန်ချစ်ကြတာ။ ဟင်း. . ဆင်း ဖထီကလည်း လုပ်ငန်းကျွမ်းကျင်တော့ ဆင်ဦးစီးတာဝန်ကနေ ဆင်ခေါင်းကြီး တာဝန်ပေးလိုက်တာပေါ့. . .”

“အင်း. . . သူငယ်ချင်းကောင်း ပီသလိုက်တာ။ သည်တော့ အဆင်ပြေသွားကြတာပေါ့”

ကျွန်တော်က သို့ပြောလိုက်သည်တွင်. . . ဆင်ခေါင်းကြီးကကက်နက်က. . . “ကျွန်တော့်မှာလည်း ဒီသမီးလေး တစ်ယောက်တည်းဆိုတော့ ချစ်လိုက်ရတာဗျာ. . ။ မအေမဲ့ သမီးလေးဆိုတော့ ဆိုးတာပေါ့. . . သူ့အလိုကို လိုက်နေရတာ”

သို့ပြောလာဖြင့်. . သူ၏သမီးဖြစ်သူက မျက်စောင်းလေးထိုးကာ “အပါးကလည်း အဲလို မပြောပါနဲ့ ဖိုးမှူကတော့ အပါးကို မချစ်တာ နေတာပဲ. . . မော်လမြိုင်မှာ အပါးလုပ်နေတာ အရမ်းပင်ပန်းတာကို ကြည့်ရက်ဘူး။ ပြီးတော့. . . လုပ်နေတာ အိုသေတော့မယ်၊ ဆင်ဦးစီး



www.burmeseclassic.com

www.burmeseclassic.com



ဘဝကကို မတက်ဘူး။ ဒါကြောင့်ဖိုးမူကို အတူအညီ တောင်းရတာပေ
အဲဒါ. . . အပါးကြောင့် သိလား"

"ဟား. . ဟား. . ဟား. . ဟား. . တကယ် အပြောကောင်
တဲ့သမီးပဲဟေ့. . သူငယ်ချင်းနဲ့ အတူတူနေချင်တာကော မပါတော့ဘူ
လား. . ကဲ. . အပါးကို မှန်မှန်ပြော"

"အဲဒါလည်း ပါတာပေါ့. . . အားလုံးအဆင်မပြေလို့လာ
ဒီထက်ကောင်းတာ ဘာရှိသေးလဲ"

သူတို့သားအဖကို ကြည့်၍ ပီတိဖြစ်ရတော့သည်၊ ကျွန်တော်
တွင်လည်း သမီးလေးတစ်ယောက် ရှိသဖြင့် ကိုယ်ချင်းစာမိပေသည်။

"စောတက်နတ်" သည် သမီးဖြစ်သူနှင့် ရယ်ရယ်မောမော
ကြည်ကြည်နူးနူး ပြောနေပေမင့် သူ့သမီးလေးနှင့် ပတ်သက်၍ သူ
ရင်တွင်းမှ အပူကိုဝှက်ထားနိုင်ခြင်း အတွက် ချီးကျူးမိပေသည်၊

ချိုးဝင်းမျက်နှာကို လှမ်းကြည့်လိုက်သည်တွင် အားလုံးလို ရယ်
မော ပြုံးရွှင်နေမည့်အစား စိတ်မကောင်းဟန် ပေါ်လွင်နေသည်ကြော
ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူတို့သားအဖကို ကြည့်ကာ ရော
ယောင်၍ ကြည်နူးပီတိဖြစ်နေရာမှ ရုတ်ခြည်း စိတ်မကောင်း ဖြစ်
တော့သည်။ ကိုလူပု၏ မျက်နှာကိုလည်း ထင်းထင်းကြီး မြင်လိုက်
မိပေတော့သည်၊ တကယ်တော့ ကိုလူပုသည် "စောကက်နတ်" တို့ သာ
အဖကို ဒုက္ခပေးလာသူ ဖြစ်ချိမ့်မည်။

အဖေတစ်ယောက် နေရာက ကျွန်တော် ကိုယ်ချင်းစာမိသည်
တွင် ကိုလူပုကို ရွံ့မုန်းသွားမိတော့၏။

ဖခင်ကြီးဖြစ်သူနှင့် ရယ်မောပျော်ရွှင် ပြောနေသော. . "ဂျိုး
စတော" တစ်ယောက် သူမနှင့်ပတ်သက်၍ ဖခင်ဖြစ်သူ၏ ရင်တွင်းအပူ
ရှိနေသည်ကို မသိရှာပါလေ။

သို့အချိန်မှာပင် ဟောက်မော် ပြန်ရောက်လာ၏၊ ကျွန်တော်





တို့ သောက်စားနေသည်တွင် တောင်မလေးနှစ်ယောက်သည် အိပ်ရာ
ဝင်သွားခဲ့ကြပြီးဖြစ်သည်။

သုံးယောက် ဝီစကီတစ်လုံး ကုန်သည်တွင် ကျွန်တော်တို့သည်
ဆင်ခေါင်းကြီးကို နှုတ်ဆက်ကာ စခန်းတဲသို့ ပြန်ခဲ့ကြသည်၊

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ စောစောတွင် ဆင်ခေါင်းကြီးကက်နက် တစ်ယောက် ရောက်လာကာ ကျွန်တော်တို့ကို အမဲပစ်သွားရန် လာရောက်ခေါ်လေတော့သည်။

"ကိုပိုက်ရေ. . ညအိပ်ညနေတော့ မနေနဲ့ဗျနော်။ ဆရာတို့ လာမယ်ဆိုတော့ စောစောပြန်လာနိုင်လျှင်ဖြင့် ကောင်းမယ်"

သို့နှယ် မျိုးဝင်းကပြောသဖြင့်

"စိတ်ချ ကိုမျိုးဝင်း"

သို့နှယ် ပြောပြီး စခန်းမှ ထွက်ခဲ့ကြတော့၏။

စောကက်နက်သည် စကားနည်းသူဖြစ်၏။ တောကျွမ်းပုံရ၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သာလျှင် လာလမ်းတစ်လျှောက် စကားပြော ခဲ့ကြခြင်းဖြစ်၏။

မျိုးဝင်းတို့ သင်းသတ် လုပ်ငန်းဝင်နေသော ကြိုးဝိုင်းတော





အကွက်လွန်သည်တွင်. . .

"ဆရာလေးတို့ ခုချိန်တစလို့. . . အမဲပစ်လို့ ရပြီနော်. . သည် ကြိုးဝိုင်းအကွက်က. . သင်းသတ်တွက်ထဲ မပါဘူး၊ ဒါကြောင့် လွတ်လွတ်လပ်လပ် ပစ်ခတ်လို့ရတယ်"

သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုအချိန်မှစ၍ ခြေသံလုံစွာ တောနင်းခဲ့ကြတော့၏။

သို့ တောတိုးလျှောက်ရင်း သားကောင်ခြေရာ လတ်လတ်ဆတ်ဆတ်များကို ရှာဖွေကြသည်၊ အင်းပျက်တု ထင်ရသော မြေပြန့်လေး တစ်ခုနားအရောက်တွင် လွန်စွာမှု ကြီးမားသော စပါးကြီးမြွေတစ်ကောင်ကို ဆန့်ဆန့်ကြီး ငြိမ်သက်နေသည်ကို တွေ့ရ၏၊ ဝမ်းဗိုက်ဖောင်းတားနေခြင်းအားဖြင့် သားကောင် တစ်ကောင်မြိုထားသည်ကို သိလိုက်ရ၏။

"ရေကန်အသင့် ကြာအသင့်ပဲဗျို့" ဆိုကာ လင်းမြင့်လှိုင်က သူ့လက်တွင်းမှ သေနတ်ဖြင့် မြွေကြီး၏ ဦးခေါင်းသို့ ထိုးချိန်လိုက်သည်၊

"ဒီလို မုဆိုးမျိုးကို လုံးဝအထင်မကြီးဘူးဗျ"

သို့ စကားသံကြောင့် ဒေါသထောင်းခနဲ ထွက်သွားရသည်၊ သို့ကြောင့် ထိုသို့စကားပြောလာသူကို လှည့်ကြည့်လိုက်၏၊

"ဟင်"

ကိုလူပုတို့ ညီအစ်ကိုဖြစ်နေသည်၊ ဘယ်အချိန်က ဘယ်လို ဒီနေရာ ရောက်လာကြသည်မသိ၊

"ဝန်မင်း ရောက်လာမယ်ဆိုလို့ အသားရှာထွက်ကြတာ ထင်ပါ့. . ဟဲ. . ဟဲ. . ဟဲ ဒီလိုအသားမျိုးက မစားသင့်ပါဘူးဗျာ. . . သူ့မယ် မလှုပ်နိုင် မရှားနိုင် ဒီနေရာကနေ အစာညက်မှ သူခရီးဆက်နိုင်မှာ။ ဟိုဘက် မရမ်းမြောင်မှာ ဇက်ခြေရာတွေ ဗလပွ တွေ့ခဲ့သဗျ. . .

သို့ပြောပြီး ကျွန်တော်တို့ထံ လျှောက်လာလေသည်၊

ရိုင်ဖယ်သေနတ်ကိုထမ်းကာ လျှောက်လာနေသော သူ့နောက်



www.burmeseclassic.com

www.burmeseclassic.com



မှ နတ်လေးသည် ဂျို(ချေ)သေတစ်ကောင်ကို ထမ်းလာ၏။

"မသိလျှင်တော့ မိတ်ဆွေက ပစ်လာတယ် ညီဖြစ်သူက ထမ်းလာတယ်။ တကယ်တော့ မိတ်ဆွေက လူလည်ပဲဗျ ဒါနတ်လေး ပစ်လာတာ မဟုတ်လား"

သူ့ကို လုံးဝ အထင်မကြီးဘူး လို့ ပြောလာသည့် ကိုလူပုအား လင်းမြင့်လှိုင်က မကျေမနပ် ဖြစ်နေရသည်ကြောင့် သို့နှယ်သူ့အား ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ဤတွင် ကိုလူပုက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြန်ပြီး-

"ဟား . . ဟား . . ဟား . . ဟား . . ဟာ ကျုပ်က မိတ်ဆွေကို အထင်မကြီးဘူးလို့ ပြောလိုက်မိတဲ့ စကားကြောင့် စိတ်ခုသွားပြီး ကျုပ်တို့ ပြန်ခွပ်တာပေါ့လေ . . ကျုပ်က ရင်းနှီးခဲ့ဖူးလို့ စတာပါဗျာ . . တဲ . . လာပါ . . တောဝက်တွေ သွားရှာပစ်ကြရအောင် . . ." ဟုပြောပြီး တောဝက်ခြေရာများ တွေ့ထားသည့် နေရာသို့ လှည့်ထွက်သွားသဖြင့် . .

"ဝန်မင်းက တောဝက်ကို သိပ်မနှစ်မြို့ဘူးဗျ . . . မျောက်ချေးခါးတို့ နှစ်သက်တယ်။ ဒါကြောင့် မျောက်သွားရှာ ပစ်မယ်ဗျာ"

ကျွန်တော်က သို့ပြောလိုက်သည်ကြောင့် . . . "ဝန်မင်းအတွက် ဆိုလျှင်ဖြင့် မလိုအပ်သေးပါဘူး . . ဘာလို့လဲဆိုတော့ သူ ကနေ့မနက်ပဲ မြို့ကိုပြန်သွားပြီ . . . ကဲ ဒီအကြောင်းလည်း ကျုပ်တို့ လာပြောတာ၊ စောလော်တီတော့ ပါလာတယ်။ စခန်းကို သွားနှင့်တယ်၊ သားကောင်တစ်ကောင်တော့ဖြင့် ရှာဖွေ ပစ်ခတ်သွားချင်တယ်၊ ညွှန်သည်က အိမ်ရှင်အတွက် လက်ဆောင် တစ်ခုခုပါသွားလျှင်ဖြင့် အိမ်ရှင်ကျေးတဲ့ ထမင်းဟာဖြင့် စားမြိန်တာပေါ့ဗျာ . . ဟဲ . . ဟဲ . . ဟဲ"

သူ့စကားကြောင့် ကျွန်တော်ပြုံးမိတော့သည်။ စောကက်နက်ကသူ့ကိုမျက်စောင်းထိုး ကြည့်လိုက်ပြီး-

"ငါလို အိမ်ရှင်မျိုးအတွက်တော့ မလိုပါဘူး။ ဘယ်ညွှန်





သည်လာလာ စားမြိန်အောင် . . ကျွေးမွေးတတ်ပါတယ်ကွ" ရယ်ပြောလိုက်ပြီး ကွမ်းတစ်ယာကိုခါးပိုက်ထောင်တွင်းမှ ထုတ်ကာ ဝါးနေလိုက်၏။

"ဟုတ်ပါတယ် . . . ဘယ်ညွှန်သည်မဆို စေတနာထားပြီးသားဆိုတာ ကျွန်တော် အသိဆုံးပေါ့ ဖထီရယ် ဖိုးမူလေးကလည်း ဟင်းချက်ကောင်းသကိုးဗျ။ ဒါကြောင့်လည်း ကျွန်တော် . . . ." ဆိုကာ . . . စကားစကို ဖြတ်လိုက်ပြီး စောကက်နတ်ကို စူးစိုက်ကြည့်လျှက် ပြုံးပြလိုက်၏။

သည်တွင် စောကက်နတ်က ကွမ်းတံတွေးကို "ဖွီး" ခနဲထွေးထုတ်လိုက်သည်။ ပြီးနောက် ကိုလူပုကို စိမ်းစိမ်းကြီး ကြည့်လိုက်ပြီး ဘာမျှ မပြောတော့ဘဲ ကိုလူပုပြောသည့် မရမ်းမြောင်ဘက် လျှောက်သွားတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူတို့နှစ်ဦး၏ ဇာတ်လမ်းအား မျိုးဝင်းပြောပြထားသည်ကို သတိရလိုက်မိသည်။

မရမ်းမြောင်နားရောက်သည်တွင် ရှေ့မှသွားနေသော စောကက်နတ်သည် ရုတ်တရက် ရပ်လိုက်ပြီး နောက်မှ လိုက်လာကြသော ကျွန်တော်တို့ကို လက်တားကာ လာသဖြင့် . . . အားလုံး ဆိတ်ငြိမ်စွာ ရပ် လိုက်ကြပြီး စောကက်နက် လှမ်းကြည့်နေရာသို့ ကြည့်လိုက်ကြ၏။

တောငှက်ပျောရိုင်းပင်၏ အောက်ခြေကို တူးဆွနေသော ထွန်စွာမျှ ကြီးမားလှသည့် တောဝက်တစ်ကောင်၏ နောက်ကျောကို လှမ်းတွေ့လိုက်၏။

"ဝက်တောဝ်ကြီးပါဗျာ . . စားမကောင်းပါဘူး။ လွှတ်ပေးလိုက်ပါ . . ဝက်ပျိုလေးတွေ ရွေးပစ်စမ်းပါ . . ."

ကိုလူပုက သို့နှယ်ပြောလိုက်သဖြင့် စောကက်နက်က "စားကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ငါအသက်တစ်ချောင်းကို ခြွေချင်နေတယ်။ ဒါကြောင့် စိတ်အဆာပြေလေးပေါ့ကွာ" ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်တွင်းသေနတ်ဖြင့် တောဝက်ရှိရာသို့ ထိုးချိန်လိုက်ပြီး "ကွီး" ရယ်လို့ နှုတ်မှလည်း ဝက်ကဲ့သို့ အသံပြုလိုက်သည်တွင် ငှက်ပျောအူ ထိုးစားနေသော ကျောပေးလျက် အနေအထားရှိနေသည့် ဝက်ကောင် ကြီးသည် အသံလာရာသို့ လှမ်းကြည့်လေသည်တွင် "ဒိန်း" ရယ်လို့ ယမ်း အားပေါက်ကွဲသံကြီး ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် ဝက်ကောင် ကြီးသည် မြေပေါ်သို့ ခေါင်းငိုက်ကျကာ လဲပြိုသွားတော့၏။

"ဖျောင်း. . ဖျောင်း. . ဖျောင်း"

ကိုလှပုက လက်ခုပ်တီးလိုက်ပြီး. . .

"နဖူးကနေ တည့်တည့်ဖောက်ဝင်သွားတာပဲ။ ဖထီက သတ်ချ ဖြတ်ချင်တဲ့ စိတ်အဆာကို ဖြေမယ်ဆိုရင် တိရစ္ဆာန်တွေကိုပဲ ပစ်မှ ထားနော်။ လူကိုတော့ စိတ်ကူးထဲတောင် မထည့်ချင်ပါနဲ့ဗျာ. . . တိရစ္ဆာန်တောင်တွေကို သတ်ချင်သလိုသတ်နေတာမျိုးက သစ်တော သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဥပဒေအရ ဒဏ်ကြေးငွေ တပ်ခံရတာ လောက်ပဲ ဘာမှ မပိုနိုင်ဘူး၊ လူဆိုလျှင်ဖြင့်တော့ မလွယ်ဘူးနော်။ တစ် တည်းသော သမီးလေးကို လောကကြီးထဲမှာ မျက်စိသူငယ် နားသူငယ် နဲ့ ထားခဲ့ရလိမ့်မယ်. . . ဟင်း. . ဟင်း. . ဟင်း. . "

ကိုလှပုစကားကြောင့် စောတတ်နက် အကြီးအကျယ် မျ မျက်နှာပျက်သွားသည်ကို သတိထားလိုက်မိသည်။

မဖြစ်ချေပြီ၊ သူတို့နှစ်ယောက် တစ်ဦးကို တစ်ဦးစောင်း ပြောနေကြရာမှ အမျက်ဒေါသထွက်ကာ ခိုက်ရန်ဖြစ်ပွားလာနိုင်သ ကြောင့် ကျွန်တော်က-

"ကဲ. . ဒီကနေ့ ဒီလောက်ဆိုလျှင်ဖြင့် ရိက္ခာလုံလောက် စခန်းပြန်ကြစို့ဗျာ" ဟု ပြောလိုက်သည်၊

အပြန်လမ်းတွင် ကျွန်တော်တို့သည် ဝက်တောင်းကြီးတို ယောက်တစ်လှည့်စီ တုတ်လျှိုထမ်းခဲ့ကြ၏၊ ကံကောင်းသည်မှာ လမ်း





ဝါးခုတ်သမားနှစ်ယောက်နှင့် ဆုံသည်တွင်. . .

"ဟာ. . ဆရာနတ်ကြီး. . ကျွန်တော်တို့ ကူညီပါ့မယ်ဗျာ" ဆိုပြီး ကိုလှပု၏မိတ်ဆွေ ဝါးခုတ်သမားလူကြမ်းကြီး နှစ်ဦးကြောင့် ကျွန်တော်တို့ သက်သာခဲ့ကြတော့၏၊ လမ်းတစ်လျှောက်တွေ့ခဲ့ရသည့် သစ်ခုတ်၊ဝါးခုတ်၊ ပျားဖွတ်သမားတို့သည် ဆင်ခေါင်းကြီး စောကက်နက် ထက် ကိုလှပုကို ပို၍ ရင်းနှီးကျွမ်းဝင်သိကြ၏၊ စခန်းသို့ ရောက်သည် တွင် ဝါးခုတ်သမားနှစ်ဦးအား စောကက်နက်တ ဝက်ပေါင်တစ်ချောင်း ဖြတ်ပေးလိုက်သလို ကိုလှပုသည်လည်း ဂျီ(ချေ)ပေါင်တစ်ချောင်း ဖြတ် ပေးလိုက်သည်ကြောင့် အလွန်အမင်း ဝမ်းသာသွားကြ၏၊

"ကဲ. . မိတ်ဆွေ ကျွန်တော်တို့ အောက်ဘက်တဲမှာနေတဲ့ ဆင်ဦးစီးစောပြားကိုနဲ့ သွားနေကြမှာ ဂျီ(ချေ)ကတော့ ဒီက အဖွဲ့တွေ အတွက် ထားခဲ့မယ်. . . အော်. . ဒါနဲ့ ဖထီကတ်နက်အတွက် လက် ဆောင်ပါတယ်" ဆိုကာ လင်းမြင့်လှိုင် ပေးထားသော ဗီစတီပုလင်းကို ပေးလေသည်။

"ဟယ် ဦးလှပုကြီး. . . ကျွန်မအတွက်တော့ ဘာမှ မပါဘူး လား" တဲအခန်းတွင်းမှ ထွက်လာသော "ဂျိုင်းစတော"သည် ကိုလှပု အား သို့နှယ်ပြောလိုက်သည်တွင် "ဟဲ. . . ပါသပေါ့. . . ညည်းအတွက် မပါလို့ ဘယ်ဖြစ်မလဲ. . ဟဲ. . ဟဲ" ဆိုကာ သူ့အကျီအိတ်ကပ်ကြီး အတွင်းမှ လက်တစ်မိုက်ခန့်ရှိ ပန်းပုရုပ်လေးကို ထုတ်ယူကာပေးလေ သည်၊ ဂျိုင်းစတောသည် ထိုပန်းပုရုပ်လေးကို သေချာကိုင်တွယ်ကြည့် ပြီး "ဟင် ဦးလှပု ဒီပန်းပုရုပ်လေးကို ဘယ်က ဝယ်လာတာတုန်း လက် ရာ မြောက်လိုက်တာ" သို့ပြောလိုက်လေစဉ် ဖိုးမူလေးက သူမလက်တွင်း မှ လှမ်းယူကြည့်ရင်း "ဟင်. . . နင့်ပုံနဲ့ တထေရာတည်းပဲဟ" ရယ်ဆို ပန်းပုရုပ်လေးကိုကြည့်ပြီး တအံ့တသြ ပြောလေသည်၊

သို့ကြောင့် ကျွန်တော်သည် ဖိုးမူလေးထံမှ ထိုရုပ်လုလေးကို



www.burmeseclassic.com

www.burmeseclassic.com



တောင်းယူကြည့်လိုက်၏။

အမှန်ပင် သူမပြောသလို "ဂျိုင်းစတော"၏ ပုံတူရုပ်လွှာဟု ပြောရမလောက်ပင် တူလွန်းလှ၏။

ကိုလူပုသည် ပြုံးဖြီးဖြီးလုပ်နေပြီးလေမှ-

"ငါ. . ."သာခုလေဘ်" ဘက်ရောက်ခဲ့တုန်းက ဘယ်လို အကြောင်းကြောင့် ကျိုးကျကျန်နေတဲ့ ဆင်စွယ် တစ်ချောင်းကို ကောက်ရခဲ့တယ်၊ အဲဒါနဲ့ ငါလည်း တတ်သလောက် မှတ်သလောက် လုပ်ထားတာ။ ညည်းကို လက်ဆောင်ပေးဖို့လေ. . ." ဟုပြောလေသည်၊

ကျွန်ုပ်တော် ကိုလူပုကို သဘောကျသွားတာတော့ အမှန်ဖြစ်သည်။ သို့ငြား. . . စောကက်နက်သမီးလေးနှင့် ပတ်သက်၍တော့ အမြင်သိပ် မကြည်လင်သေးပါချေ၊

လင်းမြင့်လှိုင်သည် ကျွန်ုပ်တော့်ထံမှ ယူသွားသော ပန်းပုရုပ်လေးကို "ဂျိုင်းစတော" လက်တွင်း ပြန်ထည့်ပေးလိုက်ပြီး-

"ညည်းနဲ့ အတော်တူတာပဲဟ. . ." ဆိုကာ ပြောလိုက်ပြန်သဖြင့်. . ကိုလူပုသည်. . . "တူအောင် တမင်လုပ်ထားလေမှ ဘယ်မတူ ရှိပါ့မလဲ မိတ်ဆွေရယ်" လို့ပြောကာ လှည့်ထွက်သွားတော့၏၊

နတ်လေးသည် သူ့နောက်မှ တပ်ပါသွားတော့၏၊ သူတို့ အတော်လှမ်းလှမ်း ရောက်သွားသည်တွင် ကျွန်ုပ်တော်က ဂျိုင်းစတောကို "ဟဲ့. . . ညည်းက သူ့ကို ဦးလူပုလို့ခေါ်တာ စိတ်မဆိုးဘူးလား" ဟု မေးလိုက်သည်၊

"မဆိုးဘူး. . . နို့ပေမင့် ဘယ်သူမှ သူ့ကို ဦးလူပုလို့ခေါ်တာ မကြိုက်ဘူး၊ အပါးခေါ်တာတောင် မကြိုက်ဘူး၊ တစ်ခါတုန်းက ဆင်ဦးစီး စောအားပိုတ ကိုလူပုရယ်လို့ ကျွန်မသံယောင် လိုက်ပြီးခေါ်တော့ ဦးလူပုက သူ့ကိုခပ်စိမ်းစိမ်းကြည့်ပြီး အံကြိတ်လိုက်တာ ကြောက်စရာကောင်းလိုက်တာဦးရယ် ဒါတောင် စောအားပိုက လူကောင် ထွားထွားကြီးနော်၊





သူက ပုပုလေး၊ အဲလို အံကြိတ်ကြည့်နေရင်းကနေ သူ့ညီနတ်လေးက စောအားပိုကို ပြေးထိုးလိုက်တော့တယ်၊ လက်ပြင်းသလား မမေးနဲ့၊ စောအားပိုတစ်ယောက် ဖင်ထိုင်လဲကျသွားတော့တာပဲ၊ အဲဒီနောက်ပိုင်း သူ့ကို ဘယ်သူမှ ကိုလူပုလို့ မခေါ်ကြတော့ဘူး၊ တစ်ပတ်လောက် ကြာတော့ စောအားပိုလည်း ဆင်စခန်းကနေ ပျောက်သွားတာ ဆန်းတယ်၊ ဦးလူပုနဲ့များ ပတ်သက်လေမလား မေးကြည့်တော့. . . အပါးက "သူငါ့ကို ပြောသွားတယ်။ ဒီမှာ မလုပ်ချင်တော့ဘူး။ သာယာဝတီက ဆင်ဝိုင်း ပြောင်းတော့မယ် ဆိုပြီး ထွက်သွားတာလို့" ပြောတော့မှ ဦးနတ်ကြီး အပေါ် မသင်္ကာစိတ် ပျောက်သွားတော့တယ်"

သို့နှယ် "ဂျိုင်းစတော" ကပြောနေစဉ် ဆင်ခေါင်းကြီး စောကက်နက် တစ်ယောက် အလွန်အမင်း မျက်စိမျက်နှာပျက်နေသည်ကို မြင်လိုက်ရ၏။

သို့ပြောနေသည့်စကားများ ကိုလူပုတစ်ယောက် ကြားသွားပါလေလျှင် ပြဿနာဖြစ်မည် စိုးရိမ်ကြောင့်ကြ၍ ဖြစ်ချိမ့်မည်၊

"ကဲ. . . ဖထီ ကျွန်တော်တို့လည်း တဲပြန်တော့မယ် ဆိုအာ ထွက်ခဲ့ကြသည်တွင် ဦး. . . ညနေကျ လာခဲ့ဦးနော်. . ဝန်ထောက်လေး ခေါ်ခဲ့ပါ။ ကျွန်မ ဂျီ(ချေ)သားကလီစာကို ကောင်းကောင်းချက်ထားမယ်"

ဟု ဖိုးမူက လှမ်းပြောသလို "ကျုပ်မယ်. . ဟိုကောင်ပေးတဲ့ စကီ ရှိသဗျ" ဟု စောကက်နက်ကပါ အမှာဆင့်လေသည်ကြောင့် "လာခဲ့ပါ့မယ်" လို့ပြောခဲ့ရတော့သည်။

စခန်းတဲသို့ ရောက်သည်တွင် ဆင်ပိုင်ကြီး စောလော်တီနှင့် မိုးဝင်းတို့ စကားပြောနေကြသည်ကို တွေ့ရသည်နှင့် "ဝန်ထောက်လေး ပြောတယ်။ ကိုပိုက်တို့ ရောက်နေတယ်ဆိုလို့ မပြန်သေးဘဲ စောင့်နေတာ။ ဝန်မင်းကတော့ ပန်းပုပ်ကြီးစခန်းတနေ မြို့ပြန်သွားလေရဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကိုလူပု ပြောလို့ သိပြီးပြီ"

သို့နှယ် ပြောလိုက်သည်တွင် စောလော်တီက အံ့ဩတကြီး ဖြစ်သွားကာ-

"ဗျာ. . နတ်ကြီး နတ်လေးတို့ကို သိသလား" ဟုမေးလာသဖြင့် သူတို့နှင့် ဆုံခဲ့ပုံကို ပြန်ပြောလိုက်သည်။

"သတိထားတော့ ပေါင်းဗျ. . သူတို့ညီအစ်ကိုက လူတစ်မျိုး ရယ်. . လူသိ၊ လူခင်တော့ များသဗျ. . သူတို့နဲ့စကား ပြောရတာတော့ မကောင်းဘူး၊ ဘုဂလန့်ရယ်"

ဆင်ပိုင်ကြီး စောလော်တီ၏ သတိပေးစကားကြောင့် ပြုံးလိုက်မိသည်။ ပြီးလေမှ-

"ကဲ ဖထီ မျိုးဝင်းနဲ့ စကားဆက်ပြောနှင့်ဦး ကျွန်တော်တို့ ရေသွားချိုးလိုက်ဦးမယ်"

သို့ပြောပြီး အဝတ်အစားတို့ ချွတ်ကာ ချောင်းဘက်ဆင်းခဲ့သည်တွင်. . . မြန်မြန် ချိုးကြဗျို့. . ဖထီက ညနေစာ သွားစီမံထားသတဲ့"

မျိုးဝင်းက လှမ်းပြောသည်တွင် "ဟုတ်လား. . ကောင်းတာပေါ့ဗျာ. . ဖိုးမူကလည်း သူ့လက်ရာလေးကို ကြွားချင်လို့ မှာလိုက်သေးဗျာ"

ဆိုကာ ရေချိုးဆင်းခဲ့ကြတော့၏။

ရေမိုးချိုးပြီးကြသည်နှင့် ဆင်ပိုင်ကြီးနှင့် ခဏတစ်ဖြုတ် စကားထိုင်ပြောကြပြီးနောက် ဆင်တဲများဆီသို့ သွားကြသည်။

ဆင်ခေါင်းကြီး စောကက်နတ်တဲတွင် ဝိုင်းထိုင်လိုက်ကြ၏။ မည်သို့မျှ မကြာလိုက်သည့် အချိန်နောက်တွင် ကိုလူပုရောက်လာသည်။ သူ့ညီနတ်လေးတော့ မပါ။ ဆင်ဦးစီးစောပြောကိုနှင့် နတ်လေးအဖော် လုပ်ကျန်ခဲ့သည်ဟု ပြောသည်။ ယခုဝိုင်းတွင်မတော့ ဆင်ခေါင်းကြီးနှင့် ကိုလူပု ထော့ငေါ့စကားများ မပြောကြလေတော့။ ဝန်ထောက်လေး မျိုးဝင်း





ရှိနေ၍ ဖြစ်ချိမ့်မည်။

တစ်ခုတော့ ရှိသည်။ ကိုလူပုသည် အရက်သောက်စားလျှင် စကားနည်းသူဖြစ်၏။ သို့ကြောင့် ပေလားတော့ မသိချေ။ မည်သို့ပင် ဖြစ်စေ၊ အရက်ဝိုင်းလေးသည် အေးအေးချမ်းချမ်းနှင့် ပြီးဆုံးသွားတော့၏။

ဖိုးမူနှင့် ဂျိုင်းစတောတို့ တည်ခင်းချကျွေးသော ထမင်းဟင်းကို စားသောက်ကြပြီးနောက် ကျွန်တော်တို့သည် ဆင်ပိုင်ကြီးနှင့် ဆင်ခေါင်းကြီးကို နှုတ်ဆက်ကာ မျိုးဝင်းစခန်းတဲသို့ ပြန်ခဲ့ကြရာတွင် ကိုလူပုက ကျွန်တော်တို့ကို လိုက်ပို့လေ၏။

စခန်းတဲနား ရောက်လုတွင် "မိတ်ဆွေ. . . ခဏလေးနေပါဦး" ဆိုကာ ကျွန်တော့်လက်ကို လှမ်းဆွဲသဖြင့်. . . ကျွန်တော် သူ့ဘက် မျက်နှာလှည့်လိုက်၏။

"တစ်ဘက်ချောင်းတမ်းစပ်ကို ကြည့်လိုက်ဗျို့" ဆိုလေသည့်အတိုင်း ကျွန်တော်တို့သည် လှမ်းကြည့်လိုက်ကြ၏။ လေတိုး၍ သစ်ဝင်ကိုင်း၊ သစ်ရွက်တို့ လှုပ်နေသည်မှအပ ထူးခြားမှု ဘာမှ မရှိသဖြင့်. . .

"ဘာတွေ့လို့တုန်း" ဟုမေးလိုက်သည်။

"ချောင်းတမ်းစပ် ကမ်းပါးယံပေါ်က လျှော်ပင်ကိုတော့ တွေ့မှာပေါ့"

"အင်း. . ."

"ဟုတ်ပြီ အဲဒီအပင်ရဲ့ ဂွဆုံနေရာကို မိတ်ဆွေသေနတ်နဲ့ လှမ်းချိန်လိုက်" ဆိုလာပြန်သည်ကြောင့် လက်တွင်းရှိ သေနတ်ပြောင်းဝကို လျှော်ပင်ဂွဆုံသို့ ထိုးချိန်လိုက်၏။

သူသည် လျှော်ပင်နောက်ဘက် အမှောင်ရိပ်သို့ လှမ်းကြည့်ရင်း သူ့လက်ဖြင့် ကျွန်တော့်သေနတ်ပြောင်းဝကို ရွှေ့လျားချိန်မှတ်တည့်စေနေသည်ကို မျိုးဝင်းနှင့် လင်းမြင့်လှိုင်က အံ့ဩစွာ ကြည့်နေကြ၏။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် သည်လည်း ဘာရယ်ကြောင့်မသိ။ သူ့ဆန္ဒကို လိုက်လျော နေမိတော့သည်။

"ပစ်တော့" ရယ်လို့ သူ့နှုတ်ဖျားမှ တိုးညှင်းစွာ ပြောလာသော အသံသည် အမိန့်သံဆန်နေ၏၊ အလိုလိုနေရင်း ကျွန်တော့်လက်ညှိုးလေးသည် ကွေးညွတ်သွားတော့၏။

"ဒိန်း"

"ဟုတ်လိုက်လေ" ဆိုကာ ကိုလူပုသည် လင်းမြင့်လှိုင် လက်တွင်းမှ လက်နှိပ်ဓာတ်မီးကို တောင်းယူကာ ချောင်းကမ်းပေါ်ရှိ လျှော်ပင်နောက်ဘက်သို့ ပြေးသွားတော့၏။ အမှောင်ထုတွင်း ဝင်ပြေးသွားခြင်းကြောင့် သူ့ကိုမတွေ့ ဓာတ်မီးရောင်သာလျှင် တွေ့ရ၏။

သိပ်မကြာလိုက်မီ အချိန်ကလေးတွင် ကျွန်တော်တို့အနား သူပြန်ရောက်လာ၏။

သူ့လက်တွင်းမှာတော့ အချိန်ငါးပိဿာခန့်ရှိမည်ဟု ထင်ရသည့် လင်းရှူးတစ်ကောင် ပါလာချေတော့၏။

လင်းမြင့်လှိုင်နှင့် မျိုးဝင်းက အံ့သြစွာဖြင့် ကိုလူပုကို ကြည့်နေကြ၏။

ကျွန်တော်သည်ပင် မိမိကိုယ်မိမိ မယုံနိုင်အောင် ဖြစ်ရ၏။ ပစ်မှတ်သားကောင်ကို ကျွန်တော် လုံးဝမမြင်ပါချေ။

"ကဲ. . . မိတ်ဆွေ ကျုပ်ပြန်တော့မယ်၊ ဒါကတော့ ဝန်ထောက်လေးအတွက် လက်ဆောင်ပေါ့" ဆိုကာ ချောင်းရိုးအတိုင်း ပြန်သွားလေတော့၏။

ကွတတွတဖြင့် လျှောက်သွားနေသော ကိုလူပု၏ ကျောပြင်ကို ကြည့်ရင်း သုံးယောက်သား မှင်တက် ကျန်ရစ်ခဲ့ကြတော့သည်။

နောက်တစ်နေ့သည် တနင်္ဂနွေနေ့ နားရက်ဖြစ်သည်ကြောင့် ...ျာက်ပစ်ရန်အလို့ငှာ ကျွန်တော်တို့သည် တောပစ်ထွက်ခဲ့ကြ၏။

မျိုးဝင်း၊ ဆင်ပိုင်ကြီး၊ ကိုလူပုတို့ ညီအစ်ကို လင်းမြင့်လှိုင်နှင့် ...ွန်တော်တို့ ဖြစ်ကြ၏။ စခန်းမှ နံနက်စာ စားသောက်ကြပြီးသည်နှင့် ...ွက်ခဲ့ကြခြင်းဖြစ်၏။

"ဝက်စွယ်ချောင်းခွလောက်မှာ မျောက်မြီးရှည်တွေ ပေါတယ်၊ ...ဒီဘက် သွားကြတာပေါ့"

မျိုးဝင်းပြောသည့် ဝက်စွယ်ချောင်းသို့ ထွက်ခဲ့ကြသည်။ ဝက်...ယ်ချောင်းသည် ဥက္ကံချောင်းမကြီး အဖျားတွင် ခွဲထွက်သွားသော ချောင်း...စ်သည်၊ စိမ်းစိမ်းစိုစို သစ်ပင်တို့ ပေါက်ရောက်နေကြသည်ဖြစ်၍ ...ာစိုဟု ဆိုရချိမ့်မည်၊ ကျွန်တော်တို့သည် ချောင်းဝွဆုံသို့ ရောက်သည် ...င်. . . ခေတ္တမျှ နားနေလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ နားနေဆဲမှာပင် မျိုးဝင်းက-

"ပင်မဥက္ကံချောင်းနဲ့ ခွဲထွက်လာတဲ့ ဝက်စွယ်ချောင်းက အကျယ် တူတူလောက်ပဲဗျ"

မျိုးဝင်းပြောသလိုပင် ဝက်စွယ်ချောင်းသည် လက်တက်ဖြစ်ပြီး ချောင်းမကြီးလောက် အကျယ် ရှိနေ၏။

ကျွန်တော်တို့သုံးယောက်စီ ခွဲပြီး ဥက္ကံချောင်းမကြီးဘက်နှင့် ဝက်စွယ်ချောင်းဘက်ကို တက်ကြလျှင် ကောင်းမယ်ဗျ. . . "

"အင်း. . . အဲဒါကောင်းတယ်. . . မျိုးဝင်းက ပြောလေ၏။ အားလုံးသဘောတူ ကြသည်ဆိုခြား ကိုလှုပုတို့ညီအစ်ကိုက နှစ်သ ပုံမရချေ။ သို့ပေမင့်-

"သုံးယောက်စီ ခွဲကြစို့" ဆိုတာ လှုခွဲလိုက်၏။ မျိုးဝင်း၊ ကိုလှု နှင့် ကျွန်တော်တို့တစ်တွဲ၊ လင်းမြင့်လှိုင်၊ ဆင်ပိုင်ကြီးစောလော်တီနှင့် နတ်လေးတို့က တစ်တွဲ ဖြစ်ပေသည်။ သို့ လှုစုခွဲပြီးသည်နှင့် ကျွန်တော် တို့အဖွဲ့သည် ဝက်စွယ်ချောင်းအတိုင်း တက်ရန်နှင့် လင်းမြင့်လှိုင်တို့ အဖွဲ့သည် ဥက္ကံချောင်းအတိုင်းတက်ရန် ဆုံးဖြတ်လိုက်ကြ၏။

"ညနေကို ဒီချောင်းဝဆုံမှာပဲ ပြန်ဆုံကြတာပေါ့" ဆိုကာ မျိုးဝင်း က ဆင်ပိုင်ကြီးကို ပြောလိုက်လေသည်။

ကိုနတ်ကြီးသည် သေနတ်ကို နတ်လေးအား ပေးလိုက်သည် ဖြစ်၍ သူ့တွင် သေနတ်မရှိ။ သို့ကြောင့်-

"ကိုနတ်ကြီး ကျွန်တော့်သေနတ် ယူပစ်ချေဗျာ" ရယ်လို့ မျိုးဝင်း ကပြောလိုက်သည်တွင် သူက ခေါင်းကို ခါလိုက်ပြီး "ကျုပ် မျောက်ညို ပေါတဲ့ နေရာကို လမ်းပြခေါ်သွားပါ့မယ်. . . မိတ်ဆွေတို့ ပစ်ကြပေါ့" သို့နှယ်ပြောပြီး ရှေ့မှ ဦးဆောင်သွားလေတော့သည်။ ချောင်းမပြ အတိုင်းဆန်တက်ခဲ့ကြသည်တွင် မိုင်ဝက်ခန့်အရောက်တွင် တစ်ဖက် ချောင်းကမ်းပေါ်တက်၍ တောတန်းလေးအတွင်း ဝင်လိုက်ကြသည်။





တောတန်း အစပ်လေးအတွင်း သိဝ်မသျှောက်လိုက်ရ၊ မျောက် ညိုတစ်အုပ်ကို တွေ့လိုက်ရသည်။ သို့ကြောင့် ကျွန်တော်သည် ထိုနေရာမှ ရှေ့သို့ တောတိုးခဲ့ကြရာတွင် ခြေသံလုံလုံဖြင့် တိုးခဲ့ကြခြင်း ဖြစ်တော့၏။

"ကိုပိုက်. . . ဟိုက "ထိန်ပင်" ကိုင်းလက်တစ်ခုပေါ်မယ် မျောက်ညိုကြီးတစ်ကောင်ဗျ"

"တွေ့တယ်၊ သင်းကွဲမျောက်ထီးကြီး ဖြစ်မယ်၊ ကိုမျိုးဝင်း ပစ် ချေဗျာ"

"ကိုနတ်ကြီး. . . ခင်ဗျားပစ်မလား"

မျိုးဝင်းက တဆင့် ကိုလှုပုကို မေးလိုက်၏။ သည်တွင် ကိုလှုပု က ပြုံးလိုက်ပြီး "ဝန်ထောက်လေးသာ ပစ်ပါဗျာ" ဟု ပြန်ပြောလိုက်သည် နှင့် မျိုးဝင်းသည် သူ့လက်တွင်းသေနတ်ဖြင့် မျောက်ညိုကြီးထံ လှမ်း ချိန်လိုက်၏။

"ဝန်ထောက်လေး. . . ပစ်မှတ်ချိန်ထားတာက မျောက်ရဲ့ နှလုံး သားကိုလား"

"ဟုတ်တယ်"

ကိုလှုပုရဲ့ အမေးကို သို့နှယ်သာ ပြောလိုက်ပြီး မောင်းထိုး ခလုတ်ကို ဆွဲညှစ်မည် အလုပ်တွင်. . .

"သေနတ်ပြောင်းကို ဘယ်ဘက် ငါးလက်မလောက်ရွှေ့လိုက်၊ ပြီးတော့ အောက်နည်းနည်းစိုက်လေ"

ကိုလှုပုက ပြောလိုက်ပေမင့် မျိုးဝင်းက သူ့စကား ဂရုမထား လေဘဲ လက်ညှိုးလေးကို ကွေးလိုက်တော့သည်။

"ဒိုန်း"

မျောက်ညိုကြီးသည် ရှေ့သို့ ငိုက်ကျသွားပြီး သစ်ခက် ကိုင်းဖျား များကို လွှဲခိုကာ အခြားပင်ဖျားသို့ ကူးသွားလေတော့သည်။

"ထိတော့ ထိသွားသဗျ. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဝန်ထောက်လေးက ကျွပ်စကားမှ နားမထောင်တာဘဲ ဒီတော့ ပုခုံးကို ရှပ်မှန်သွားတာဗျ. . . "

"ချောက်"

သေနတ်မောင်းထိန်းခလုတ်ကို ဖွင့်လိုက်သော ကျွန်တော့်ကို သူတို့နှစ်ယောက်က လှည့်ကြည့်လာသည်။ ပြီး. . . ကျွန်တော့်သေနတ်ပြောင်း ထိုးချိန်ထားရာ ပစ်မှတ်သို့ လှမ်းကြည့်ကြသည်။

ကိုလူပုက "ဒဏ်ရာရသွားတဲ့ အကောင်ပဲဗျ၊ ဟုတ်ပြီ. . . မိတ်ဆွေရဲ့ သေနတ်ပြောင်းကို နည်းနည်းလေး အပေါ်မြှင့်လိုက်လျှင်ဖြင့် နဖူးပဲပေါ့ဗျာ"

ကိုလူပုစကားအတိုင်း ကျွန်တော် တစ်သဝေမတိမ်း လိုက်လုပ်မိသည်။

"ပစ်တော့"

သူပြောသည့် အမိန့်သံပါပါ စကားကြောင့် လက်ညှိုးလေးကို ကွေးလိုက်သည်။

"ဒိုင်း"

ယမ်းအားပေါက်ကွဲသံကြောင့် မျောက်ညိုကြီးသည် ပင်ထက်မှ မြေပြင်သို့ ပြုတ်ကျလာတော့၏။

အံ့ဩစရာပင်ဖြစ်ချေတော့၏၊ ကျွန်တော် ပစ်လွှတ်လိုက်သော ကျည်ဖူးသည် မျောက်ညိုကြီး၏ နဖူးတည့်တည့်မှ ဖောက်ဝင်သွားသလို မျိုးဝင်းပစ်လိုက်သော ကျည်ဖူးသည် ပုခုံးကို ရှပ်ထိသွားခြင်းဖြစ်သည်။

ထိုမျောက်တစ်ကောင်နှင့်ပင် ကျွန်တော်တို့ ချောင်းဂွဆုံသို့ ပြန်လာခဲ့ကြ၏။

ကျွန်တော်တို့ ချောင်းဂွဆုံ ပြန်ရောက်ခဲ့သည်တွင် လင်းမြင့်လှိုင်တို့အဖွဲ့ မရောက်ကြသေးသဖြင့် အနားယူရင်း ထိုင်စောင့်နေကြ၏။

သို့နားနေရင်းမှ ကိုလူပုက မျိုးဝင်းအား. . . ပျဉ်းကတိုးပင်





မယ် ကိုင်းခြောက် တစ်ခု ထိုးထွက်နေတာ တွေ့လား"

သူက မျိုးဝင်းကို ပြောနေပေမင့် ကျွန်တော်ကပါ သူညွှန်ပြရာသို့ လိုက်ကြည့်နေမိသည်။

"ကိုင်းခြောက်နဲ့ယှက်လျက် သစ်ခက်တစ်ခု လှုပ်ယမ်းနေတယ် တွေ့လား"

"အဲဒါ လေတိုက်လို့ မဟုတ်လား"

မျိုးဝင်းက သို့ပြောလိုက်သည်တွင် ကိုလူပုက. . ." အသေအချာလည်း ကြည့်ပါဦး ဝန်ထောက်လေးရယ်. . . လေတိုက်လို့လှုပ်လျှင်ဖြင့် တစ်ပင်လုံးရှိတဲ့ အခက်အလက်အရွက်တွေ လှုပ်နေရမပေါ့. . ခုလေငြိမ်နေတာပဲဟာ. . . အဲဒီနေရာလေးတင် မသိမသာ လှုပ်နေတာဗျ. . ။ ကဲပါလေ. . ကျွန်တော်ပြောတဲ့အတိုင်းသာ ဝန်ထောက်လေး လုပ်မှာ လုပ်စမ်းပါ"

"ကောင်းပြီလေ" ဆိုကာ မျိုးဝင်းကပြောလိုက်သည်နှင့် အဲဒီသစ်ခက်နေရာကို ဝန်ထောက်လေး သေနတ်နဲ့ လှမ်းချိန်လိုက်ဗျာ"

"ချောက်"

သေနတ်မောင်းတင်လိုက်ပြီး ကိုလူပုပြောသည့်အတိုင်း လှမ်းချိန်လိုက်၏။

"ဟုတ်ပြီ. . . အောက်ကို နည်းနည်းစိုက်" ဆိုကာ သူ၏လက်ဖြင့် သေနတ်ပြောင်းကို တည့်မတ်ရွှေ့လျားချိန်ပေးလေတော့၏။ ပြီးလေမှ-

"ဟုတ်ပြီ. . . အဲဒီအတိုင်း ဟုတ်ပြီ ရွှေ့မသွားစေနဲ့ သေနတ်မောင်းထိန်းခလုတ်ကို ဖြုတ်လိုက်တော့"

"ဒိုင်း"

ပျဉ်းကတိုးရွက်တို့ ဖွာထွက်သွားပြီး မည်းမည်းသဏ္ဌာန်တစ်ခု သစ်ပင်အောက်ခြေသို့ ပြုတ်ကျလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုလှပုသည် ထိုင်နေရာမှ ထကာ၊ ဖျဉ်းကတိုးပင်အောက်သို့ ပြေးသွားကာ ပြုတ်ကျလာသောအရာကို ကောက်ယူလိုက်ပြီး ကျွန်တော်တို့ထံ ပြုံးရွှင်သော မျက်နှာဖြင့် ပြန်လာလေတော့၏။

ကျွန်တော်တို့ အနားရောက်လေမှ သူကောက်ယူလာသော အရာသည် ဦးခေါင်းတစ်ခေါင်းလုံး ကြေမွနေသော "ရှဉ့်ဝပေါ" တစ်ကောင်ဖြစ်မှန်းသိရတော့၏။

"ခင်ဗျားပစ်ခိုင်းလို့သာ ပစ်လိုက်ရတယ်။ ဘာကောင်မှ ကျုပ်မြင်တာ မဟုတ်ဘူးဗျ. . . တင်း. . တင်း. . ဟင်း"

ကိုလှပုသည် ပြုံးလို့သာနေ၏။ ပြီးလေမှ

"ကျုပ်တော့ ဗိုက်နည်းနည်းဆာနေပြီ။ ဒါကြောင့် ဒီရှဉ့်ဝပေါကိုပဲ မီးကင်စားတော့မယ်ဗျာ" ဆိုပြီး သစ်ကိုင်း၊ သစ်ရွက်ခြောက်တို့ကို စုပုံပြီး ကျောက်ခဲနှစ်လုံးဖြင့် မီးခတ်ကာ မီးတောက်စေပြီး ရှဉ့်ကောင်ကို မီးကင်လေတော့၏။

ရှဉ့်ကောင်ကို အရေခွံခွာလိုက်သည်ကြောင့် "နှမြောစရာဗျာ အရေခွံက စားကောင်းသဗျ" သို့နှယ်ပြောလိုက်သည်။

ကျွန်တော့်စကားကြောင့် ကိုလှပုသည် ရွဲ့ပြုံးလေး ပြုံးလိုက်ပြီး "ကျုပ်သိတာပေါ့ အရေခွံပါ မီးထည့်ကင်လျှင်ဖြင့် အတော်နဲ့ စားရတော့မှာ မဟုတ်ဘူး အရေခွံစုတ်လိုက်တော့ မြန်မြန်ကျက်တော့ မြန်မြန်စားရတာပေါ့ဗျာ" ဟု ပြောလာချေတော့၏။ ထိုသည်လည်း ဟုတ်နေပြန်ကြောင့် နှုတ်ဆိတ်၍သာနေတော့၏။

ရှဉ့်ကောင်မီးကင်ကျက်ပြီး သုံးယောက် မျှစားပြီးသည့်တိုင် လင်းမြင့်လှိုင်တို့ ပြန်ရောက်မလာကြသေးချေ။

"ဒီလူတွေ ကြာလှချည်လားဗျာ"

သို့ မျိုးဝင်းကပြောလေသည်ကြောင့်. . . ကိုလှပု တစ်ချက် စဉ်းစားလိုက်ပြီး "အင်း. . . သူတို့. . . အင်ကြင်းတောက "ကော့ညွှတ်



ကိုဖြတ်သွားမိပြီ ထင်ပါရဲ့. . . "

"ဘာဗျ"

ကိုလှပုစကားကြောင့် ကျွန်တော်တအံ့တသြ ဖြစ်ရတော့သည်။

"ရှင်းရှင်းပြောဗျာ" သို့နှယ် ဆက်၍ မေးလိုက်သည်။

"မိတ်ဆွေက ဝက်စွယ်တောင်ကြောဘက်မယ် အမဲ မလိုက်ဖူးဘူး ထင်တယ်။ အင်ကြင်းတောထဲက ကော့ညွှတ်လေးကို အမှတ်တမဲ့ ဖြတ်သွားမိလို့ကတော့ လာလမ်း ပျောက်ပြီသာ မှတ်ပေရော့ဗျို့. . . သူတို့နဲ့ လမ်းခွဲတုန်းက ကျုပ်သတိမပေးမိလိုက်ဘူး"

"နတ်လေးက မသိဘူးလား"

မျိုးဝင်းကမေးလိုက်သည်။

"ခက်တယ်. . . နတ်လေးက သူ့အနားမယ် ကျုပ်မရှိရင် ဘာမှ မသိဘူး၊ ဘာမှ မလုပ်တတ်ဘူး. . . "

ကျွန်တော် ကိုလှပုစကားကြောင့် စိတ်ပျက်သွားမိ၏။

"စိတ်မပျက်ကြ နဲ့ဦးလေ. . . တခြား အကြောင်းကြောင်းကြောင့် ကြာနေတာလည်း ဖြစ်ချင်ဖြစ်မှာပါ"

"ဟုတ်ပြီလေ။ နေတောင် အတော်စောင်းနေပြီ ကိုမျိုးဝင်းတို့လည်း သူ့မယ် အလုပ်တွေ ရှိသေးတယ်။ စခန်းမပြန်လို့ မဖြစ်ဘူး။ ဒီလိုလုပ်မယ်ဗျာ ဒီကျွန်းပင်မယ် မှတ်ထစ်ခွာပြီး စာရေးခဲ့မယ်၊ ကျွန်တော်တို့ ပြန်သွားကြပြီ ဆိုတဲ့အကြောင်းပေါ့"

"ကောင်းတယ်. . ကိုပိုက်. . . ကဲ. . ကိုနတ်ကြီး သူတို့ ဒီညမှ ပြန်မရောက်လာလျှင်ဖြင့် နက်ဖြန်ကို တစ်ခုခုစီစဉ်ကြတာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ရရှိထားသော မျောက်ညိုကြီးကို ထမ်းပိုးလျက် စခန်းသို့ ပြန်ခဲ့ကြတော့သည်။

လမ်းတစ်လျှောက် ကျွန်တော်က အင်ကြင်းတော ကော့ညွှတ် အကြောင်းကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကော့ညွှတ်ဆိုတာတော့ မိတ်ဆွေ သိပါတယ်နော်" ရယ်လို့ ပြောလာသည်ကြောင့် ပြုံးလိုက်မိသည်။

တောလုပ်ငန်းကို မခိုမကပ်လုပ်ဖူးသည့် သစ်တောဝန်ထမ်းတိုင်းသိကြ၏။

"ကော့ညွှတ်သည် သစ်တောဝန်ထမ်းများကို လွန်မင်းစွာ ဒုက္ခပေးတတ်၏။ အမှားအယွင်းဖြစ်ကြရ၏။ ကော့ညွှတ်ဆိုသည်မှာ တောင်ကြောဆက်-နေရာဖြစ်၏။ အချို့တောင်ကြောဆက်နေရာသည် ဆင်လမ်းကြောင်းတစ်ခုစာသာ ရှိ၏။ အချို့တောင်ကြောဆက်သည် တောင်ကြောပေါ်မှ လှမ်းကြည့်ပါမူ မြောင်ဖြတ်သွားသည်ဟု ထင်ရပေငြား တကယ်တော့ တောင်ကြောအောက်ခြေထိ ဆင်းကြည့်လေမှ တောင်ကြောဆက်မှန်း သိရ၏။ ပိုသေချာရန် အလို့ငှာ ရေစီးကို ကြည့်ရ၏။ ရေစီးသည် ထိုလမ်းကလေးကို ဖြတ်ကျော်၍ စီးဆင်းသွားခြင်း မဟုတ်ဘဲ နှစ်ဖက်ရေစီး ဖြစ်နေပါမူ ထိုနေရာသည် ကော့ညွှတ်ပင် ဖြစ်ချေ၏။

"မိတ်ဆွေတို့သိတဲ့၊ ကြုံဖူးတဲ့ ကော့ညွှတ်ကိုဖြတ်သွားမိလို့ကတော့ ဝက်ပါထဲ ရောက်သွားသလိုပဲလေ။ ချောင်းတွေ မြောင်တွေကို ကျော်ဖြတ်သွားမယ် ဆိုလျှင်ဖြင့် ပိုဆိုးသေးပေါ့ဗျာ. . . တောင်ကမ်းတွေကလည်းမြင့်ပ။ ပြီးတော့ အဲဒီ အင်ကြင်းတောဝက်ပါက တောကြမ်းသေးဗျ။ နေ့လည်ခင်းတောင် တောခြောက်တာ၊ သားရဲကောင် တွေကလည်း ပေါပ. . ."

နို့ဖြင့် ကိုလင်းတို့တော့ ဒုက္ခပဲ. . . ဘာလို့လဲဆိုတော့ ဆင်ပိုင်ကြီးကလည်း သေနတ်ကောင်းကောင်းပစ်တတ်တာ မဟုတ်။ ကိုလင်းနဲ့ နတ်လေးတို့နှစ်ယောက်ပဲ သေနတ်ကို ကျွမ်းကျွမ်း ကျင်ကျင် ပစ်တတ်ကြတာ"

မျိုးဝင်းစကားကြောင့် ကိုလူပုတ "ခစ်"ခနဲ တစ်ချက်ရယ်လိုက်ပြီး-





"ကျုပ်ညီလေး နတ်လေးက ကျုပ်ပြောပြီးပြီ မဟုတ်လား။ ကျုပ်သူ့အနားမရှိလျှင် သူဘာမှ မလုပ်တတ်ဘူး၊ နားမလည်ဘူးဗျ. . . ခင်ဗျားတို့ မိတ်ဆွေလေး လင်းမြင့်လှိုင်ကပဲ သူတို့ကို ဦးဆောင်ရမယ့်သူ ဖြစ်နေပြီပေါ့ဗျာ နို့တောင်မှ ဒီတောနဲ့ သူ"စိမ်း"နေတော့ အင်း. . . နက်ဖြန်ခါ လိုက်သွားကြတာ အကောင်းဆုံး ထင်ပါရဲ့"

သူ့စကားကြောင့် ဖိုးမူတ သူ့အဖေကို ညတွင်းပင် ဆင်များနှင့် လိုက်သွားရှာရန် အကြံပြုလေသည်ကြောင့်-

"မလိုပါဘူးကွယ် တစ်ယောက်တည်းမှ မဟုတ်တာ၊ ယောကျာ်းကြီးသုံးယောက်ပဲ. . ." သို့နှယ် ကျွန်တော်က နှစ်သိမ့်လိုက်ပေမင့် ဆင်ခေါင်းကြီး စောကတ်နက်သည် ထိတ်လန့်တကြား အသံဖြင့်. . .

"သူတို့ပြန်ရောက်မှတော့ ဘာသွားလုပ်ကြမှာတုန်းဗျာ" ဟု ပြောလာလေသည်။

ကြည့်ရသည်မှာ အင်ကြင်းဝက်ပါတောကို လွန်မင်းစွာရှောင်ရှားလိုသူ ဖြစ်ချိမ့်မည်၊ ဘယ့်တွက်ကြောင့် ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

ထိုညတွင်ကျွန်တော်သည် အိပ်ရာ စောစောဝင်ခဲ့တော့၏။ သို့ စောစောအိပ်ရာဝင်ခဲ့သည်ဆိုပြား. . . လင်းမြင့်လှိုင်တို့ ပြန်လာနိုးဖြင့် နားစွင့်နေမိသေးတော့၏။

မျက်စိပင် ကြောင်နေသေးတော့၏။ သို့ဖြစ်သည်ကြောင့် အိပ်ရာမှ ထကာ ထိုင်လိုက်သည်။ မျိုးဝင်းသည် အိပ်မောကျနေတော့၏။ အောက်ဆင်စခန်းမှ စကားသံများ ကြားရသည်ဖြစ်၍ အိပ်မပျော်သည့် အတူတူ စကားစမြည် သွားပြောရင်း အချိန်ဖြုန်းရန် စဉ်းစားလိုက်ပြီး သေနတ်ကို ကောက်ကိုင်ကာ စခန်းထဲမှ ထွက်ခဲ့တော့၏။ ဝါးစိမ်းအဆစ်ပိတ်များကို မီးဖိုများတွင် ထည့်ဖောက်နေကြသည် ဖြစ်၍ တဖောင်းဖောင်းနှင့် ပေါက်တွဲသံများ ကြားနေရသည်။ အိပ်မပျော်သော ဝန်ထမ်းများ သို့မဟုတ် တစ်ရေးနိုးလာသော ဝန်ထမ်းများက လုပ်နေကြခြင်းဖြစ်သည်။





ကျွန်တော် ဦးကက်နတ်တို့ တဲနားရောက်လုတွင် ဒေါသတကြီး ပြောနေသည့် ဦးကက်နက်အသံကြောင့် ဘယ်သူနှင့် ဘာဖြစ်နေသည့် မသိသဖြင့် ခြေလှမ်းကို ရပ်ကာ နားစွင့်လိုက်၏။

"ဟိတ်ကောင်နတ်ကြီး. . . ဒါမင်းဖန်တီးခဲ့တာ မဟုတ်လား"

စောကက်နက် အသံဖြစ်၏။

"ကြံကြီးစည်ရာဗျာ. . . ကျုပ်တကယ် သတိပေးဖို့ မေးခဲ့တာပါ"

ကိုလူပုတစ်ယောက် သူ့စခန်းမပြန်သေးဘဲ စောကက်နက်ဖြင့် မီးလှုံရင်း စကားပြောနေကြရာမှ အချင်းများ နေကြခြင်းဖြစ်မည်။

"ငါမယုံဘူး။ မင်းသက်သက် ငါ့ကိုဒုက္ခပေးချင်လို့ မဟုတ်လား"

စောကက်နတ်၏ တုန်ယင်အက်ကွဲသောအသံသည် ဒေါသကြောင့်လား. . ကြောက်ရွံ့နေခြင်းကြောင့်လား ဆိုသည်မှာ စောကက်နက် ကိုယ်နှိုက်မှလွဲ၍ မည်သူမျှ ရှိနိုင်လိမ့်မည် မဟုတ်ချေ။

ကိုလူပု၏ အေးငြိမ်းတည်ငြိမ်သော လေသံဖြင့် ပြောလေသည့် အသံကို ကြားရပြန်၏။

"ကျုပ်တို့ ယုံစမ်းပါ ဖထီးရာ၊ ကျုပ်ဖထီးအပေါ်မှာ စေတနာသန့်ပြီးသားပါ။ ရှိုင်းစတောနဲ့ ဝတ်သက်လာရင် ကျုပ်အရာရာမှာ ခွင့်လွှတ်နိုင် စွမ်းအားလည်း ရှိတယ်. . . စွန့်လွှတ်နိုင်စွမ်းအားလည်း ရှိတယ်၊ အဲဒါယုံ. . . "

သူတို့နှစ်ယောက် ပြောစကားများသည် စိတ်ဝင်စားစရာတော့ ဖြစ်နေချေပြီ၊ သို့ကြောင့် ကျွန်တော်သည် ထိုနေရာမှာပင် ရပ်လျှက်ဆက်နားထောင် နေလိုက်မိသည်၊

"မင်းတကယ် ပြောနေတာလား"

လေသံတစ်မျိုးပြောင်းသွားသော စောကက်နတ်၏ လေသံကြောင့် ပို၍ စိတ်ဝင်စားသွားမိသည်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးလေး ဂျိုင်းစတောနှင့် ပတ်သက်၍ ကြားလိုက်ရသည့် ကိုလူပု၏ စကားသည် ဘယ့်တွက် စောကက်နက်၏စိတ်ကို ပြောင်းသွား ရပါသနည်း။ စောစောကတော့ ကိုလူပုကို ဒေါသတကြီး ပြောနေခြင်း ဖြစ်၏။

"ဖော် ခက်ရချည်ရဲ့ ဖထီရယ်. . . ဂျိုင်းစတောလေးတောင် အမျိုကြီးဖားဖားဖြစ်နေပြီပဲဗျာ. . . လက်ချိုးပြီး နှစ်တွေကိုပဲ ပြန်တွက် ကြည့်လိုက်ပါဦး. . . ဟင်း. . ဟင်း. . ဟင်း. . ."

ကိုလူပု၏စကားသံ ကြည့်ရသည်မှာ အထက်စီးမှ ပြောနေသောလေသံ ဖြစ်သည့်ကြောင့် သူ စောကက်နက်အပေါ် နိုင်ထက်စီးနင်း လုပ်နေသည်မှာ ထင်ရှားနေချေပြီ။

"မင်းနဲ့ငါ့သမီး ကိစ္စကိုလည်း စဉ်းစားပေးပါ့မယ်. . ."

"ဒီလိုမှပေါ့ ဖထီရယ်. . . ထစ်ခနဲရှိ ဒေါသထွက်ရတယ် ဆိုတာ မကောင်းပါဘူး. . အဲဒါကိုလည်း ကိုယ်တွေ့ကြုံခဲ့ရပြီ မဟုတ်လား ကိုယ်မပေါင်းအပ်တဲ့ မိတ်ဆွေထဲမှာ ဒေါသဆိုတဲ့ကောင်ကြီးက အဓိက ပဲဗျ. . . အင်မတန် ပေါင်းအပ်တဲ့ မိတ်ဆွေကတော့ သည်းညည်းခံ ခြင်းပဲ"

"ဘုန်းကြီးစာချ လာလုပ်မနေပါနဲ့ နတ်ကြီးရာ။ မင်းလည်း သိ ပါတယ် ငါဘယ်လောက် သည်းညည်းခံလဲဆိုတာ။ အဲဒီကြားထဲက ဖြစ် သွားတာတော့ ငါလည်း မတတ်နိုင်ဘူး. . ."

"ဟား. . ဟာ. . ဟာ. . ဟား. . . ဖထီက သည်းညည်းမခံ တတ်ဘူးလို့ ကျုပ်မပြောပါဘူး သိပါတယ်ဗျာ ဖထီဘယ်လောက်ထိ သည်း ညည်းခံလဲဆိုတာ နို့ပေမင့် ဖထီမသိတာ တစ်ခုရှိတယ်၊ ဖထီ နားမယ် ဒေါသအိုးကြီးက ရှိနေတော့ သူ့ရဲ့ သွေးထိုးမှုဒဏ်ကိုမှ ခံနိုင်ရည် မရှိ တာကိုး။ ဒါကြောင့် ဖထီးက နည်းနည်းပါးပါးလောက်ပဲ သည်းညည်း ခံနိုင်တယ် ဆိုတော့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာပေါ့. . . ဖထီကို





ကျုပ်တစ်ခုပြောမယ်၊ သတ္တိရှိရှိ သည်းညည်းခံတတ်ဖို့ အရေးကြီးတာ နော်. . . ဟဲ. . ဟဲ. . ဟဲ. . ဟဲ. . ."

စောကက်နက်၏စကားကို ရယ်မောလိုက်ရင်း သို့နှယ် ပြန် ပြောလာသည့် ကိုလူပု၏စကားများသည် ကျွန်တော့်ကိုပင် တွေဝေသွား စေတော့၏။ ဘာတဲ့. . .

သတ္တိရှိရှိ သည်းခံပါဆိုပါကလား။ သူ့အရုပ်အမောင်းက လွန်း၊ နိမ့်လွန်းသလောက် သူ့စကားသည် လွန်စွာမြင့်လွန်းနေတော့၏။

"ကဲ. . ဖထီ ကျုပ်တဲကို သွားတော့မယ်၊ နက်ဖြန်ကျလျှင်ဖြင့် စိတ်ချလက်ချ နေခဲ့ပါ၊ ကျုပ်ဖထီးကို စိတ်ဆင်းရဲအောင် မလုပ်ပါဘူး။ ဂျိုင်းစတောလေးရဲ့ မျက်နှာရှိနေတာပဲဗျာ. . ဟဲ. . ဟဲ. . ဟဲ"

သို့နှယ် ကိုလူပုက ပြောလိုက်လေမှ ကျွန်တော်သည် ရပ်နေရာ မှ ခြေစ, လှမ်းလိုက်တော့သည်။ ဖထီကက်နက်ရှိရာသို့ ဖြစ်ချေသည်။

"မိတ်ဆွေ အိပ်မပျော်လို့ တစ်ဦးတစ်ယောက်နဲ့ စကားစမြည် ပြောဖို့ ရောက်လာတာ ထင်ပါ့. . . တောက်လျှောက်လာတဲ့ ပုံတော့ မဖြစ် နိုင်ဘူး။ တစ်နေရာမယ် နားနေခဲ့တယ်ထင်ပါ့. . . ဟဲ. . ဟဲ. . ဟဲ. . ဟဲ ကဲပါလေ. . ဟိုမယ် ဖထီကက်နက် ရှိနေတယ်၊ ဒီည သူလည်း အိပ်ပျော်နိုင်လိမ့်မယ် မထင်ဘူး" ဆိုကာ. . . ကိုလူပုသည် သူ့တဲရှိရာသို့ လှည့်ထွက် သွားလေတော့၏။

ကျွန်တော်သည် သူ့စကားကြောင့် မျက်နှာကြီး ထူအမ်းသွား တော့၏။ သူတို့နှစ်ယောက် စကားပြောနေသည်ကို ရပ်ကာ နားထောင် နေမိခြင်းကို သူသိလေသည့်ကြောင့်လား. . . တိုက်ဆိုင်ခြင်းလေလား မသိပါချေ။ မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် လူကြီးလူကောင်း မဆန် သော လုပ်ရပ်ကို လုပ်လိုက်မိခြင်းကြောင့် မိမိကိုယ်မိမိ ရှက်စရာကောင်း လိုက်လေခြင်းရယ်လို့ စဉ်းစားလိုက်မိတော့၏။

ကိုလူပုဆိုသည့်လူကို လျှော့တွက်လို့ မရပါချေ။ ဘယ်လို သူ



www.burmeseclassic.com

www.burmeseclassic.com


စားရယ်လို့ စဉ်းစားလို့ မရအောင်ပင် ဖြစ်ရတော့၏။

ထိုည ကျွန်တော်နှင့်ဖထီစောကက်နက်တို့သည် စကားစမြည် ပြောကြသည်မှာ သန်းခေါင်ယံကျော်တိုင်ထိ ဖြစ်တော့၏။ သည့်နောက် အိပ်ရာဝင်ခဲ့ကြတော့သည်။

သေချာချေပြီ၊ လင်းမြင့်လှိုင်တို့ လမ်းပျောက် တောမှောက်ခံရ ချေပြီထင့်။

နောက်တစ်နေ့ နံနက်စောစောတွင် ဆင်ခေါင်းကြီး စောကက်နက်၊ ကိုလူပုတို့နှင့် မျိုးဝင်း တဲစခန်းတွင် ဆုံကြ၏။ လင်းမြင့်လှိုင်တို့ သုံးဦးကို လိုက်ရှာရန် တိုင်ပင်ကြသည်။

"ကျွန်တော်တော့ လိုက်လို့ မဖြစ်ဘူး... ကိုပိုက်တို့ နှစ်ယောက်ထဲနဲ့ ဖြစ်ပါ့မလား... ဖထီကက်နက် အားတယ် မဟုတ်လား"

မျိုးဝင်းက ဆင်ခေါင်းကြီးကို မေးလိုက်ပေမင့် "ကိစ္စမရှိပါဘူး၊ ကျုပ်နဲ့ ဒီက မိတ်ဆွေနှစ်ယောက်တည်းဆိုလျှင်လည်း ဖြစ်ပါတယ်..." ရယ်လို့ ကိုလူပုက ဝင်ပြောလေသဖြင့် ကျွန်တော်က ညကကိစ္စကို သတိရလိုက်သည်ဖြစ်၍ "ဖထီလိုက်ရင် ပိုကောင်းတာပေါ့ဗျာ" ဟု ဝင်ပြောလိုက်သည်တွင် စောကက်နက်သည် ဝန်ထောက်လေး မျိုးဝင်း၏ စကားကို မငြင်းပယ်လိုခြင်းကြောင့်ပေလားမသိ၊ "ကိုယ့် ဆင်ပိုင်ကြီးတစ်ယောက်လုံး ပါနေမှတော့ ဥပေက္ခာပြုထားလို့ ဘယ်ဖြစ်ပါ့မလဲ၊ လိုက်ရမှာပေါ့ဗျာ၊ မာလာ(ဖိုးမူ)လေးဆိုလျှင်ဖြင့် သူ့အပါးအတွက် စိတ်ဆင်းရဲနေရှာတာ" ဆိုကာ ပြောလာလေတော့၏။

သူ့စကားကြောင့် ကျွန်တော်သည် ကိုလူပုကို လှမ်းကြည့်လိုက်၏၊ ကျွန်တော်အကဲခတ် လိုက်သောကိုလူပုသည် စောကက်နက်ကို မျက်စောင်းထိုးကြည့်လိုက်သည်ကို မြင်ရလိုက်သည်။

"ကဲ... ကိုပိုက်တို့ မနက်စာစားသောက်ပြီး... ခရီးထွက်ကြပေရော့... အော်.. ဖထီ ဝန်မင်းဦးစိုးလှိုင်နဲ့ ပါလာတဲ့ တောခေါင်းစောစန်းကြည် ပြန်သွားပြီလား..."

"မပြန်သေးဘူး ဝန်ထောက်လေး... သူ့ဆရာ ဝန်မင်းက မှာနေပြီး အလုပ်မလုပ်နိုင်တဲ့ ဝန်ထမ်းတွေအတွက် အစားထိုးခိုင်းလို့ရအောင် ဝန်ထောက်လေးဆီ လွှတ်လိုက်တာလို့ ပြောတယ်"

"အော်... ဒီတရင်က ကျွန်တော့်ကို သတင်းတောင် လာမပို့ဘူး..."

မျိုးဝင်းက မကျေမနပ် ပြောလေသဖြင့်... စောကက်နက်က ပြုံးလိုက်ပြီး..." ဝန်ထောက်လေးလည်း သိတာပဲ... ဒီကောင်တွေက အလုပ်ကိုတော့ ကျိုးကျိုးနွံနွံ လုပ်ကြပါရဲ့... အရက်တအား သောက်တာရယ်... ပြန်မပြော နားမထောင် လူစားတွေလေ.. ခုလည်း ဒီစရောက်ကတည်းက သောက်လိုက်တာ မနေ့က ဆင်းသွား သတင်းပို့လေကွာ ဆိုတော့ တနင်္ဂနွေနားရက်ဗျ၊ နက်ဖြန်မှပဲ သတင်းပို့မယ်ဆိုပြီး မနေ့က တစ်နေ့လုံး သောက်နေလေရဲ့"

"ဟုတ်ပြီ၊ သူဘယ်သူ့တဲမှာ နေသလဲ"

"တောခေါင်းကြီး မောင်မောင်စိုးတဲမှာ နေတယ်လေ"

"ကောင်းတယ်.. သိပ်ဟောင်း.. ငမူးနှစ်ကောင် ပေါင်းမိနေကြပြီပေါ့... ကဲ.. ဆင်ခေါင်းကြီး တဲဘက်ပြန်ရင် ဒီကောင့်ဆီ သတင်းပို့ပေးစမ်းပါ၊ ကျွန်တော် ခေါ်တယ်လို့.. ပြီးတော့ တောအုပ် မျိုးဝင်းနိုင်တို့ပါ လွှတ်လိုက်စမ်းပါ"

"ဟုတ်ကဲ့ ဝန်မင်း" ဆိုကာ စောကက်နက်နှင့် ကိုလူပုတို့ ပြန်သွားကြပြီး မကြာမီ အချိန်ကလေးတွင် တောခေါင်းကြီးစန်းကြည်နှင့် တောအုပ်မျိုးဝင်းနိုင်တို့ ရောက်လာကြ၏။

"ဆရာမျိုးခေါ်တယ်ဆို"

"ဟုတ်တယ် မျိုးဝင်းနိုင်... မင်းနဲ့ စန်းကြည် သူတို့တောပင်အဖွဲ့နဲ့ လိုက်သွား၊ ငါသေနတ်လည်း ယူသွား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ဆရာ. . . မနေ့က တောပစ်အဖွဲ့တစ်ဖွဲ့ ညက ပြန်မရောက်သေးဘူးကြားတယ်"

"ဟုတ်တယ်. မင်းအဖွဲ့က အကွက်သိမ်းပြီ မဟုတ်လား. ."

"ဟုတ်ကဲ့. . ."

"နို့ဖြင့် မင်းဆီက တောခေါင်းတွေကို ကျန်တဲ့ အဖွဲ့ထဲ မျှထည့်ခဲ့၊ ဒါမှ အလုပ်သိမ်းနိုင်မှာ ဝန်မင်း ဦးစိုးဝင်းလှိုင်တောင် ပန်းပုပ်ကြီးစခန်းကနေ ပြန်လှည့်သွားတယ်"

"သိတယ်ဆရာ. . . စန်းကြည်ပြောတယ်"

မျိုးဝင်းသည် ပြန်မပြောနားမထောင် စန်းကြည်ဘက် လှည့်ပြီး

"ဒီရောက်ရောက်ချင်း ဘာလို့ သတင်းလာမပို့တာလဲ"

"ကျွန်တော် ရောက်နေတာ စနေ. . မနေ့က တနင်္ဂနွေပိတ်ရက်၊ ဆရာလည်း တောပစ်ထွက်နေတော့ ခု ကနေ့ သတင်းလာပို့မယ် စိတ်ကူးထားပါတယ်"

သူ့စကားကြောင့် ကျွန်တော် ပြုံးမိ၏၊ မျိုးဝင်းကတော့-

"ဘာကွ စိတ်ကူးထားတာပဲ ရှိသေးတယ်ဆိုတော့ မင်းစကားက ဘာလဲ"

ဒေါသဖြင့် ပြောလိုက်လေသည်တွင် စန်းကြည်သည် ခေါင်းကလေးကို ငုံ့ကာ မခုတ်တတ်သော ကြောင်နှယ် နေလိုက်တော့၏။

"မင်းလေ- မင်းဆရာ အောင်ဝင်းနဲ့ပဲ ကိုက်တယ်။ မင်း သူနဲ့ဆို ပြားပြားကို ဝပ်နေတာပဲ။ ငါဒီက ပြန်ထွက်ရင် ဝန်မင်းဦးစိုးဝင်းလှိုင်ကို ပြောပြီး မင်းကို. . . အောင်ဝင်းလက်အောက် ပြန်ပို့ရမယ်. . ."

"ဟာ. . . အဲလိုတော့ မလုပ်ပါနဲ့ ဆရာရယ်. . . နောင်ဆိုလျှင် ဆရာပြောသလို နေထိုင်ပါ့မယ်"

"ကောင်းပြီ. . . အခု မင်းတို့ ငါ့သူငယ်ချင်းနဲ့ လိုက်သွား။ လမ်းပျောက်နေတဲ့ အဖွဲ့ကို လိုက်ရှာကြလိမ့်မယ်"





"ဟုတ်ကဲ့. . . ဆရာ. . ."

"ဒါနဲ့ နေပါဦး. . . မှန်မှန်ဖြေနော်. . . မင်းနဲ့ ဆင်ပိုင်ကြီးစောလော်တီရဲ့ သမီးလေးနဲ့ ဘယ်လိုအခြေအနေလဲပြော"

"ရိုးရိုးခင်တာပါ ဆရာရယ်. . ."

"ဟုတ်ပြီ၊ မင်းမယ် မိန်းမရှိတယ် ဆိုတာ ငါသိထားတယ်နော်. . . ငါတို့မျက်နှာ ဖျက်ဖို့တော့ မစဉ်းစားနဲ့ မင်းကိစ္စတော့ ရှင်းပြီ. . "ငါ့ကောင် ဟောက်မော်တစ်ယောက် ဆင်ခေါင်းကြီးသမီးကို ကြိုက်နေသလား"

ခပ်တည်တည်ဖြင့် မေးလိုက်သော စကားကြောင့် စန်းကြည်သည် နောက်ဘက်နှင့် အောဘီသို့ လှည့်ကြည့်နေသဖြင့်-

"ဟိတ်ကောင်. . . ဟောက်မော် မရှိပါဘူး၊ အစောကြီးကတည်းက တောခေါင်းသော်ဇင်နဲ့ ငါးမြှုံးသွားဖော်ကြတယ်။ ပြောမှာပြောတွာ"

မျိုးဝင်းက ပြောလိုက်တော့မှ-

"ကျွန်တော်ပြောတယ် မပြောနဲ့နော်၊ ကောင်မလေးကို ပေးဖို့ရည်းစားစာ ကျွန်တော့် လာရေးခိုင်းတယ်"

"အောင်မယ် သူက ရည်းစားစာတောင် မရေးတတ်ဘူးလား"

"အဲလို မဟုတ်ဘူးဆရာ ကရင်လို ရေးခိုင်းတာ"

"ဘာလို့ မြန်မာလို မရေးတာလဲ။ ကောင်မလေးက မြန်မာစာမတတ်လို့လား"

မျိုးဝင်းက မေးလိုက်သည်တွင် စန်းကြည်က ပြုံးလျက်-

"ကောင်မလေးက မြန်မာစာနဲ့ ကျောင်းပြီးထားတာ။ ဒါကြောင့် သူ မြန်မာလို ရည်းစားစာရေးလို့ အဆီအငေါ် မတည့်ရင် ဟားခံရမှာစိုးလို့တဲ့။ ကရင်လိုကျတော့ အဆီအငေါ်မတည့်ရင်တောင်မှ ခွင့်လွှတ်နိုင်လိမ့်မယ် ထင်လို့တဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြုံးမိပြန်သည်။

"ဒီကောင် ချင်းလူလည်ပဲ။ ကဲ. . ကဲ. . လုပ်စရာ ရှိတာ သွားလုပ်ကြတော့။ တော်ကြာနေ ငါ့သူငယ်ချင်း ခရီးထွက်လျှင်ဖြင့် လိုက်သွားကြချေ့"

"ဟုတ်ကဲ့ ဆရာ" ဆိုပြီး နှစ်ယောက်သား ထွက်သွားကြတော့သည်။

ကျွန်တော်တို့ ခရီးထွက်ခဲ့ကြသည် ဆိုရာတွင် မာလာ နှင့် "ရှိုင်းစတော" တို့ ပါလာကြသည်။

သို့ဖြင့် ချောင်းဝသို့ ရောက်သည်တွင် ကိုလူပုနှင့် ကျွန်တော်က မြေအနေအထားကို စစ်ဆေးကြည့်ကြ၏။ တတ်သိသလောက် စစ်ဆေးခြင်း အရသိရသည်မှာ ညကဖြတ်သွားသော တောဆင်ရိုင်းတစ်အုပ်၏ ခြေရာ များမှလွဲ၍ လူသားခြေရာဆို၍ တစ်ဦးတစ်ယောက်၏ ခြေရာပင် ရှိမနေ ပါချေ။ သို့ဆိုလျှင်ဖြင့် လင်းမြင့်လှိုင်တို့ အုပ်စုသည် ဥက္ကံချောင်းမှ ပြန်ဆင်းမလာကြသေးသည်မှာ သေချာပေသည်။

"ကဲ. . . ကိုနတ်ကြီး ဘယ်လို စီစဉ်ကြမလဲ" ဟု မေးလိုက်သည်။

"ကလေးမလေးတွေလည်း ပါလာတော့ နားနေချင်ကြမှာပေါ့. . . ဒါကြောင့် ဒီမယ် ညအိပ်စခန်းချရင်း သူတို့ ပြန်ထွက်လာနိုး



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြလျှင်ဖြင့် မကောင်းလား"

"အင်း. . . မဆိုးဘူး၊ ယာယီစခန်းတဲ ဆောက်ဖို့ကလည်း အချိန်ရသေးတာမို့ ကိုနတ်ကြီး အစီအစဉ်ကောင်းပါတယ်။ နို့ပေမင့် သည်ဂူဆုံမှာတော့ မကောင်းဘူး ထင်တယ်။ ဆင်သွားလမ်းလည်း ဖြစ်နေတယ်"

သို့ ကျွန်တော်က ပြောလိုက်သည်။

"ကျုပ်သိပါတယ် မိတ်ဆွေရယ်။ အဲလောက်ကြီးလည်း မတုံးသေးပါဘူး။ ဒီမယ် စခန်းချမယ် ဆိုတာ အဖြစ်ပြောတာပါ။ ခြေခင်းလက်ခင်းသာတဲ့ နေရာလေး ရှာဖွေ စခန်းချမှာကို ပြောတာဗျ"

ကလေးတစ်ယောက်လို စိတ်ဆိုး စိတ်ကောက်သွားသော ကိုလူပုကို ကြည့်၍ ကျွန်တော် ပြုံးလိုက်မိသည်။

"အဲလို သဘောမဟုတ်ပါဘူး ကိုနတ်ကြီးရယ်. . . ခုလာကြတဲ့ ခရီးစဉ်မှာ ကျွန်တော်ကစလို့ အားလုံးက ကိုနတ်ကြီးကို ဆရာတင်ထားကြတာပါ။ ပြောမှားဆိုမှား ရှိရင် ခွင့်လွှတ်ပါဗျာ"

သို့ပြောလိုက်သည်တွင် ကိုလူပုက ကျွန်တော့်အား မျက်လုံးစွေကြည့်ပြီး. . . "ဒါဖြင့်လည်း ပြီးရော" ဆိုကာ ဥက္ကံချောင်းတွင်း ဝင်သွားသဖြင့် သူ့နောက်မှ လိုက်ခဲ့ကြတော့၏။

ချောင်းသည် ဖြတ်ကျယ်ပေမင့် နွေဦးဖြစ်သည်ကြောင့် ရေခမ်းလု ဖြစ်ချေ၏၊ ချောင်းအလယ် ရေအူကြောင်းတွင်သာလျှင် ခြေမျက်စေ့ကျော်ရုံ့ သာသာ ရေစီးနေခြင်း ဖြစ်၏။ သို့ကြောင့် ချောင်းမကြီးအတိုင်း လျှောက်ခဲ့ကြပြီး တောင်ကြောပြေပြေလေးတစ်ခုနား အရောက်တွင်-

"ကျုပ်တို့ သည်တောင်ကြောလေးအတိုင်း တက်ကြမယ်" ဆိုကာ ကိုလူပုသည် ရှေ့မှ ဦးဆောင် တက်သွားတော့၏။

"ကြည့်ရတာ သည်ဝက်စွယ်ချောင်း တောင်ကြောတစ်လျှောက်





ဆင်ရိုင်းတွေ မလာကြဘူးထင်တယ်"

"အဲဒါပဲ စဉ်းစားကြည့်တော့ မိတ်ဆွေ။ အင်ကြင်း ဝက်ပါကြောင့် ဆင်ရိုင်းတွေတောင် မလာဝံ့ကြဘူး"

ကျွန်တော့်စကားကို သို့နှုယ် ကိုလူပုက ပြန်ပြောပြီး တောင်ကြောစွယ်အတိုင်း ကြောမကြီးပေါ်သို့ သွားနေတော့၏။

ဝါးဗျိုက်တောများ ဖြစ်သည်ကြောင့် ဝါးရွက်ရှခြင်းဒဏ်ကို ခံကြရ၏။ ကြောမကြီးပေါ် ရောက်သည်တွင် ထိုဒုက္ခမှ ကင်းဝေးလွတ်ကြရတော့၏။

ထိုတောင်ကြောမကြီးအတိုင်း လျှောက်လာခဲ့ကြရာမှ "ဗိုက်ဆာလာပြီ" ရယ်လို့ ဖိုးမူက ပြောလာသဖြင့် "ကဲ. . ကိုနတ်ကြီး ကလေးမတွေ ဆာပြီပေါ့။ စခန်းချမယ့်နေရာ မတွေ့သေးဘူးလား"

ကျွန်တော်က သို့ပြောလိုက်သည်။

"နောက် ဆယ်မိနစ်လောက်ဆိုလျှင်ဖြင့် အင်မတန် သာယာတဲ့နေရာလေး ရောက်ပါပြီ"

သို့သာ ကိုလူပုက ပြောပြီး တောင်စွယ်လေးတစ်ခုကို ဖြတ်ဆင်းသွားလိုက်၏။ ထိုတောင်စွယ်လမ်း အဆုံးရောက်သည်တွင် ကျယ်ပြန့်သော ချောင်းမကြီးတွင်း ရောက်သွားတော့၏။

ရေခမ်းနေပြီဖြစ်သော ချောင်းမကြီးကို အနည်းငယ်ဆန်တက်လိုက်သည်နှင့် ကြသောင်းဝါးတောကို တွေ့လိုက်ရ၏၊ ကြသောင်းဝါးတောဆိုပေမယ့် အုံလိုက်ပေါက်ရောက်ခြင်း သိပ်မရှိ။ တစ်ပင်တိုင်ပေါက်နေသည့် ကြသောင်း ဝါးပင်ပျိုများသည် အစီအရီ ရှိကြသည်ကြောင့် လှလို့နေ၏။

"ဦး. . . ဒီနေရာမှာ နားကြလျှင် မကောင်းဘူးလား"

ဂျိုင်းစတောက ပြောလာသည်။

"ညည်းက ဒီနေရာ ကြိုက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကိုလူပုက မေးလိုက်သည်တွင် "ဂျိုင်းစတော" တင်မဟုတ် "ဖိုးမူ" ကပါ- "ဒီနေရာလေးက . . . နေချင်စရာလေး။ ဒီမှာ စခန်းချလျှင်ဖြင့် မကောင်းဘူးလား" ရယ် ပြိုင်တူ ပြောလိုက်ကြသည်။

"အေး. . . ညည်းတို့ သဘောပဲ. . . နို့ပေမင့် ညရေးညတာ ရောက်လျှင်ဖြင့် စိတ်မချရဘူး"

ကိုလူပုက သို့ပြောလာသဖြင့် ကျွန်တော်က-

"ကျွန်တော် သဘောပေါက်တယ် ကိုနတ်ကြီး. . . ဒီတစ်ည ခဏတည်းမှာပဲဗျာ. . . လူလည်းများတယ်. . . မီးဖို သုံးဖိုလောက်ဖိုခနောက်ဆိုင်ထားလျှင်ဖြင့် စိတ်ချလောက်ပါတယ်"

ကျွန်တော်နှင့် ကိုလူပုပြောနေသည့်စကားတို့ကို နားထောင်ရင်း. . . မည်သို့မျှ နားမလည် ဖြစ်သွားရသော ဖိုးမူနှင့် "ဂျိုင်းစတော" က "တင်. . . ဒီနေရာမှာ အန္တရာယ် ရှိလို့လားဦး. . . နို့ဖြင့်လည်း တစ်နေရာ ပြောင်းကြလေ" ဟူ၍ စိုးရိမ်သံဖြင့် ပြောလာကြသဖြင့် ကျွန်တော်က-

"အော်. . . ဘာမှတော့ စိုးရိမ်စရာ မရှိပါဘူး။ နို့ပေမင့် တစ်ပင်တိုင် ဝါးတောဆိုတော့ လေးဘက်လေးတန် ရှင်းနေတယ်လေ။ တစ်ဦးတည်း နှစ်ဦးတည်း ဆိုလျှင်ဖြင့် တော့မလုံဘူးပေါ့။ လေးဘက်လေးတန်က ရှင်းနေတာကိုး၊ ခု ငါတို့မယ် လူများတာပဲ။ လူစုခွဲပြီး လေးဘက်လေးတန် မျက်နှာမူနေကြလျှင်ဖြင့် ပြဿနာမကြုံလောက်ပါဘူး။ ပြီးတော့လည်း ဒီတစ်ညပါပဲ"

သို့ပြောလိုက်လေမှ သူတို့ စိုးရိမ်စိတ် ပြယ်သွားကြတော့၏။

ကြသောင်းဝါးတော ဖြစ်ခြင်းကြောင့် အောက်ပေါင်းရှင်းသည်။ သို့ဖြစ်၍ ယာယီဝါးတဲလေးပင် ဆောက်မနေလေတော့ဘဲ ဝါးများကို ခွဲခြမ်းကာ မြေကြီးပေါ်တွင် အခင်းသဘောသာ လုပ်လိုက်ကြ၏။ ကျွန်တော်နှင့် ကိုလူပုက တစ်တွဲ ဖိုးမူနှင့် ဂျိုင်းစတောတို့ သားအဖက တစ်တွဲ





ချောင်းဘက်ကို မျက်နှာမူ နေရာထိုင်ခင်း ယူထားကြ၏။ စောစန်းကြည်နှင့် မျိုးဝင်းနိုင်တို့က ကျောဘက် တောင်ကြောလေးဘက် မျက်နှာမူလျက် နေရာထိုင်ခင်း ယူထားကြ၏။ ဖိုခနောက်ဆိုင်ဖြစ်၏။ တစ်အုပ်စုတွင် မီးဖိုတစ်ခုစီ ဖိုကြရန် စီစဉ်ပြီး နားနေလိုက်ကြ၏။

အနည်းငယ် အချိန် ရှိနေသေးသည်ကြောင့် ကျွန်တော်သည် ကိုလူပုနှင့်အတူ အနောက်ဘက် တောင်ကြောလေးပေါ် တက်ခဲ့ကြသည်။ ကြသောင်းဝါးတော တောင်ကြောလေးမှ အနည်းငယ် လျှောက်ကြည့်ကြရာတွင် မမျှော်လင့်ဘဲ အိပ်တန်းဝင်လာသည့် တောကြက်ဖ တစ်ကောင်နှင့် တောင်လိပ်တစ်ကောင် ရလိုက်သည်ကြောင့် ညစာအတွက် အဆင်ပြေ သွားတော့၏။

ကလေးမလေးများသည် လိပ်သားမစားသဖြင့် သူတို့အား တောကြက်ဖ မီးတင်ကို ပေးလိုက်ပြီး ကျွန်တော်တို့သည် လိပ်သားနှင့်သာ စားလိုက်ကြသည်။

ထင်းမီးဖို သုံးဖို ဖြစ်သည်ကြောင့် ညဘက်တွင် ပတ်ဝန်းကျင် တစ်ဝိုက် အတော်တလေး အလင်းဖြာထွက်သွားသည်။

ခရီးပမ်း၍ ပေလားမသိ၊ စောတက်နှက်နှင့် ကလေးမနှစ်ယောက်သည် အစောကြီး အိပ်ပျော်သွားကြသည်။

စန်းကြည်နှင့် မျိုးဝင်းနိုင်သည့် အရက်ခိုးသောက်နေကြ၏။ ထိုသည်ကို ကျွန်တော်က ဘာမှမပြောလိုသော်လည်း ကိုလူပုက- "ခက်တယ် မိတ်ဆွေရဲ့. . . ကျုပ်လောက် အရက်ကြိုက်နိုင်ကြပါ့မလား၊ နို့ပေမင့် ဒီအချိန်မှာ စည်းထားရမယ် မဟုတ်လား၊ ကျုပ်တို့ အပျော်ခရီးထွက်လာကြတာ မဟုတ်ဘူး။ ဒီကောင်တွေကို ကြည့်မရဘူးဗျာ"

သို့နှယ် တဖျစ်တောက်တောက် ပြောနေချေတော့သည်။

"နေပါစေ၊ ကလေးတွေပဲ။ ပြီးတော့ တောအုပ် တောခေါင်းမှာဆိုတာ တောထဲမယ် အနေများကြတော့ ငှက်ဖျားရန်ကြောင့် ဆေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဝါးဖြစ် သောက်နေကြတာလဲ ဖြစ်မှာပေါ့ဗျာ"

သို့နှယ် ကိုလူပုကို ပြောကာ နှစ်သိမ့်နေဆဲ ဝါးတော တောင်ကုန်းမြင့် လေးဘက်မှ ကျားဟိန်းသံကြောင့် စကားတို ကျယ်လောင်စွာ ရယ်မောပြောနေကြသော စန်းကြည် နှင့် မျိုးဝင်းနိုင်တို့ အသံတိတ်သွားကြသည်။

"ခွေးသားလေးတွေ ခုတော့လည်း ကြောက်လိုက်ကြတာ ဟင်း. . . ဟင်း. . . ဟင်း. . ."

ကိုလူပု၏ လှောင်ရယ်အပြုံးနှင့် မျက်စောင်းလေးသည် ကျွန်တော့်အတွက် ရယ်စရာ ဖြစ်နေပေမင့် မနည်း ကြိတ်မှိတ်အောင့်အီးထားရတော့၏။

"ဆရာပိုက်. . . ကျားဟိန်းသံ မဟုတ်လား"

စန်းကြည်က အသံအုပ်၍ လှမ်းပြော၏။

"တို့နဲ့ သိပ်မဝေးလှဘူးကွ။ ဆင်းမီးသာ နိုင်နိုင်တိုးထားချေကွာ"

သူတို့ကို လှမ်းပြောရင်း ကျွန်တော်သည်လည်း အရှိန်သေစပြုနေသော မီးပုံကို ထင်းခြောက်တုံးများ ထပ်ထည့်လိုက်၏။ ပြီး အိပ်ပျော်နေသော စောကက်နက်တို့ အိပ်ရာဘေးရှိ မီးပုံကိုလည်း ထင်းခြောက်တုံးများ ထပ်ထည့်ပေးလိုက်သည်။

သတိ ဝီရိယတော့ ထားကွဖန့်. . . ဒီကောင်ကြီး ဒီနားတစ်ဝိုက် မှာတင် ရှိနေတယ်"

ကိုလူပုကပြောလာ၏။

ကျွန်တော်သည်ပင် အိပ်ချင်စိတ်ကို မျိုသိပ်ကာ တောင်ကြောလေးပေါ် သို့သာ ဂရုတစိုက် ကြည့်နေမိသည်။

"ဝေါင်း"

ကြားရပြန်ချေပြီ။ ဒီတစ်ခါတော့ မီးပုံအလင်းဖြန့်ကျက်ရာနှင့်





ခလှမ်းမတမ်းလောက်ပင် ရှိပေလိမ့်မည်။ စောစောတုထက် ပိုနီးလာပုံရ၏။

သားကောင်ရှာသွားလာရင်း ကျွန်တော်တို့ဘက် ဦးတည်လာမိလေခြင်းလား မသိ။ တကယ်ဆိုပါလျှင် တောရိုင်း တိရစ္ဆာန်များသည် မီးမြင်လျှင် ဝေးဝေးရှောင်ကြစမြဲ ဖြစ်ငြား ယခု အကောင်ကြီးသည် ဘယ့်ကြောင့် ကျွန်တော်တို့နားတွင် ရစ်သီနေပါလိမ့်၊ ပြီးတော့- ကိုလူပုကိုလည်း အံ့ဩမိ၏။ သစ်ပင်တို့ ထူထပ်ကာ မှောင်မိုက်နေသည့် နေရာရှိ အသေးအမွှား သားကောင်ငယ်ကိုပင် မြင်နိုင်စွမ်းရှိသည့် သူသည် ယခု ဘယ့်ကြောင့် ဟင်းကောင်(ကျား) တစ်ကောင်လုံး ပတ်ဝန်းကျင်အနီး တစ်ဝိုက်မှ အသံပေးနေငြား ဘယ့်အတွက် သူမမြင်ပါသနည်း။ ပစ်ခတ်ရန် မစဉ်းစားပါသနည်း။ သို့ဖြစ်ရခြင်းကို ကျွန်တော် မကျေနပ်ပါ။ ကိုယ့်ကို ရန်မူလာနိုင်၏၊ လက်ဦးမှု ယူထားလျှင် မကောင်းပေဘူးလား။ သို့နှယ် တွက်မိသည်ကြောင့်လည်း ကျွန်တော် သူ့ကို စူးစိုက်ကြည့်ရင်း မေးတော့မည် ပြောတော့မည် ဟန်ပြင်လိုက်ဆဲမှာပင်-

"မိတ်ဆွေ. . . ကျုပ်ကို မကျေမနပ် ဖြစ်နေတယ် မဟုတ်လား။ ကျုပ်မြင်ရတာ ကြာပြီ. . . သူ့အစာရှာထွက်လာတာ၊ ဒီနေရာက သူ့သွားလာနေကျဖြစ်မယ်။ သူ့သွားလမ်းမှာ မထင်မှတ်ဘဲ မီးပုံကို မြင်တော့ သူဘာလုပ်ရမှန်းမသိ ဖြစ်နေတာ"

သို့နှယ် ပြောလာသဖြင့် ကိုလူပုကို ကျွန်တော် ဒေါသထွက်သွားသည်ကြောင့် မာဆတ်ဆတ် လေသံဖြင့်. . .

"ဒါကို စောဦးပိုင်းကတည်းက မသိဘူးလား"

"သိပေါ့ဗျာ" ရယ်ပြုံးပြီး ပြောလာသည်ကြောင့်-

"သိလျှင် ဘာလို့ ဒီမှာ စခန်းချရသလဲ"

ကျွန်တော်၏ ဒေါသစကားကို သူသည် ဖျက်ရယ်ပြု ရယ်လိုက်ပြီး-



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . ဟား. . ဟား. . ဟား ကျုပ်က ဒီမယ် စခန်းချကြမယ် ဟေ့လို့ ဘယ်တုန်းကပြောလဲ. . . ညရေးညတာ ရောက်ရင် စိတ် မချရဘူးလို့တောင် ကျုပ်ပြောခဲ့သေးဗျာ။ မိတ်ဆွေကသာ လူတတ်ကြီး လုပ်ပြီး. . . အစီညခဏတည်းမှာ မီးဖို သုံးဖိုလောက် ဖိုခနောက်ဆိုင် ထားလျှင်ဖြင့် စိတ်ချလောက်ပါတယ်ဆို. . . ဟင်း. . ဟင်း. . ဟင်း. . ဟင်း. . ."

"ဒါကတော့ဗျာ. . . ဟင်းကောင်(ကျား) လမ်းဖြစ်နေတယ် ဆိုတာမှ ကျွန်တော်က မသိတာ၊ ဆင်လမ်းကို ရှောင်ပြီး ထွက်လာတာ ဟင်းကောင် (ကျား) လမ်းပေါ် ရောက်လာရတယ်လို့ဗျာ. . . အေးလေ ကျုပ်ညံ့တာပဲ ထားတော့ လတ်တလော ဒီကိစ္စကို ဘယ်လို ရှင်းမလဲ"

"ဘယ်လိုမှ မရှင်းချင်ဘူး"

"ဘာဗျ" သူ့စကားကြောင့် ကျွန်တော် ပို၍ ဒေါသထွက်သွားမိတော့၏။

"မိတ်ဆွေရာ ဒီလောက်လည်း စိတ်လှုပ်ရှားမနေပါနဲ့တော့. . . ရှေ့ဖြစ်လာမယ့် ပြဿနာကို စောင့်ပြီး ဆုံးဖြတ်တာ အကောင်းဆုံးပဲ. ."

"အလိုလေးဗျာ. . . ကြိုတင် ကာကွယ်ထားနိုင်တာ မကောင်းပေဘူးလား. . ."

"သေချာတဲ့ ကိစ္စဆိုလျှင်ဖြင့် ကောင်းပေမင့် မသေချာတဲ့ကိစ္စမျိုးမှာတော့ အနာနဲ့ဆေး လွဲတတ်သလိုမျိုးပေါ့ဗျာ. . ."

သူ့စကားသည် ကျွန်တော့်နှလုံးသားကို တိုက်ရိုက်လှုပ်ခတ်သွားစေတော့သည်။

ကျွန်တော့် ယောက္ခထီးကြီးကို သတိရလိုက်၏။ သူခံစားနေသည်မှာ ရောဂါတစ်မျိုး၊ ဆေးခန်းသွားပြသည်တွင် ဆရာဝန်မလေးက ဂယဏန စမ်းသပ်သေချာမယူတော့ဘဲ. . . ငှက်ဖျားဖြစ်ချိမ့်မည်ဟု တွက်ကာ ကြိုတင်ကာကွယ်မှုပြုကာ ငှက်ဖျားဆေးပြင်းများ တိုက်ကျွေး





လေသည်ကြောင့် အနာနှင့် ဆေးလွဲခဲ့လေခြင်းကြောင့် အသက် ဆုံးပါးသွားရတော့၏။

သို့ပေမင့် ကျွန်တော် ကိုလူပုစကားကို အပြည့်အဝလက်မခံနိုင်ပါချေ။

"ရှင်းအောင်ပြောဗျာ" ဆိုလိုက်သည်။

"မိတ်ဆွေက သိပ်နားလည်ပုံ မပေါ်ဘူး၊ ရှင်းအောင် ပြောဆိုလည်း ပြောရတာပေါ့. . . ကဲ ကျုပ်မေးဦးမယ်၊ မိတ်ဆွေက အမဲလိုက်မုဆိုး မဟုတ်လား၊ ကျားကတော့ သူ့ကို မုဆိုးလို့ မသတ်မှတ်ကြဘူးလား"

"ဟုတ်တယ်လေ. . ." မုဆိုးချင်း စည်းထားရမယ်လို့ ပြောချင်တာလား. . . ခုဟာက သူ စည်းဖောက်လာနိုင်တယ်လေ"

"ဟင်း. . ဟင်း. . ဟင်း. . ပြောလေ ဝေးလေပါပဲကလား။ ကျုပ်တို့က စစည်းဖောက်ခဲ့တာဗျ. . . သူ့သွားလာလမ်းကြောင်းကို ပိတ်ဆို့ထားတာလေ. . . ကဲ. . . ပြော"

သူ့စကားကြောင့် ကျွန်တော် ရှက်သွားမိသည်၊ သို့ကြောင့် "ဒါကြောင့် ကျွန်တော် ကိုနတ်ကြီးကို ဒီအဖွဲ့မှာ ခေါင်းဆောင်တင်ထားတာပေါ့ဗျာ. . . ကျွန်တော် မသိလို့ပါ၊ နို့ဖြင့် ဒီလိုပဲ ရောက်လာမယ့် အန္တရာယ်ကို စောင့်နေကြရမှာလား"

ကျွန်တော့်စကားကြောင့် ကိုလူပု ပြုံးလိုက်သည်၊

"ခြောက်ဖို့ရုံ့ ရှုတ်ရင်ကော ကိုနတ်ကြီး"

တောအုပ် မျိုးဝင်းနိုင်က ဝင်ပြောလေသည်၊

သူခေါင်းကို ဖြေးလေးစွာ ခါယမ်းလိုက်၏၊ ပြီးလေမှ. . .

"မလုပ် ကောင်းဘူး၊ နိုင်ငံထက်စီးနင်း လုပ်ရာ ကျတယ်၊ အကောင်းဆုံးက ဒီကနေ တစ်နေရာ ရွှေ့လိုက်ကြတာ အကောင်းဆုံးပဲ"

"ခင်ဗျားဗျာ. . . ဒီလိုတွေ ဖြစ်လာမယ်ဆိုတာ ကြိုသိနေပြီး



www.burmeseclassic.com

www.burmeseclassic.com



နဂိုရ်ကတည်းက ဘာလို့ အကောင်းဆုံး မစီစဉ်ခဲ့တာလဲ"

စန်းကြည်က ပြောပြန်သည်တွင် ကိုလူပုသည် စန်းကြည်ထို ခပ်စိမ်းစိမ်း စိုက်ကြည့်လိုက်ပြီး-

"ခေါင်းဆောင်ကောင်းဆိုတာ တပည့်လက်သား၊ လက်အောက် ငယ်သားတွေရဲ့ စိတ်ချမ်းသာမှုကို ဦးစားပေးရမယ်။ ကောင်မလေးတွေ ဆာနေကြပြီ၊ နွားချင်ကြပြီ။ မောင်ရင်လေးတို့ရဲ့ စိတ်ထဲမှာလည်း နား ချင်ပြီ၊ စားချင်ပြီ ဟုတ်တယ် မဟုတ်လား။ အဲ. . ဒီအချိန်မှာ ဒီလိုတွေ ရှိနိုင်တယ် ကြိုပြောပေမယ့် လက်ခံချင်မှ လက်ခံကြလိမ့်မယ်၊ အားလုံး က ဆာနေပြီ နွားနေချင်ကြပြီ၊ ဒီတော့ အားလုံးစိတ်ချမ်းသာမယ့် အလုပ် ကို လုပ်လိုက်တာပဲ. . ."

"ဘယ်မှာလဲ စိတ်ချမ်းသာတယ် ဆိုတာ ခု စိတ်ညစ်နေရပြီ မဟုတ်လား"

စန်းကြည်က လူငယ်ပီပီ သို့နှုတ်လှန်ထိုးလိုက်သည်။

"ရယ်စရာကောင်းတဲ့ ချာတိတ်ပါကလား. . . ဟင်းကောင်ကြီး ရောက်မလာခင် အချိန်ပိုင်းထိ မင်းတို့ စိတ်လက်ချမ်းသာ ဖြစ်နေကြတယ် မဟုတ်လား. . ဟင်း. . . ဟင်း. . . ဟင်း"

ကျွန်တော်သည် ကိုလူပု၏သဘောကို သိလိုက်ချေပြီ ဖြစ်သည် ကြောင့်. . .

"ဟုတ်ပြီ ကိုနတ်ကြီး. . . ကလေးတွေက မသိလို့ပါ။ ကျွန် တော်တော့ သဘောပေါက်သွားပြီဗျာ။ ဒီတော့ ဒီလိုလုပ်ကြလျှင်ဖြင့် မကောင်းပေဘူးလား" ဆိုလိုက်တော့-

"ကဲ. . . ဘယ်လို လုပ်ချင်လဲ"

"ဒီကောင်ကြီး ဒီနားတစ်ဝိုက်တွင် ရှိနေသေးတယ်ဆိုတော့ ကျွန် တော်တို့ သူ့သွားလာလမ်းကြောင်းကနေ ဖယ်ပေးလိုက်မယ်လေ. . . နို့ပေမင့် ကလေးမလေးနှစ်ယောက်က ဘာမှ မသိရှာဘူး။ နှစ်နှစ်ခြိုက်





ခြိုက် အိပ်ပျော်နေကြလေရဲ့ ခုချိန်မှာ သူတို့ကို နိုးပြီး အကျိုးအကြောင်း ပြောပြတာနဲ့တင် ထိတ်လန့်သွားနိုင်သဗျ. . ." သို့နှယ် ကိုလူပုကို ပြော လိုက်ပြီး စန်းကြည်နှင့် မျိုးဝင်းနိုင်ဘက်လှည့်ကာ မျက်စိတစ်ဖက် မှိတ်ပြ လိုက်၏။ ကျွန်တော့်သဘောကို သူတို့နှစ်ယောက် ရိပ်မိလွယ်ကြ၏။ ထို့ကြောင့်. . .

"အင်း. . . ဆရာပိုက် ပြောတာမှန်တယ်။ သူတို့တွေ ဘာမှ မသိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြတယ်။ ဘယ်လိုလုပ်ရင် ကောင်း မလဲ ဦးနတ်ကြီးရယ်"

ကိုလူပု တွေဝေသွားသည်။ စောကက်နက်တို့ သားအဖနှင့် မိန်းမလေးတို့ အိပ်ပျော်နေသည်တို့ ကြည့်ပြီး-

"အေးလေ. . . ခေါင်းဆောင်ကောင်း တစ်ယောက်အနေနဲ့ ခံနစ်နာခံရမှာပေါ့. . ." ဆိုကာ ကျွန်တော့်ဘက် လှည့်လိုက်ပြီး-

"မိတ်ဆွေ. . . သေနတ်ပြောင်းကို အသေးဆုံးဝါးပင်ကို လှမ်း ချိန်လိုက်. ."

သူ့စကားအတိုင်း ကျွန်တော်သည် မီးအလင်းရောင် ဖြန့်ကျက် ရောက်ရာ၏ အစပ်တွင် ရေးရေးမျှသာ မြင်ရသည့် ဝါးပင်ငယ်သို့ လှမ်း ချိန်လိုက်၏။

"အပေါ် နည်းနည်းထောင်၊ ညာဘက်ကို နည်းနည်းရွှေ့၊ ဟုတ် ပြီ စိတ်ငြိမ်ငြိမ်ထား ပစ်တော့"

ကျွန်တော် လက်ညှိုးလေးကို ကွေးလိုက်သည်။

"ဒိုန်း"

အိပ်တန်းဝင် ငှက်တို့သည် လန့်ဖျပ်ပျံသန်းသွားကြသည်မှ လွဲ၍ အခြား သားကောင်တို့ လန့်ဖျပ်ပြေးထွက်သွားခြင်း မရှိကြချေ။ ဘယ့် ကြောင့်ဟု အနီးအပါး နေရာတွင် ဟင်းကောင် (ကျား) ရှိနေခြင်းကြောင့် သားကောင်ငယ်တို့ ဝေးရာ ရောက်နေကြ၍ ဖြစ်ချိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ"

ယမ်းအားပေါက်ကွဲသံကြောင့် စောကက်နက်တို့ သားအဖနှင့် ဖိုးမှူသည် လန့်နိုးလာကြကာ ထိတ်လန့်တကြား ပြေးလာကြသည်။

"ဘာမှ မဖြစ်ပါဘူး။ တောကြောင်တစ်ကောင် တွေ့လိုက်လို့ လှမ်းပစ်လိုက်တာ။ ကဲ ကဲ မနက်ကို ခရီးဆက်ရမယ်။ အားပြည့်သွားအောင် အိပ်လိုက်ကြ"

"နေပါဦး. . . ကိုနတ်ကြီးရဲ့ ချောက်လှန့်ထုတ်တာလား" ဆေးလိုက်သည်တွင် သူက မျက်စိမျက်နှာ ပျက်စွာဖြင့်. . .

"ချောက်လှန့်ထုတ်တာ မသေချာဘူး။ ဒီတော့ သေချာတဲ့ အလုပ်ကို ကျုပ်လုပ်လိုက်တာပဲ မိတ်ဆွေ. . . ကဲပါလေ. . . ကျုပ်တို့ အိပ်ကြရင် ကောင်းမယ်" ဆိုကာ လှဲအိပ်ချလိုက်သဖြင့် ကျွန်တော်သည်လည်း ဘာမျှမပြောလေတော့ဘဲ "ကဲ. . . မင်းတို့လည်း အိပ်ကြတော့. . . မနက်တို့ ခရီးသွားရဦးမယ် မဟုတ်လား" ရယ်လို့ ပြောလိုက်ပြီး လှဲချလိုက်တော့၏။

"မရှိတော့တဲ့ ကျားကို ပစ်ခိုင်းပြီး အေးချမ်းသွားပြီ. . စိတ်ချလက်ချ အိပ်လို့ရပြီ ဆိုပြီး ပြောတာလား မသိပါဘူးကွာ. . ငါမီးတွေ ထပ်ထည့်ပြီး ဝါးစိမ်းအဆစ်ပိတ်တွေ ထည့်ဖောက်နေရင် ကောင်းမယ်ကွ"

စန်းကြည်က သို့ပြောလိုက်သံကြောင့် ကိုလူပုသည် လဲလျောင်းနေရာမှ ခေါက်ခနဲ ထထိုင်လိုက်ပြီး ဒေါသတကြီး လေသံဖြင့်-

"အေး မင်းတို့ အိပ်ချင်အိပ်. . . မအိပ်ချင်နေ။ နို့ပေမင့် ဝါးဆစ်တွေ မီးဖိုထဲ ထည့်ဖောက်ဖို့တော့ စိတ်ကူးတောင် မထည့်နဲ့. . . အိပ်နေတဲ့သူတွေ လန့်နိုးလာလိမ့်မယ်. . . လုပ်ရဲလုပ်ကြည့်. . . ငါနဲ့ တွေ့မယ်" ရယ်လို့ ပြောပြီး ပြန်လှဲအိပ်ချလိုက်တော့သည်။

ကိုလူပုတစ်ယောက် ပြောသလို လုပ်တတ်သည့် လူစားဆိုတာ





သိထားသော ကျွန်တော်သည် "ငါကြားကနေ အာမခံတယ်ကွာ။ သူပြောသလိုသာ နေကြကွာ" ပြောလိုက်လေမှ နှစ်ယောက်သား ပွစိပွစိဖြင့် ပြောကာ သူတို့ အိပ်ရာရှိရာ သွားလိုက်ကြပြီး. . ထင်းမီးကို ထပ်ထည့်နေကြတော့၏။

ပြီး ဂုတ်တုတ်ထိုင်ကာ တောင်ကြည့်မြောက်ကြည့် ကင်းစောင့်နေကြသည်နှယ် ရှိနေကြတော့၏။

အော်. . . ခေါင်းဆောင်ကောင်း တစ်ယောက်အပေါ် ယုံကြည်မှု မရှိသူတို့၏ ဒုက္ခပင် ဖြစ်ချေတော့၏။

နောက်တစ်နေ့ နံနက်စောစော ဝေလီဝေလင်း အချိန်တွင် ကျွန်တော် နိုးလာ၏။ ဝါးတော မြေပေါ်တွင် ဝါးအခင်းလေးဖြင့် အိပ်ရသည်ကြောင့် ချမ်းစိမ့်စိမ့် ဖြစ်နေ၍ မီးပုံတို မီးထပ်ထိုးလိုက်ပြီး မီးလှုံနေလိုက်၏။

အနွေးဓာတ်လေး ရလိုက်သည့် အချိန်လောက်တွင် စန်းကြည်နှင့် မျိုးဝင်းနိုင်သည် အနားရောက်လာကြ၏။ သူတို့ နှစ်ဦးကို ကြည့်ရသည်မှာ အိပ်ရေးမဝသည့် မျက်နှာများ ဖြစ်နေကြ၏။ သို့ကြောင့် ကျွန်တော်က ပြုံးလိုက်ကာ-

"ညက မအိပ်ကြရဘူး ထင်တယ်. . . ဟဲ. . ဟဲ ကိုယ့်ဒုက္ခ ကိုယ်ရှာကြတာကိုး။ ကျားသံမကြားတော့ဘူး ဟုတ်လား"

သို့မေးလိုက်သည်။

"အိပ်ရေးပျက်တာပဲ အဖတ်တင်ပါတယ်ဗျာ. . . ကြက်သံငှက်သံတောင် မကြားရဘူး. . . ကျားက တစ်ညလုံး စခန်းပတ်ဝန်းကျင်မှာ ရှိမနေလို့သာပေါ့"

မျိုးဝင်းနိုင်စကားကြောင့် ကျွန်တော် ရယ်မောလိုက်ပြီး. . .

"ကျားက တစ်ညလုံး ရှိနေပါတယ်ကွ" ဟု ပြောလိုက်၏။

ရှိနေလျှင်ဖြင့် လာပြီး ဒုက္ခမပေးပေမင့် အသံတော့ ကြားရ



www.burmeseclassic.com

www.burmeseclassic.com

မှာပေါ့. . . ” စန်းကြည်က သို့ပြောလေသဖြင့်. . .

“သေနေတဲ့ ကျားက ဘယ်လိုလုပ် အသံပေးနိုင်တော့မှာလဲ ကွ” ဟု ပြောလိုက်သည်တွင် နှစ်ယောက်သား ပြုံးစိစိဖြင့် “ဟင်း. . ဟင်း ဆရာပိုက် စိတ်မဆိုးနဲ့နော်. . . ညက ကောင်းကောင်း မအိပ်ရဘူး ထင်တယ်. . . ” သို့နှယ် လှောင်ပြောင်လို စကားပြောလာသည်ကြောင့် “ကဲ. . ငါနဲ့ လိုက်ခဲ့” ဆိုကာ သူတို့နှစ်ယောက်ကို ညက ပစ်မှတ်ရှိရာ သို့ ဦးဆောင် ခေါ်ခဲ့တော့၏။

ညက လှမ်းမြင်ရသော ဝါးပင်ပေါက်လေးနားရောက်လတွင် ကျွန်တော် ရင်ထိတ်သွားရ၏။ မည်သည့် ထူးခြားမှုမျှ ရှိမနေခြင်းကြောင့် ဖြစ်၏။ သည်တစ်ခါတော့ ကိုလူပု၏ လွဲချော်မှုကြောင့် (သို့မဟုတ်) လှောင်ပြောင်လိုမှုကြောင့် ကျွန်တော် နာမည်ပျက်ရပေတော့မည်။

“ဘယ်မတုန်း. . . ကျားကောင်”

ပြုံးစိစိဖြင့် ကျွန်တော့်ကို သူတို့နှစ်ယောက်က မေးလာကြတော့၏။

ကျွန်တော်ဘာလုပ် ရမည်နည်း။ မည်သို့ ပြန်ပြောရမည်နည်း။ ထိုနေရာမှပင် လှည့်ပြန်ချင်မိတော့၏။ ညက ပစ်မှတ်ရှိရာသို့ လှမ်းကြည့်လိုက်၏။ ထိုနေရာလောက် ဖြစ်ချိမ့်မည်ဟု တမူစောင်းလေးတစ်ခုကို ကြည့်ကာ တွက်မိလိုက်၏။ သို့ဆိုလျှင်ဖြင့် ကျွန်တော့်အတွက် မျှော်လင့်ချက်တစ်ခု ရှိနိုင်၏။ သို့ကြောင့် ထိုကမူစောင်းလေးသို့ ခပ်သွက်သွက် လျှောက်သွားလိုက်၏။

“ဟာ!”

ကျွန်တော် ထင်ထားသည့်အတိုင်း ဖြစ်နေသဖြင့် သက်ပြင်းချ လိုက်ကာ နောက်ဘက် ခပ်လှမ်းလှမ်းမှ လျှောက်လာနေသော စန်းကြည် နှင့် မျိုးဝင်းနိုင်တို လှည့်ကြည့်လိုက်ပြီး-

“ဒီကိုလာခဲ့ကြ ဒီမှာကြည့်” ဆိုကာ ကမူစောင်းလေးတစ်ဘက်





ချိုင့်ခွက်လေးအတွင်း ခွေခေါက်လဲကျသေဆုံးနေသည့် ဟင်းကောင် (ကျား)ကို လက်ညှိုးထိုးပြလိုက်သည်။

သူတို့နှစ်ယောက် လွန်မင်းစွာ အံ့ဩသွားကြသည်။

နဖူးတည့်တည့်မှ ဦးနှောက်ကို ဖောက်ထွက်သွားသော ခဲသီး ကျည်သည် (၇)တောင်ခန့်ရှိ ကျားကို အရှုပ်ကြိုးပြတ် ဖြစ်သွားနိုင်စွမ်း ရှိသည်ကို သူတို့ နှစ်ယောက် သဘောပေါက်သွားတော့သည်။

ထိုကျားသေကို တုတ်လျှိုး၍ ထမ်းပိုးလာသော သူတို့နှစ်ယောက် ရှေ့မှ လျှောက်လာသော ကျွန်တော့်ကို စောကက်နက်တို့ သားအဖနှင့် ဦးမှုသည် တအံ့တဩ ကြည့်နေကြတော့၏။ ကျွန်တော်မည်သို့ မျက်နှာ ထားရမည်မသိ ဖြစ်ရတော့သည်။

ကိုလူပုက ကျွန်တော့်ဖြစ်အင်တို ကြည့်ကာ ရယ်မောနေလေ တော့၏။

ကျားသေကို ဖျက်နေကြရသည်ဖြစ်၍ နေ့လယ်ခင်းလောက်မှ ထိုဝါးတောက ထွက်ခဲ့ကြရသည်။

လမ်းတစ်လျှောက် လင်းမြင့်လှိုင်တို့၏ ခြေရာလက်ရာများ ရှာ ကြသော်လည်း မတွေ့ပါချေ။ သို့ လျှောက်ခဲ့ကြရင်းမှ တောင်ကြောမြင့် မြင့်လေးတစ်ခုတွင် ခေတ္တထိုင်နားကြသည်။

ကိုလူပုသည် တောင်ကြောစောင်းများသို့ လှည့်ပတ်ကာ အဝေး သို့ လှမ်းကြည့်နေရင်းမှ “မိတ်ဆွေ. . . လာကြည့်ဗျာ” ရယ်လို့ ကျွန် တော့်ကို လှမ်းခေါ်သဖြင့် သူ့နားသွားလိုက်သည်။ သူသည် အဝေးတစ် နေရာသို့ လက်ညှိုးညွှန်ပြရင်း-

“အဲဒီသစ်တောအုပ်က အင်ကြင်းဝက်ပါတော ဖြစ်လိမ့်မယ်ဗျ”

“အင်း ဖြစ်နိုင်တယ်။ တော်တော့်ကို ကျယ်ပြန့်တာပဲဗျနော်” တအံ့တဩဖြင့် ပြောလိုက်သည်။

“ကျုပ်တို့ အဲဒီ အင်ကြင်းတောကို သွားရမယ်. . . ခက်တာ

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



က ဒီဥက္ကံတောင်ကြောရဲ့ တောသွတ်လေးကို အရင်ရှာရလိမ့်မယ်။ အဲဒီတောသွတ်လေးကို ဖြတ်နိုင်မှ အင်ကြင်းတောကို ရောက်လိမ့်မယ်. . . အဲဒီတောသွတ်လေးကို ဖြတ်လိုက်မိပြီ ဆိုတာနဲ့ ကျုပ်တို့တွေ လမ်းတစ်လျှောက် သတိမပြတ် အမှတ်အသားတွေ လုပ်ကြရလိမ့်မယ်"

"လမ်းညွှန်ဆိုင်းဘုတ်လေးတွေ သဘော လုပ်ခဲ့ရမှာပေါ့နော်"

ဖိုးမူက သို့မေးလေသည်ကြောင့် ကျွန်တော်က-

"အဲလို လုပ်လို့မရဘူး၊ တောတိရစ္ဆာန်တွေက လူနံ့ရလျှင်ဖြင့် ဆွဲယူလွှတ်ပစ်တတ်ကြတယ်၊ အထူးသဖြင့် မျောက်တို့ ဆင်တို့ ဝက်ဝံတို့ပေါ့" ဟု ပြောလိုက်သည်။

"နို့ဖြင့် ဘယ်လို လုပ်ရမှာတုန်း"

"သစ်ပင်တွေရဲ့ အခေါက်ခွာပြီး မှန်ထစ်လုပ် အမှတ်အသား ရေးခဲ့ရမှာပေါ့"

ကျွန်တော် သို့ပြောလိုက်သည့်စကားတွင် မှန်ထစ်ဆိုတာ ပါသွားသည်ကြောင့် "မှန်ထစ်ဆိုတာ ဘာလဲ" ရယ်လို့ ဖိုးမူက မေးလာပြန်သဖြင့်-

"မှန်ထစ်ဆိုတာ သစ်ပင်ရဲ့အခေါက်ကို ခွာပြီး၊ အထစ်လုပ်တာကို မှန်ထစ်လို့ ခေါ်တယ်၊ အဲဒီလို အခေါက်ခွာလိုက်ရင် အသားပြင်ပေါ်လာမယ်၊ အဲဒီ အသားပြင်ပေါ်မယ် ခရမ်းရောင်ခဲဆံနဲ့ ဘာရေးရေး အတော်နဲ့ မပျက်တော့ဘူးပေါ့. . . တောတိရစ္ဆာန်တွေကလည်း ဖျက်ဆီးလို့ မရတော့ဘူး"

သို့နှယ် ကျွန်တော်က ရှင်းပြလိုက်သည်တွင် ဖိုးမူသဘောပေါက် နားလည်သွားတော့သည်။

ကျွန်တော်တို့သည် ခေတ္တနားနေကြပြီးနောက် ကိုလူပု၏ ဦးဆောင်မှုနောက်မှ ခရီးဆက်ခဲ့ကြပြန်၏။ ကျွန်တော်တို့ လျှောက်ခဲ့သည့် တောင်ကြောမှ တောင်စွယ်လေးများ တြုံလေလျှင် ကျွန်တော်တို့အား





ာင်ကြောမပေါ်တွင် ထားခဲ့ကာ သူတစ်ယောက်တည်း ကြောစွယ်း အတိုင်းဆင်းသွားကာ တောင်ကြောဆက် ရှည်လျှင် ကျွန်တော်တို့ ုမ်းခေါ်၏။ တောင်ကြောဆက်တိုလျှင် သူပြန်တက်လာကာ ကြောမ း အတိုင်း လျှောက်ခဲ့ကြပြန်၏။

"ဦးနတ်ကြီးရယ်. . . တစ်ယောက်တည်း ဆင်းလိုက်၊ တက် တ် ပင်ပန်းပါတယ်။ ကျွန်တော်တို့ ဆင်းကြည့်ပေးပါမယ်"

သို့နှယ် စန်းကြည်နှင့် မျိုးဝင်းနိုင်က ပြောလာသည်တွင် ကိုလူပု ပါးစပ်ကို ရွဲ့ကာမဲ့၍ "တော်စမ်းပါကွာ. . . မင်းတို့ သစ်တောဝန်ထမ်း တော်များများက တောတိုးရမှာ ကြောက်တယ်ဆိုတာ ငါမသိဘူး မှတ် း၊ ကွန်တိုရစ်ပြီ ဆိုလျှင်ဖြင့် တောင်ကြောဆုံးအောင် မဆင်းချင်ကြ ။ ကြောက်တာလည်း ပါတယ်၊ ကြောစွယ် အလယ်လောက်တနေ ာက်ဘက်ကို လှမ်းကြည့်ပြီး မြောင်ရှိတယ်၊ ချောင်းရှိတယ်၊ ဆိုကြ င်ကြေးနဲ့ ပြောသတ်မှတ်ပြီး အပေါ်ပြန်တက်လာတတ်ကြတယ်၊ တယ်တမ်း ကြတော့ မြောင်မဟုတ်ဘဲ တောသွတ်လေးခံနေပြီး တောင် ြာဆက် သွားလျှင်ဖြင့် လုပ်ငန်းများ အလွဲလွဲအချော်ချော် ဖြစ်ကြရပြီ ုတ်လား။ ပြီးတော့ လမ်းကြောမှားပြီး လမ်းမပျောက်နိုင်ပေဘူးလား။ ်တို့ စေတနာ ငါလက်ခံပါတယ်၊ နို့ပေမင့် ငါကိုယ်တိုင်ဆင်းမှ ဖြစ်မှာပါ . . ." ဆိုပြီး ကြောတိုလေးတစ်ခုသို့ ဆင်းသွားပြန်၏။

"စေတနာနဲ့ ပြောတာ လက်မခံ နေပေါ့ကွာ၊ သည်လောက် များနေမှတော့ သည့်ထက် အရပ်ပိုပုသွားလိမ့်မယ်"

စန်းကြည်က သို့ပြောလိုက်ကာ တောင်ကြောလေးထိပ်ပေါ်တွင် ပစ်လက်ပစ် ထိုင်ချလိုက်သည်။

"စန်းကြည်. . . ဦးနတ်ကြီး အပေါ် နားလည်ကြပါကွာ. . . ာ ခေါင်းဆောင်ကောင်းတစ်ယောက် ပီသပါတယ်"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် စန်းကြည်က. . .



www.burmeseclassic.com

www.burmeseclassic.com



"အလကားပါ ဆရာပိုက်ရယ်. . . ဂျိုးစတော ပါလာလို့. . . လူလုံး အထင်ကြီးအောင် လုပ်ပြနေတာပါ. . . ဟဲ. . ဟဲ ဟုတ်တယ် မလား မဂျိုး" ရယ်လို့ ပြောလိုက်သည်။

သူ့စကားကြောင့် ကျွန်တော်သည် စောကက်နက်ကို အားနာ စွာဖြင့် လှည့်ကြည့်လိုက်၏။

ဟူး တော်ပါသေးရဲ့ စောကက်နက်တစ်ယောက် တောင်ကြော တစ်ဘက်အစပ်မှနေ၍ အဝေးသို့ လှမ်းကြည့်နေသည်ကြောင့် စန်းကြည် စကား ကြားနိုင်လိမ့်မည် မဟုတ်ချေ။

"သေနာကောင်နော်. . . နင်ငါ့ကို ဒီလူကြီးနဲ့ မစနဲ့။ ငါ့အဖေ လောက် ရှိတာချည်း"

ဂျိုးစတောက စန်းကြည်ကို ခဲဖြင့် လှစ်ပေါက်ရင်း ပြောလေ သည်။

"အောင်မယ်. . . ဒီလူကြီးက နင့်ကိုသဘောကျနေတာ ငါမသိ ဘူးမှတ်လား"

စန်းကြည်က သို့ ပြန်ပြောလိုက်သည်တွင် ဂျိုးစတောသည် အံလေးကိုကြိတ်ကာ. . .

"နင့် နှမနဲ့ ပေးစားချေ။ အရပ်ချင်းညီတယ်။ ငါဆိုသူ့ထက် အရပ်မြင့်တော့ အရေးအကြောင်းဆို သူ့ကိုငါ ခါးထစ်ခွင် ချီပိုးသွား ရလျှင်ဖြင့် အမြင်မတော်ပေဘူး။ ရှေ့သွားနောက်လိုက် မညီဘူးပေါ့ ဟား. . . ဟင်း. . ဟင်း. . ဟင်း. . ."

ဂျိုးစတောက သို့နှယ် ပြန်လည်နောက်ပြောင် ပြောနေစဉ် မှာပင် ကိုလူပု၏အသံကို ကြားလိုက်ကြရ၏။

"ကဲ ဟေ့. . . တောင်ကြော အတော် ရှည်ပုံရတယ်။ လှမ်းခေါ် နေပြီ ကဲ. . ထ သွားကြစို့. . ." ကျွန်တော်က ပြောလိုက်သည်တွင်-

"အပါး. . . သွားမယ်" ရယ်လို့ ဂျိုးစတောက စောကက်နက်





ကို လှမ်းခေါ်လိုက်တော့၏။

ကျွန်တော်တို့ ဆင်းသွားသော တောင်ကြောစွယ်လေးအဆုံး တွင်ရှိ မြောင်လေးပေါ် လဲကျနေသည့် ဖျဉ်းကတိုး နတ်သတ်ပင်ကြီးပေါ် မှ ထိုင်စောင့်နေသော ကိုလူပုနားသို့ ရောက်သည်တွင်. . .

"ကျုပ်တို့ ဒီတောင်ကြောအတိုင်း ခရီးဆက်ကြမယ်" ပြောလာ သဖြင့်. . .

"ဘယ်လိုဖြစ်ရပြန်တာလဲ ကိုနတ်ကြီးရယ်. . ကွန်တိုအတိုင်း မသွားတော့ဘူးလား"

သို့ ပြောလိုက်သည်တွင် ကျွန်တော့်အား ထိုင်လျက်မှ မော့ ကြည့်လေပြီး-

"ကွန်တို" အတိုင်းရစ်မှာပါ မိတ်ဆွေ ရေစီးကိုလည်း သေသေ ချာချာ ကြည့်ပါဦး" ဆိုသဖြင့် ကျွန်တော်သည် ထိုမြောင်လေးကို ဆင်း၍ သေချာကြည့်လိုက်၏။ ရေစီးနေပုံသည် သစ်လုံး၏အခြားတစ်ဘက်ချေး သည် တောင်ဘက်သို့ဖြစ်ပြီး ကျန်တစ်ဘက်သည် မြောက်ဘက်သို့ သိသိ သာသာကြီး စီးဆင်းနေခြင်း ဖြစ်ပေတော့၏။

"အေးဗျာ. . . ကိုနတ်ကြီးက အင်မတန် စေ့စပ်သေချာတာ ပဲ. . . အမှတ်တမဲ့ အပေါ်က စီးကြည့်လျှင်ဖြင့် သည်မြောင်ဆုံးပြီလို့ ထင်မှာ. . ."

"အေးဗျ. . . ကျုပ်လည်း ဒီကျွန်းနတ်သတ်ပင် ကိုင်းဖျားက ရှားပါးသစ်ခွပင်လေး လှမ်းတွေ့တာနဲ့ ဂျိုးစတောကို ပေးဖို့ဆိုပြီး ဆင်း လာမိပေလို့ပေါ့. . . ဒီနားရောက်တော့ ရေစီးက နှစ်ဘက် ရေကျဖြစ် နေတယ်။ ကြံကြံဖန်ဖန် တောင်ကြောဆက် ကော့ညွှတ်ပေါ်မှာ ဒီကျွန်း နတ်သတ်ပင်က လဲနေရတယ်လို့ကွာ အံ့ပါရဲ့. . . ဒါကြောင့် သည် တောင်ကြောအတော်ရှည်မယ့်ပုံ ထင်လို့ လှမ်းခေါ်လိုက်တာ ကဲ. . . ဂျိုးစတောရေ ညည်းတွက် ရှားပါး သစ်ခွ ရော့ယူ" ဆိုကာ အပွင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခိုင်ပါသည့် သစ်ခွပန်းပင် တစ်ဖုတ်ကို လှမ်းပေးလေ၏။

"ဟဲ့. . . သွားယူလေဟာ. . . အဲဒီသစ်ခွက ရှားပါး ဟဲ့. . . ဖိုးမူကိုတောင် မပေးဘဲ ညည်းကိုပဲ ပေးတယ်ဆိုတော့ သဘေ ပေါက်. . ."

စန်းကြည်က ရွှင်းစတောကို သို့ပြောလိုက်သည်ကြောင့် ကိုပ က "မင်းတို့တွေက တယ်ခက်သကိုးကွ. . . ဖိုးမူက ဆင်ပိုင်ကြီးသမီး. ရွှင်းစတောက ဆင်ခေါင်းကြီးသမီး မင်းတို့ အသိဆုံးပါ. . . ဆိုပါစို့ကွ မင်းမျက်နှာလုပ်ပြီး တံစိုးလက်ဆောင်ပေးမယ်ဆိုလျှင် ဝန်ထောက် ပေးမှာလား၊ တောအုပ်ကြီးကို ပေးမှာလား၊ မှန်မှန်ပြော။ ပေးတာ တူတူ အဆင့်မြင့်တဲ့ သူကို ပေးမှာပေါ့။ ဟုတ်ဘူးလား၊ အဲလိုပဲ ဆင်ပ ကြီးနဲ့ ဆင်ခေါင်းကြီးဆိုရင်လည်း ဆင်ပိုင်ကြီးကို ဖားပေးကြမှာပဲ. . ဆင်ပိုင်ကြီးသမီးကို မျက်နှာလုပ် ပေးကြမှာပဲ. . . ဒါကြောင့် ငါတယ ဆင်ပိုင်ကြီးသမီးဖိုးမူက သူ့ကို မျက်နှာလုပ် ပေးချင်ကြသူတွေ များတ ရွှင်းစတောတတော့ သူ့အဖေက ဆင်ခေါင်းကြီးအဆင့်သာ ရှိတေ ပေးမယ့် တမ်းမယ့်သူ သိပ်မရှိလောက်ဘူးကွ၊ ဒါကြောင့် ငါက ရွှင် တောကို ပေးတာကွ။ မင်းဘာပြောချင် သေးလဲ၊ ဟိုတစ်နေ့က တောင် ဖိုးမူကို True Love ရေမွှေး တစ်ပုလင်း လက်ဆောင်ပေး ငါမသိဘူးမှတ်လား။ မင်းတို့တသာ မျက်နှာကြီးရာ ဟင်းဖတ်ပါ ချ တာ။"

သူ့စကားကြောင့် စန်းကြည် ပါးစပ်ပိတ်သွားတော့သည်၊ တော် ပြုံးလိုက်မိသည်။

"ကဲ. . . ခရီးဆက်ကြမယ်"

ကိုလူပုက ရှေ့မှ ဦးဆောင်ထွက်သွားလေတော့၏။

ထိုတောင်ကြောအတိုင်း လျှောက်ခဲ့ကြရာမှ ကြောအထ လောက်တွင် ရှေ့မှ သွားနေသော ကိုလူပုက ရုတ်ခြည်း ရပ်လို





ခေါင်းကိုမော့ကာ လေကို ရှူရှိုက်လိုက်ပြီး. . .

"ဟာ ဟုတ်ပြီ. . . ဒါ "အင်ကြွင်း" တောဖြစ်လိမ့်မယ်၊ အင် ကြွင်းပန်းရနံ့ရတယ်"

ကိုလူပုပြောသလိုပင် လေသင့်ရာမှ အင်ကြွင်းပန်းရနံ့များ ရလိုက်ကြသည်။

"ကဲ. . . လာကြ ခပ်မြန်မြန် အမှတ်အသားတွေ သေသေ ချာချာ လုပ်ခဲ့ဖို့ မမေ့နဲ့နော်. . အရေးကြီးလာပြီ" ဆိုကာ ကိုလူပုသည် ခပ်မတ်မတ် ဖြစ်နေသော တောင်ကြောပေါ်တွယ်ဖက်တက်လိုက်၏။ ကျွန်တော်နှင့် စန်းကြည်၊ မျိုးဝင်းနိုင်၊ စောကက်နက်တို့သည် သစ်ပင်များ တွင် လမ်းညွှန်အမှတ်အသားများလုပ်ရင်း ကိုလူပုနောက် လိုက်သွားကြ တော့သည်။

တောင်ကြောမကြီးတစ်ခုအပေါ် ရောက်လာကြသည်နှင့် အင် ကြွင်းပင်အချို့ကို စတွေ့ကြရတော့၏။

ထိုတောင်ကြောမကြီးပေါ်တွင် စခန်းချရန်အတွက် နေရာလိုက် ရှာကြ၏။

"ရေ အခက်အခဲ ရှိနိုင်တယ် မြေပြန့်နေရာ ရှာကြမယ်" ဆိုသဖြင့် ကိုလူပုစကားကို မပယ်ရှားလိုကြသည်ကြောင့် သူ့နောက်မှ ဆက်လိုက်သွားကြ၏။ သို့သွားရင်း တောင်ကြောစွယ်လေးတစ်ခုအတိုင်း ဆင်းသွားကြသည်။

ရေခမ်းနေသော ချောင်းရိုးတစ်ခုကို တွေ့သဖြင့် ထိုချောင်းရိုး အတိုင်း ဆန်တက်ခဲ့ကြရာတွင် ကျွန်တော်တို့၏ ကွန်တိုလမ်းကြောင်းပေါ် တွင် နေရာထိုင်ခင်းကောင်းသော မြေပြန့်လေးတစ်ခု တွေ့သည်နှင့် ကျွန်တော်တို့အား ထိုနေရာတွင် ခေတ္တနားနေကြရန် ထားခဲ့ပြီး ကိုလူပု သည် တစ်ယောက်တည်း ရှေ့ဆက်တောတိုးသွားတော့၏။ အားလုံး ခြေပစ်လက်ပစ် ထိုင်ချ နားလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာထိတိုင် လျှောက်လာရသည့် ခရီးလမ်းကြောင်းသည် မနည်းလှပါချေ။

အတန်ကြာတွင် ကိုလူပု ပြန်ရောက်လာ၏။ ဝမ်းသာအားရဟန်ဖြင့်. . .

"ဒီနေရာ. . စခန်းတဲ ဆောက်ကြမယ်. . . ရေအတွက်လည်း မပူရဘူး။ ရွှေ့နားမယ် လျှိုလေးတစ်ခု ရှိတယ်။ အထဲနည်းနည်း ဝင်လိုက်လျှင်ဖြင့်. . . ကျောက်အိုင်လေးတစ်ခု ရှိတယ်။ ကောင်းလိုက်တဲ့ရေဗျာ. ."

"ချိုးဖို့ကြတော့ကောဗျ" ကျွန်တော်က မေးလိုက်၏။

"ဒီချောင်း အောက်ဘက် နည်းနည်းစုန်ဆင်းလိုက်လျှင်ဖြင့် ရေရှိနိုင်ပါတယ်. . . မရှိလျှင်ဖြင့်လည်း ကျောက်ရေအိုင်လေးထဲကရေ ခပ်ချိုးလို့ ရတာပဲဗျာ. . ဒီနေရာလောက် စခန်းချတောင်းမယ့် နေရာ မရှိနိုင်လောက်ဘူး။ ဒါ အင်ကြွင်းဝက်ပါတောရဲ့ အဝင်အဝပေါက်လို့ ပြောရမယ် စောစောက တော့ညွတ်နေရာလေးနဲ့လည်း နီးတော့ ပိုအဆင်ပြေတာပေါ့ဗျာ. . . တဲ. . . ခဏနားပြီး စခန်းတဲ ဆောက်ကြတာပေါ့. . ."

သို့ဆိုကာ ကိုလူပုတစ်ယောက် ယခုမှပင် ခြေပစ်လက်ပစ် နားလိုက်ချေတော့သည်။

အားလုံး ခေတ္တခဏ အနားယူပြီးနောက် နီးစပ်ရာမှ ဝါးများကို ခုတ်၍ စခန်းတဲ ဆောက်လိုက်ကြသည်။

ယောကျ်ားသားများ တဲဆောက်နေသည့် အချိန်တွင် အမျိုးသမီးနှစ်ဦးက ကျားသားမစားဝံ့ဟု ပြောပေမင့် စန်းကြည်လုပ်ပေးထားသည့် မီးပုံကြီးတွင် အသားတုံးများကို ဝါးတံစို့ထိုး၍ ကျွန်တော်တို့အတွက် အလို့ငှာ မီးကင်ပေးနေလေ၏။

တဲဟု ဆိုရခြား ဝါးတိုင်လေးတိုင်တွင် ခါးစောင်းလောက်ရှိ





အမြင့်၌ ဝါးဆင့်ခံ၍ ဝါးကြမ်းခင်းပြီး တောင်ငှက်ပျောရွက်ဖြင့် တစ်ဖက်ရပ် အမိုး လုပ်ထားခြင်းသာ ဖြစ်၏။ သို့ပေမင့် မိန်းကလေးနှစ်ယောက် အတွက် တဲကိုမူ သုံးဘက် အပိတ်ကာပေးထား၏။ မျက်နှာစာတွင်မူ အဝင်ပေါက်ကို ချန်ထား၍ ၂ပေအမြင့်ရှိ ဝါးထရံ ကာပေးထား၏။

ကျွန်တော်နှင့် ကိုလူပုအတွက် တဲတစ်လုံး၊ မိန်းကလေးနှစ်ဦး အတွက် တဲတစ်လုံး၊ စန်းကြည်၊ မျိုးဝင်းနိုင်နှင့် စောကက်နက်အတွက် တဲတစ်လုံး စုစုပေါင်း သုံးလုံးဖြစ်၏။

တစ်တဲနှင့်တစ်တဲ ၁၀ပေသာသာခြား၍ ဆောက်ထားခြင်း ဖြစ်သည်ကြောင့် မိန်းကလေးနှစ်ယောက်အတွက် လုံခြုံစိတ်ချစွာ နေနိုင်ပေ၏။

တဲဆောက်ပြီးသည်နှင့် နားနေကြပြီး ရေချိုးသောက်၊ ကျားသားမီးကင်စားနေကြစဉ် ကိုလူပုတစ်ယောက် ဓါးမတစ်ချောင်းယူတာ ချောင်းအထက်သို့ သုတ်ခြေတင် ထွက်သွားလေတော့၏။ ဘယ်သွားမည် ရယ်လို့ ပြောမသွား၊ ဘယ်သူတာမှလည်း သူ့ကို "ဘယ်တုန်း" ရယ်လို့ စပ်စပ်စုစု မမေးလိုက်ကြချေ။

"ဟဲ့. . . ညည်းတို့က ကျားသားမစားကြဘူးဆို" သို့နှယ် စကားတစ်ခွန်းတော့ ပြောသွားသေးသည်ဟု ရှိုင်းစတောက ပြန်ပြောပြလေ၏။

"ဟဲ့. . . စန်းကြည် ညနေကျ ဟိုနားသည်နား အမဲပစ်ထွက်ရအောင်"

သို့ဖိုးမူက. . ပြောလိုက်သည်ကြောင့် ကျွန်တော်က "နေဦး ကိုလူပု ပြန်လာမှ သူ့ကိုပြောပြီးသွားတာ ကောင်းလိမ့်မယ်ထင်တယ်။ သူပြောပုံအရ ဆိုလျှင်ဖြင့် ဒီအင်ကြွင်းတောက ဝက်ပါ လိုပဲတဲ့. . . တော်ကြာ လမ်းပျောက်လမ်းမှားပြီး စခန်းပြန်မရောက်နိုင် ဖြစ်နေမှ ဒါ တို့မယ် တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်ဦးမယ်"

သို့ ကျွန်တော်က သတိပေးပြောလိုက်သည်တွင် စန်းကြည်က



www.burmeseclassic.com

www.burmeseclassic.com



လူလည်ကြီးလုပ်ပြီး "ဆရာပိုက်ရယ်၊ ဟိုနားဒီနားတင်ပါ။ ပြီးတော့ ကိုယ်သွားခဲ့တဲ့ လမ်းကို အမှတ်အသား လုပ်သွားမှာပေါ့"

သူ့စကားကြောင့် ကျွန်တော် ယဲ့ယဲ့ပြုံးကာ တဟင်းဟင်း ရယ်သွမ်းလိုက်ပြီး-

"ပို မဖြစ်နိုင်သေးကွာ ဘာလို့လဲဆိုတော့ ငါတို့က သည်တောထဲမှာ လမ်းမှားပျောက်ဆုံးနေတဲ့ သူတွေကို လာရှာကြတာ။ ပိုက်စိပ်တိုက် ရှာရမယ့် သဘော ဖြစ်နေတယ်၊ ဒီတော့ ကြည့်ရတာ ဒီတောမှာ လူသားဆိုလို့ လင်းမြင့်လှိုင်တို့ ပျောက်နေတဲ့ အဖွဲ့ ရှိကောင်းရှိမယ်၊ အဖြစ်နိုင်ဆုံးကတော့ ငါတို့အဖွဲ့ပဲ ရှိမယ်၊ လိုက်ရှာတဲ့ ငါတို့အဖွဲ့က နံပါတ်ထိုး အမှတ်အသားလုပ်လာကြတာ ဆိုတော့. . ."

ကျွန်တော်စကားမဆုံးမီ စန်းကြည်က

"ဟုတ်ကဲ့. . . သဘောပေါက်ပြီ. . . " ဆိုကာ မျိုးဝင်းနိုင်တို့ခေါ်၍ ရေချိုးရန် ထွက်သွားကြသဖြင့်. . .

"ချောင်းကို စုန်ဆင်းသွား. . . သိပ်ဝေးဝေးတော့ မသွားကြနဲ့နော် ရေမတွေ့လျှင်ဖြင့်လည်း ကိုလူပုပြောတဲ့ ကျောက်အိုင်ပဲသွား. . . ခပ်ချိုးကြချေ"

သို့နှယ် လှမ်းအော် သတိပေးလိုက်ပြန်၏၊ သူတို့ ထွက်သွားပြီး မကြာမီတွင် ကိုလူပုတစ်ယောက် ပြန်ရောက်လာတော့၏။

သူနှင့်အတူ ကျောက်ငါးခူကြီး (၅)ကောင်ပါလာ၏။ နှီးကြိုးဖြင့် ပါးဟက်ကို ဖောက်ကာ သီယူလာခြင်းဖြစ်၏။

မိန်းကလေးနှစ်ယောက် ဝမ်းသာသွားကြသည်။ ကိုလူပုတစ်ယောက် မိန်းကလေးနှစ်ယောက်အတွက် ငါးရှာသွားခြင်းပင် ဖြစ်နေသည်ကိုး။

စန်းကြည်နဲ့ မျိုးဝင်းနိုင်ကောဟု မေးလာသဖြင့်- "ရေသွားချိုးကြလေရဲ့" ဟု ပြောလိုက်သည်။





"ဒီကောင်တွေ တယ်ခက်တာပဲ. . အလုပ်ကို ပြီးပြတ်အောင် မလုပ်ဘူး" ပြောလာပြန်သည်ကြောင့် ကျွန်တော်က-

"အားလုံးပြီးမှ သွားကြတာပါ. . . မီးပုံအတွက် ထင်းခြောက်တွေလည်း ကောက်သွားလေရဲ့၊ အလေးအခင်း သွားဖို့လည်း လုပ်ထားပြီးပဲ၊ ဘာမှ မရှိတော့ပါဘူး" ရယ်လို့ ကျွန်တော်က သူ့ကို "ဆရာ" လုပ်ရန်ကောဗျာရယ် သဘောပေါက်စေသည့် လေသံဖြင့် ပြောလိုက်သည်။

"မိတ်ဆွေကိုလည်း ကျုပ်အထင်ကြီးခဲ့တာ အလကားပဲ၊ ဖထီးကက်နက်ကလည်း ဖအေတစ်ယောက်လုံး လုပ်ပြီး သိတတ်မှုမရှိဘူး" ဆိုကာ တဲများနောက်ဘက်သို့ ထွက်သွားပြီး ငါးလုံးများခုတ်လေ၏၊ ထရံယက်လေ၏။ နှီးဖြာလေ၏၊ ပြီးလေမှ မိန်းကလေးနှစ်ယောက်၏ တဲနောက်တွက် ကပ်လျက်နှင့် ထွက်ပေါက်ချန်ပြီး သုံးဘက်ကာပေးလေ၏၊

"ဘာလုပ်ဖို့တုန်း"

ကျွန်တော်က မေးလိုက်သည်၊

"ရေချိုးဖို့" သို့သာ သူပြော၏၊

"ဒါများ ကိုနတ်ကြီးရယ် မိတ်ဆွေပြောတဲ့ ရေအိုင်မယ် သွားခပ်ချိုးကြလျှင်ဖြင့် ရတာပဲ" သို့ပြောလိုက်သည်တွင် ကျွန်တော့်ကို စိမ်းစိမ်းကြီး ကြည့်ပြီး. . .

"သူတို့ရေချိုးတဲ့ နေရာကို မိတ်ဆွေက အမြဲလိုက်ပါ စောင့်ရှောက် ပေးမှာလား။ သူ့အဖေကကော လိုက်သွားလို့ သင့်ပါ့မလား။ ဟိုနှစ်ကောင် ဆို ပိုဆိုးတော့မှာပေါ့" ဟု ပြောလာ၏။

"ဒါကတော့ဗျာ. . သူတို့ျယောက် အဖော်ရှိတာပဲ သူ့ဖာသာ သွားကြစေပေါ့"

ကျွန်တော်က ဒေါသစွက်သံဖြင့် ပြောလိုက်၏၊



www.burmeseclassic.com

www.burmeseclassic.com



"ခတ်လိုက်တာ မိတ်ဆွေရယ်. . ဒီအင်ကြင်းတော အကြောင်း ဘယ်လောက် သိလို့လဲ. . . ရောက်ဖူးလို့လား ကျုပ်က သိလို့ ပြောနေတာ၊ သတိပေးနေတာ"

"မိတ်ဆွေကကော ရောက်ဖူးလို့ ပြောနိုင်တာလား။ သူ့စကား ကို နင်း၍ ပြန်မေးလိုက်သည်တွင် သူသည် ဒေါသထွက်သွားပုံရ၏၊ သို့ ဖြစ်၍လားမသိ-

"ရောက်ခဲ့ဖူးလို့ သိလို့ ပြောတာဗျာ မယုံ ဖထီးစောကက်နက် ကို မေးကြည့်"

"ဘာရယ်. . ဖထီးကက်နက်နဲ့ မိတ်ဆွေ ဒီတောကို ရောက်ဖူး တယ် ဟုတ်လား"

ကျွန်တော်က တအံ့တသြ မေးလိုက်သည်တွင် သူ့မျက်နှာပျက် သွားတော့၏၊

ကိုလူပုတစ်ယောက် သူစကားပြော မှားသွားသည်ကြောင့်လား၊ စကားလွန်သွား သည်ကြောင့်လား မသိပါချေ။ နှုတ်ဆိတ်သွားတော့၏၊

သူနှင့် ဖထီးကက်နက် အင်ကြင်းတော ရောက်ဖူးကြသည် ဆိုပါ ကလား၊ ဘယ်တုန်းက ရောက်ဖူးပါလိမ့်။ ဖထီးကက်နက်ကို သတိပြု လိုက်မိသည်၊

သူဒီတော ဝင်လာကတည်းက စကားနည်းနေသည်၊ မျက်စိ မျက်နှာပျက်နေသည်။ ဘာကြောင့် သူဒီတောအကြောင်းမသိ၊ မရောက် ဖူးသည့် ပုံစံဖြင့် နေ. . . နေရပါသနည်း။ ပြီးတော့ ကိုလူပုကို ဘာကြောင့် သူ အောင့်သက်သက်ဖြင့် လိုက်လျောနေရပါသနည်း။ သူတို့နှစ်ယောက် တွင် လျှို့ဝှက်သော အကြောင်းများ ရှိနေကြလိမ့်မည်ဟု ကျွန်တော် ထင် လိုက်မိသည်၊ သို့ကြောင့် ကိုလူပုကို ဘာမှ ဆက်မမေးတော့လေဘဲ. . . "ကဲပါလေ ဖထီးကက်နက်ကို ခေါ်ပြီး ရေချိုးသွားကြစို့. . ."

သို့နှုယ် စကားလွှဲပြောလိုက်သည်။





"ချာတိတ်နှစ်ကောင် ပြန်လာလျှင်ဖြင့် သွားကြတာပေါ့" ဆိုလာ သဖြင့် ကျွန်တော်သည် တဲပေါ်သို့ ပြန်တက်နေလိုက်သည်။

တဲကြမ်းခင်းပေါ် လှဲအိပ်နေရင်း ကိုလူပု အကြောင်း စဉ်းစား နေလိုက်မိသည်၊

ဘယ်လို လူစားပါလိမ့် ကျွန်တော် သူ့အပေါ် အမြင်ကြည်လင် မှု မရှိခြင်းမှာ ဂျိုင်းစတောကို အရှယ်ကိုမျှမငဲ့ ရယူပိုင်ဆိုင်လိုခြင်း ကိစ္စ သည် အဓိကဖြစ်၏။

ထိုကိစ္စမှတပါး သူ၏ ကျန်လုပ်ဆောင်မှုတွေကို သဘောကျပါ သည်။

ကျွန်တော် တွက်မိသလောက် ကိုလူပုသည် စောကက်နက်၏ ပျော့ကွက် တစ်ခုကို ကိုင်ထားကာ အကျပ်ကိုင်၍ သူ့သမီးကို တောင်းခံ နေလေသည်လား မသိ။ သို့ဆိုပါလျှင် ကိုလူပုသည် လွန်စွာမှ နိမ့်ကျ အောက်တန်းကျသူတစ်ယောက် ဖြစ်ပေလိမ့်မည်၊

သူ့ရင်တွင်း ဖြစ်ပေါ်နေသည့် "အချစ်" နှင့်ပတ်သက်၍ ကျွန် တော်နားလည် ပေးနိုင်ပါသည်၊ အချစ်ဆိုတာ အိုသည် ပျိုသည်နှင့်မဆိုင်၊ အချစ်ကြောင့် ယဉ်ယဉ်လေး ရူးနေကြသူတွေ လောကကြီးမှာ ဒုနဲ့ဒေး ရှိနေကြသည်၊

ကာယကံရှင်ထံတွင် ရိုးသားစွာ တောင်းခံယူသင့်၏၊

"မိတ်ဆွေ. . . ချာတိတ်နှစ်ယောက် ပြန်လာပြီ ရေချိုးသွား ကြစို့ဗျာ"

ကျွန်တော်သည် မည်မျှကြာကြာ စဉ်းစားတွေးတောနေမိသည် မသိ။ ကိုလူပု ရောက်လာခေါ်မှ သတိရလိုက်၏၊ ကလေးမလေးနှစ် ယောက်ပင် ရေမိုးချိုးပြီးကြလေပြီ၊ ဘယ်လိုချိုးကြပါလိမ့်ရယ် ကျွန်တော် စဉ်းစားနေမိသည်တို ရိပ်မိလေသည်ကြောင့်လား မသိ။ ကိုလူပုက-

"ချာတိတ်နှစ်ယောက်က ရေချိုးအပြန်မယ် "ကြသောင်း" ဝါး



www.burmeseclassic.com

www.burmeseclassic.com



ကိုခုတ် အဆာစ်ဖောက် နေထည့်ယူလာကြတယ်လေ အဲဒါကြောင့်လည်း သူတို့နှစ်ယောက်ကိုရေချိုးခန်း မဟာဖြစ်တဲ့တိစ္ဆ ပြောမနေတော့ပါဘူးဗျာ"

"တဲ သွားစို့ ကိုနတ်ကြီး" ဆိုကာ သေနတ်ကိုယူ ကျွန်တော် ထွက်လိုက် ခဲ့တော့၏။

"ဖထီးကော မလိုက်ဘူးလား" ဟု မေးလိုက်သည်။

ဒီနေ့ မချိုး တော့ဘူးတဲ့။ ချာတိတ်နှစ်ကောင်နဲ့ ဝိုင်းထိုင်နေတယ်"

"အော်. . ." ဟုသာ ကျွန်တော် ပြောလိုက်ပေမင့် ဖထီးတွင် စိတ်ညစ်စရာကြုံနေရသည် ကြောင့် ဖြစ်ချိမ့်မည်ဟု တွက်လိုက်မိသည်။

"ချာတိတ်နှစ်ယောက် ပြောတယ်ဗျ ချောင်းအောက်ဘက်ကို သိပ်မသွားရဘူး။ မြောင်ကျယ်ကြီးတစ်ခု တွေ့လိမ့်မယ်တဲ့။ အဲဒီအစပ်နားလေးမှာတင် ရေအိုင်လေးတစ်ခုရှိတယ် ပြောလို့ အဲဒီသွားချိုးကြစို့ မိတ်ဆွေ" ဟု ပြောလာ၏။

သို့ပြောသလိုပင် စခန်းနှင့် မဝေးပါချေ။ ကျွန်တော်သည် သေနတ်ကို ရေအိုင်အစပ်နားရှိ သစ်ပင်တစ်ပင်၏ ပင်စည်တွင် မှီ၍ ထောင်ထားလိုက်ပြီး ရေအိုင်ထဲသို့ ဆင်းမည်အလုပ်တွင် ရေအိုင်အထက်ဘက် မြောင်ကွေ့လေးနားတွင် ပုလင်းပြားလေးတစ်ခု လှမ်းတွေ့လိုက်သည်ကြောင့် ထိုနေရာသို့ သွားလိုက်၏။

ကိုလူပုက ကျွန်တော့်ကို အကဲခတ်ကြည့်ရင်း ရေစိမ်နေတော့၏။

"ဟင်!"

လင်းမြင့်လှိုင် ဆောင်နေကျ ပုလင်းပြားလေးဖြစ်၏။ စခန်းမှ နေ၍ ဟိုနားသည်နား တောပစ်ထွက်လျှင် အရက်ကို ရေရောစပ်ထည့်သွားလေ့ရှိသော ပုလင်းပြားလေးဖြစ်၏။

သေချာရန်အလို့ငှာ ကျွန်တော်သည် အဖုံးဖွင့်၍ နမ်းကြည့်





လိုက်သည်။

ဝီစကီနံ့ကို ရလိုက်သည်။ သေချာပေပြီ။ ဤအင်ကြင်းတောတွင် လင်းမြင့်လှိုင်တို့ ရှိနေသည်မှာ သေချာပေသည်။

ကျွန်တော်က ကိုလူပုကို ပြောပြလိုက်သည်တွင် "ခြေရာ" ကော မတွေ့ခဲ့ဖူးလား" ဟု မေးလေသည်။

ကျွန်တော်သည် ခေါင်းခါပြလျက် ရေဆင်းစိမ်လိုက်တော့သည်။

ရေမိုးချိုးပြီး စခန်းသို့ အပြန်လမ်းတွင် တွေ့ရလေသည် ထင်းခြောက်တုံးနှစ်တုံးကို ထမ်းယူလာခဲ့ကြ၏။

စခန်းသို့ ရောက်သည်တွင် ဂျိုင်းစတောက ကိုလူပုကို. . . ဖိုးမူက အမဲပစ်ချင်ကြောင်း ပြောလေသည်တွင် "ဒါမျှားအေ. . ညည်းက အဆန်းတကြယ် လုပ်လို့ ညကျပစ်ရမှာပေါ့" ပြောလေသဖြင့် ကျွန်တော် ကိုလူပုကို စိမ်းစိမ်းကြည့်လိုက်၏။ ပြီးနောက်. . .

"မိန်းကလေးတွေကို ဘာကြောင့် ညဘက် အမဲပစ်ထွက်ခိုင်းရတာတုန်း. . မိတ်ဆွေပဲ ဒီတောက အန္တရာယ် များတယ်ဆို" ဟု ချက်ကျကျ ပြောလိုက်သည်တွင်. . .

"မြန်မာစကား နားမလည်ဘူးလား မိတ်ဆွေ။ ကျုပ်က ညကျပစ်ရမှာပေါ့ပဲ ပြောတာနော်။ အမဲပစ်သွားမယ် ပြောခဲ့လို့လား" ဟုတ်ပလားပဲ။ သို့ပေမင့်. . .

"စဉ်းစဉ်းစားစားလည်း ပြောပါဦးဗျာ အမဲက ဖိုးမူရဲ့သေနတ်ပြောင်းဝထိပ် လာရပ်ပေးမှာ ကျနေတာပဲ" ဟု ပြောလိုက်၏။

"ဦးပိုက် ပြောတာလည်း ဟုတ်တာပဲ။ ဦးလူပုကြီး မနောက်နဲ့နော် ဖိုးမူကို ကျွန်မပြောပြီးပြီ။ ဒီနေ့ကို ညည်းအမဲပစ်ရအောင် ငါပြောပေးမယ်လို့. . . အဲဒါ ဦးလူပုကို အားကိုးပြီး ပြောလိုက်တာ သိလား"

ကိုလူပုက ဂျိုင်းစတော၏ ကလေးငယ်လို ပူဆာနေဟန်ကို သဘောကျစွာဖြင့် ကြည့်ကာ ရယ်မောနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မရယ်ပါနဲ့ ဦးလူပုရယ်. . . နောက်နေတာ မဟုတ်ပါဘူးနော်"

ဂျိုင်းစုတောက သို့ပြောလာသဖြင့် "အော်. . . ဘာနောက်ရမှာတုန်း. . . ညည်းသူငယ်ချင်းမလေးက သေနတ်ကောင်းကောင်းပစ်တတ်လို့လား"

"အောင်မယ် ပစ်တတ်ပါတယ်နော် လက်တွေ့ပြမယ် ဟင်း. . ဟင်း. . ဟင်း"

ဖိုးမူက မခံချင်စိတ်ဖြင့် ပြောလိုက်သည်။

ကိုလူပုအကြောင်း ကျွန်တော် အသိဆုံးဖြစ်သည်။ သူ့ကတိကို သူဖျက်လိမ့်မည်ဟုတ်။

သူ့မယ် ဘယ်လို အကြံရှိနေသည်မသိ။ စောင့်၍ ကြည့်ရပေဦးတော့မည်။

မည်သို့ပင်ဆိုစေ ညဘက် အမဲပစ်ခေါ် သွားမည် ဆိုလျှင်တော့ဖြင့် ကျွန်တော်တတော့ လိုးဝတန့်ကွက်ရပေလိမ့်မည်။

တဲပေါ်တွင် ကျွန်တော်တို့နှစ်ယောက် ထိုင်လိုက်ကြပြီးသည်နှင့် ဖိုးမူတို့နှစ်ယောက်သည် ကျားသားကျပ်တိုက်မီးကင်နှင့် ငါးကြော်တစ်ကောင် လာပေးလေသည်။

"ဟဲ့. . . ငါးက ညည်းတို့နှစ်ယောက် လုံလုံလောက်လောက်စားဖို့ ထားလေ"

"ကျွန်မတို့ နှစ်ယောက် သုံးကောင်ကို မနည်းကုန်အောင် စားရတယ်. . . ဖယီတို့ တစ်ကောင်၊ ဦးပိုက်တို့ကို တစ်ကောင် ထားတာ" ဟု ဖိုးမူက ပြောလေသည်။ ပြီးနောက်-

"ဦးလူပု ပြောထားတဲ့ စကား မမေ့ရဘူးနော်" ဟုဆိုကာ ကျွန်တော်တို့ တဲရှေ့မှ လှည့်အထွက်တွင် ဂျိုင်းစတောက ပြောသွားလေသဖြင့် ကိုလူပုတစ်ယောက် သွားကိုဖြဲကာ သဘောကျနေလေတော့၏။

ဒီကလေးမလေးတတော့ ဘာမှမသိ။ ရိုးသားစွာ ခင်မင်ဆက်





ဆံနေခြင်းဖြစ်၏။ ကိုလူပုတ သူ့ကို သိမ်းပိုက်ချင်နေသည်တို့ မသိ၍ဖြစ်ချိမ့်မည်။ အရိပ်အမြွက်တော့ သတိပေးထားလျှင် ကောင်းလိမ့်မည်ဟု စဉ်းစားလိုက်မိသည်။

"အင်း. . . ဂျိုင်းစတောကလေးက မျက်လုံးပြူးပြူး၊ အသားလေးဖြူဖြူ၊ သွယ်သွယ်လှလှ ချစ်စရာတလေးဗျာ။ မိတ်ဆွေကော ဘယ်လိုမြင်လဲ" ဟု မေးလာသဖြင့် ကျွန်တော့်အတွက် အကွက်ကောင်းဝင်ချေပြီဟု တွက်လိုက်ကာ-

"ကောင်မလေးက ချောတယ်၊ လှတယ် ဆိုလျှင်ဖြင့် လုံလောက်နိုင်ပါတယ်။ ချစ်စရာလေးနော်လို့ ပြောလိုက်တာက သိပ်တော့ အဓိပ္ပာယ်ချစရာ မကောင်းဘူးဗျ။ တိုယ့်စိတ်ထဲမှာ သန့်သန့်နဲ့ ပြောလိုက်မိတာတတစ်မျိုးပေါ့. . ဖောက်လွဲဖောက်ပြန်စိတ်လေး နည်းနည်းပါလာလျှင်ဖြင့် မသင့်လျော်ပေဘူး။ ကောင်မလေးတ လှတယ်၊ ချောတယ်၊ တျတ်သရေရှိလိုက်တာ ဆိုလျှင်ဖြင့် ပိုပြီးမသန့်ရှင်းပေဘူးလား" တု စောင်းချိတ်ပြောလိုက်သည်။

"စကားလုံးတစ်ခုရဲ့ အနက်ကို ပြောချင်တာထက် ကျုပ်တို့စောင်းချိတ်ပြောချင်တာတ များနေပြီ ထင်တယ်။ ဟဲ. . တဲ. . တဲ. . ဒီမယ် မိတ်ဆွေ လူတွေက ကိုယ့်အကြောင်းထက်ကိုယ် ဘယ်သူ့အကြောင်းကိုမှ မသိနိုင်ဘူး။ ပိုဆိုးတာက ကြားစကားကို မျက်စိမှိတ်ယုံလိုက်တဲ့ လူမျိုးတွေပဲ။ တစ်ဦးနဲ့ တစ်ဦး ပြဿနာ ရှိကြတယ်၊ ပဋိပက္ခဖြစ်ကြတယ်ဆိုတာ အကြောင်းရင်း ရှိလို့ အကျိုးဆက်တွေ ဖြစ်လာကြတာပဲ. . . ဆိုပါတော့ဗျာ. . . မိတ်ဆွေနဲ့ ကျုပ်နဲ့ စတွေ့ရင်းနှီးကတည်းက ဘာပြဿနာ ရှိဖူးလဲ. . ."

"မရှိပါဘူး"

"မိတ်ဆွေနဲ့ ဖယီကကျ်နက်နဲ့ သိတာကြာပြီလား"

"မိတ်ဆွေနဲ့ ဆုံပြီး မရှေးမနှောင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ. . မိတ်ဆွေနဲ့ သူနဲ့ကော ဘာဖြစ်ဖူးလဲ"

"ဟင့်အင်း"

"ကဲဗျာ. . . ဥပမာ ဆိုပါစို့. . . သူက ကျုပ်ကို ကောင်းတဲ့လူ မဟုတ်ဘူး၊ သူနဲ့ ကျုပ်ပေါင်းလာတာ ကြာပြီ၊ ခင်ဗျားသူ့ကို ကြည့်ပေါင်းနော်ဆိုလျှင်ဖြင့် မိတ်ဆွေ ဘယ်လို ဆုံးဖြတ်မလဲ"

ကျွန်တော် သူ့မျက်နှာကို သေသေချာချာ ကြည့်လိုက်သည်။

ပွင့်လင်းရိုးစင်းသော အပြုံးကို သူ့မျက်နှာတွင် တွေ့လိုက်ရသည်၊ ကျွန်တော် ဘာပြန်ပြောရမည် မသိဖြစ်သွားရသည်။

"ကဲပါ မိတ်ဆွေ၊ ဒါတွေ ထားလိုက်ပါတော့၊ တစ်ခွက်တစ်ဖလား ရှိလျှင်ဖြင့်လည်း လုပ်ချေဗျာ"

"ရှိပြီကော ကိုနတ်ကြီးရယ်. . . လင်းမြင့်လှိုင်ကိုတော့ သတိရသေးဗျာ. . ."

"သူသုံးနေကျ ပုလင်းပြားလေးကို တွေ့လာတယ်ဆိုတော့ သူ့ကို မြန်ဆုံဖို့ အခွင့်အလမ်းတွေ အများကြီး ရှိပါသေးတယ်ဗျာ"

မျိုးဗင်းပေးလိုက်သည့် ရမ်တစ်လုံးကို ထုတ်ကာ ဖွင့်လိုက်၏။

"ပေးပေး- ကျုပ်ကိုပေး" ဆိုကာ ဖွင့်ပြီးစ ရမ်ပုလင်းကို လှမ်းယူပြီး တဲမျက်နှာစာဘက်လှည့်ကာ နဖူးပေါ်သို့ ပုလင်းကို မြှောက်ကပ်လိုက်ပြီး ပါးစပ်မှ တတွတ်တွတ် ရေရွတ်ကာ အရက်တစ်ပက်ခန့်ကို မြေပေါ်သို့ လောင်းချလိုက်သည်။

တတွတ်တွတ် ဘာတွေ ရွတ်ဖတ်နေသည်တော့မသိ၊ တောပိုင်တောင်ပိုင်ကို တင်မြှောက်လေခြင်းဆိုတာတော့ ကျွန်တော် သိလိုက်၏၊ သို့ပေမင့် သားကောင်ရ၍ တင်မြှောက်ခြင်း မရှိသည်ကို သတိရလိုက်သည်ကြောင့်-

"ကိုနတ်ကြီးက အရက်မသောက်ခင် တင်မြှောက်တာရှိပြီး သားကောင်ရလျှင်ဖြင့် အစိမ်းသော်လည်းကောင်း၊ ချက်ပြုတ်ပြီးသော်





ည်းကောင်း တင်မြှောက်တာတော့ မတွေ့ရဘူး၊ ဘာကြောင့်လဲဗျ" မေးလိုက်၏။

သူသည် ကျွန်တော့်ကို ကြည့်ပြီး ဝါးခွက် နှစ်ခွက်တွင်းတစ်ပက် ခန့်ထည့်လိုက်ပြီး

"ရမ်ကိုတော့ ဝါးခွက်နဲ့ သောက်တတ်ပါတယ်နော်. . ." ဟု ပြောလိုက်ပြီးလေမှ-

"ဒီလို ရှိတယ် မိတ်ဆွေရဲ့၊ ညည့်သည်က အိမ်သည် တည်ခင်းးတဲ့ အစားအစာကို ပြန်ကျွေးရိုးထုံးစံ လုပ်ခဲ့တာ ဘယ်သူများ ရှိလို့ န်း၊ ညည့်သည်က သူ့မယ်ပါလာတဲ့ စားသောက်ဖွယ်ကိုသာ ပေးရိုး ကျွေးရိုး ထုံးစံသာ ရှိတာပါဗျာ. . ခုလည်း ဒီသဘောပေါ့. . . ကျုပ် ပ်စခတ်ရရှိတဲ့ သားကောင်ဆိုတာ သူတို့ပေးလို့ရတာလေ. . . အရက် တာ ကျုပ်တို့ ယူလာတာ ဟဲ. . ဟဲ. . သဘောပေါက်လောက် ပြီ ါ" ဆိုကာ ကျွန်တော့်ခွက်တွင်းသို့ ရေနှစ်ပက်ခန့်ထည့်ပြီး ထိုရေခွက် င် ကိုင်ထားလျက် ကျန်လက်တစ်ဖက်ဖြင့် သူ့အရက်ခွက်ကို တောက် မော့ချလိုက်ပြီးမှ ရေတို လိုက်မော့ချလိုက်တော့၏။

သူ့ဝမ်းဗိုက်တွင်း အရက်တစ်ခွက် ဝင်သွားပြီးနောက်ပိုင်း သူ့ မှ စကားသံ လုံးဝမကြားရပါတော့ချေ။

အမြည်းကိုတော့ တွင်တွင်စားလေသည်၊ နှစ်ယောက်ကို တစ် းခန့်ကုန်သွားသည်တွင် မှောင်စပျိုးချေပြီ ဖြစ်၏။

ကိုလူပုသည် အရက်တစ်ခွက် ထပ်ထည့်သောက်လိုက်ပြီး မြည်းကို စားလျက်မှ ကျွန်တော့်ကို စေ့စေ့ကြည့်ကာ-

"ကဲ. . . မိတ်ဆွေ ခင်ဗျား မလိုက်ချင်လည်း ခေါ်ရမှာပဲ၊ ဓာတ်ကော သေနတ်ပါ ယူခဲ့ချေ"

သို့သာပြောပြီး တဲပေါ်မှ ဆင်းသွားသည်ကြောင့် ကျွန်တော် ည်လည်း သေနတ်နှင့် ဓာတ်မီးကိုယူကာ သူ့နောက် လိုက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကဲ. . . အမဲပစ်ချင်တယ်ဆို. . . လာကြလေ"

ကိုလူပုသည် ဖိုးမူတို့ တဲရှေ့သွားကာ သို့ပြောလိုက်သည်နှင့် ဖိုးမူသည် ပွိုင့်တူးတူး သေနတ်ကိုကိုင်လျက် ဂျိုင်းစတောနှင့်အတူ တဲပေါ်မှ ဆင်းလာကြ၏။

"ကိုနတ်ကြီး. . . ဖြစ်ပါ့မလားဗျာ. . ." ရယ်လို့ကျွန်တော်က ပြောလိုက်သည်တွင်-

"ဘာမဖြစ်ရမှာတုန်း မိတ်ဆွေရဲ့. . . ကျုပ်က ကတိပေးထား လျှင်ဖြင့် ဖျက်ရိုးထုံးစံမရှိဘူး။ ကဲ. . . ညည်းတို့လာကြ" ဆိုကာ ရှေ့ ဦးဆောင် ထွက်သွားတော့၏။

သူသွားနေသည်မှာ ချောင်းရိုးအတိုင်း စုန်ဆင်းလေခြင်းဖြစ် သည်။

ကျွန်တော်တို့ ရေချိုးအပြန် ထင်းခြောက်တုံးများ ကောက်ခဲ့ သည့်နေရာ ရောက်သည်တွင် တိုးတိတ်စွာနေရန် အချက်ပြပြီး ချောင်း တမ်းစပ်ရှိ ချုံတောတစ်ခုနားသို့ တိုးတပ်သွားလိုက်၏။

"ညည်း ငါ့နောက်လိုက်ခဲ့" ဆိုပြီး ဖိုးမူကို ခေါ်လေ၏။

"မိတ်ဆွေ ရှေ့က ချုံတောကို မီးထိုးချေဗျာ"

ဆိုလာသည်ကြောင့် ကျွန်တော်က လက်တွင်းရှိ ဓာတ်မီးကို လှမ်းထိုးလိုက်၏။

မီးရောင်အောက်တွင် မျက်ဝန်းတစ်စုံကို တွေ့လိုက်သည်။ တောကြက်ဖတစ်ကောင် ဖြစ်၏။ မီးရောင်ကြောင့် ငေးကြောင်နေသော တောကြက်ဖကို တွေ့လိုက်သည်နှင့် ဖိုးမူသည် သူ့လက်တွင်းရှိ သေ နတ်ဖြင့် ထိုးချိန်ကာ ပစ်လိုက်၏။

"ဒိုင်း"

မည်သို့မျှ မဝေးသည့် ပစ်မှတ်သားကောင်တောကြက်ဖ





က်ကောင်းသွားသည်ဟု ပြောရချိမ့်မည်။ ဖိုးမူ ပစ်လိုက်သောကျည်ဖူး သည် တောကြက်ဖနှင့် ၂ပေခန့်အကွာမှ ဖြတ်သွားတော့သည်။

"ကဲ. . . ကိုယ့်ညံ့ဖျင်းမှုကြောင့် သားကောင် လွတ်သွားတာ နော်. . . ကျုပ်တာဝန်ကျေပြီ"

ကိုလူပုက သို့သာပြောပြီး လာလမ်းသို့ ပြန်လှည့်လေတော့၏။

ဖိုးမူတို့နှစ်ယောက်သည် မကျေမနပ်ဖြင့် သူ့နောက်ပါးမှ လိုက်ပါခဲ့ကြတော့၏။

ကျွန်တော် သဘောပေါက်သွားချေပြီ။ ကိုလူပုတစ်ယောက် အင်မတန် တော်လွန်းလှပေသည်။

ကျွန်တော်တို့ ရေချိုးအပြန် ထင်းခြောက်တုံးတောက်ရင်း ထို နေရာတွင် ကြက်အိပ်တန်းရှိသည်ကို သိထားသဖြင့် သို့နှယ် ရဲရဲအာမခံ ခဲ့ခြင်းဖြစ်ပေသည်။ ကျွန်တော် သူ့ကို အထင်လွဲခဲ့သည်။

လွန်စွာ ပါးနပ်သူ မျက်စိလျင်သူ ဖြစ်၏။ ညနေက ထိုနေရာ တွင် လတ်လတ်ဆတ်ဆတ် ကြက်ချေးပုံများ တွေ့ထားခဲ့၍ ဖြစ်မည်။

"ညည်း သားကောင်မရဘဲ ပြန်ခဲ့ရလို့ မကျေမနပ် ဖြစ်နေတယ် ဟုတ်လား၊ ဒါသဘာဝပဲလေ၊ ဘယ် မုဆိုးမဆို သားကောင်မရဘဲ မပြန် ချင်ကြဘူး"

ရှေ့မှသွားရင်း သို့ပြောလာသည့်စကားကြောင့် ဖိုးမူသည် . .

"ဒါလည်း သိရဲ့သားနဲ့ ဦးနတ်ကြီးရယ်. . . ကျွန်မလည်း သား ကောင်တစ်ကောင်လောက် ရပြီးမှ စခန်းပြန်ချင်တာပေါ့"

"ကောင်းပြီလေ. . . ညည်း အကောင် တစ်ကောင်လောက် ခံခတ် ရပြီးရင် ကျေနပ်မလား"

ကိုလူပုက သို့ပြောလိုက်သဖြင့် ဖိုးမူက အလျင်စလိုပင်

"အင်း! စခန်း မပြန်ချင်သေးဘူး။ ဟိုနားသည်နား သားကောင် ချင်သေးတယ်" ဟု ပြောလေသည်။ သည်တွင် ကိုလူပုက စခန်းရှေ့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်တွင် "ညည်းဒီနားလာ" ဟုပြောလိုက်သည်တွင် ဖိုးမှု အ
နားတိုးကပ်သွားလိုက်၏။

စခန်းရှေ့ ချောင်းတစ်ဖက် ကမ်းတွင် တစ်ပင်တည်း ထီး
ပေါက်နေသည့် သစ်ပုပ်ပင်ကြီးကို လက်ညွှန်ပြပြီး-

"အဲဒီအပင်ကြီးရဲ့ "ဂွဆုံ" အထက် ညာဘက်ကို ဖြာထွက်
တဲ့ ကိုင်းအဖျားလောက်မှာ သစ်ခက်လေးတစ်ခက်တည်း ချွန်ထွက်
တာကော မြင်လား"

သို့ ဖိုးမှုကို မေးလိုက်၏။

"မြင်တယ်"

"ဟုတ်ပြီ အဲဒီသစ်ခက်ကို ညည်းသေနတ်နဲ့ လှမ်းချိန်လိုက်"

"တင်! ဘာတောင်မှလည်း မရှိဘဲနဲ့. . . ကျွန်မက အဲဒီသ
ခက်ကြီးကို ပစ်ရမှာလား. . ."

"ငါပြောသလိုသာ လုပ်မှာ လုပ်စမ်းပါ"

အည့်တွင် ဖိုးမှုသည် သူပြောသည့်အတိုင်း လှမ်း ပစ်မှတ်
လိုက်သည်။

"ဒီဘက်ကို နည်းနည်းရွှေ့" ဆိုကာ သူသည် ဖိုးမှု၏ ...
နတ်ပြောင်းဝကိုကိုင်၍ ပစ်မှတ်ကို လိုသလို ရွှေ့ပြောင်းပေးလေပြီးမှ. . .
"ဒီအတိုင်း ငြိမ်နေပါစေ၊ ဟုတ်ပြီ ပစ်လိုက်တော့"

"ဒိန်း"

"ဟုတ်ပြီ. . . မိတ်ဆွေရဲ့ ခါတ်မီးခဏပေး" ဆိုကာ ကျွ
တော့်ထံမှ ဓာတ်မီးကို တောင်းကာ သူတစ်ယောက်တည်း ထိုသစ်ပုပ်
ကြီးအောက်သို့ သွားလေသည်။

သစ်ပုပ်ပင်အောက် ရောက်သည်တွင် ဓာတ်မီးဖြင့် မြေပြင်
ထိုးကာ တစ်စုံတစ်ရာကို ရှာဖွေနေလေ၏၊ ပြီးတစ်စုံတစ်ရာကို ကော
ယူလိုက်ပြီး ကျွန်တော်တို့ထံ ပြန်လာလေသည်။





ကျွန်တော်တို့နားရောက်သည်တွင် "ရော့ ညည်းပစ်လိုက်တဲ့
အကောင်" ဆိုပြီး ဖိုးမှုကို လှမ်းပေးလာ၏။ ရှဉ့်လေး တစ်ကောင် ဖြစ်
သည်။ ဖိုးမှုသည် သူ့ကိုယ်သူပင် အတော် အံ့ဩသွား မိသည်ဟုပင်
ပြောလာ လေတော့၏။

"ဟယ်. . . ငါလေ. . . ဦးနတ်ကြီးက ပစ်ဆိုလို့သာ ပစ်လိုက်
တာ ဘာကောင်မှလည်း မတွေ့ဘူး. . . ခုတော့ ငါပစ်လိုက်တာ ရှဉ့်လေး
ဟ"

ကျွန်တော် ပြုံးလိုက်မိသည်၊ ကိုလူပုအကြောင်းကို ကျွန်တော်
အသိဆုံးပင် မဟုတ်ပါတလား။

"ကဲ. . . မိတ်ဆွေ- ကျုပ်ရဲ့အလုပ်တာဝန် တစ်ခုတော့ ပြီးသွား
ပြီ. . . လက်ကျန်လေး သွားဖြို့လိုက်ကြစို့" ဆိုကာ တဲပေါ်ပြန်တက်
သွားတော့၏။ ဖိုးမှုတို့သည်လည်း တက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့ နံနက်တွင် ကျွန်တော်တို့သည် လင်းမြင့်လှိုင်တို့ အဖွဲ့နှင့် ဆုံစည်းရန် အင်ကြွင်းတောအတွင်း ခရီးထွက်ခဲ့ကြ၏။ ကောင်းကောင်း နေထိုင်မကောင်းသည်ဆိုကာ စောကတ်နက်သည်စခန်းတွင် နေခဲ့မည်ဆိုသဖြင့် သမီးဖြစ်သူ "ဂျိုင်းစတော"နှင့် ဖိုးမူတို့က အဖော်အလို့ငှာ နေခဲ့ကြမည် ဖြစ်သည်ကြောင့် မျိုးဝင်းနိုင်ကိုပါ ယောကျ်ားသားအဖော်အဖြစ် ထားခဲ့သည်။

"ကျွန်တော်တို့ ရေချိုးတဲ့မြောင်မယ် လင်းမြင့်လှိုင် သုံးနေကျ အရက်ပုလင်းပြားလေးတွေ တွေ့တယ်ဆိုတော့ အဲဒီတောင်ကြောတစ်ဝိုက် အရင်ခြေရာကောက်လိုက်ကြလျှင်ဖြင့် ကောင်းလိမ့်မယ် ထင်တယ်"

သို့ ကျွန်တော်က အကြံပြုလိုက်သည်။

"ကောင်းတယ်. . . အဲဒီမြောင်အတိုင်း ဝင်သွားပြီး အဆင်ပြေမယ့် အတက်လေးတနေ တောင်ကြောအတိုင်း ရိက္ခာတွေ အတွက်





သားကောင်ပစ်ရင်း ရှာကြတာပေါ့. . ."

"သွားလာလမ်းတစ်လျှောက် အမှတ်အသား လုပ်ခဲ့ဖို့တော့ မေ့လည်း မမေ့နဲ့ ပျင်းလည်း မပျင်းလေနဲ့နော်"

ကျွန်တော်က စန်းကြည်တို့ သတိပေးလိုက်၏။

"မျိုးဝင်းနိုင်ရေ. . . ဖထီကတ်နက်ကို ဂရုစိုက်လိုက်ပါကွာ။ ငှက်ဖျားဖြစ်လိမ့်မယ်၊ ဒီအောက်မြောင်လေးရဲ့ တောင်ကြောလေးပေါ်မယ် မနေ့က ရေချိုးသွားရင်း "ဆေးခါးကြီး"ပင် တွေ့ခဲ့သကွ၊ စားသောက်ပြီးရင် သွားနှုတ်ပြီး အမြစ်ကို သုံးခွက်တစ်ခွက်တင် ကျိုတိုက်ထားကွာ။ မင်းဆေးခါးကြီးပင်ကို သိတယ် မဟုတ်လား"

သို့ ကျွန်တော်က ပြောလိုက်သည်။

"သိပါတယ် ဆရာပိုတ်ရယ်၊ စိတ်ချသွားပါ၊ စားသောက်ပြီးတာနဲ့ သွားနှုတ်ပြီး ကျိုတိုက်လိုက်ပါ့မယ်"

"အေး တစ်ခုတော့ သတိပေးခဲ့ပါရစေ၊ အဲဒီနေ့ရာတနေလွှဲပြီး ဘယ်မှ လျှောက်မသွားနဲ့နော်. . . မင်းမျက်စိလည်သွားလိမ့်မယ်။ ဟင်း. . . ဟင်း. . ."

ကိုလူပုက ပြောလိုက်ပြီး တောင်မလေးနှစ်ယောက်ဘက်လှည့်ကာ- "ညည်းတို့လည်း စခန်းကဘယ်မှ မသွားကြနဲ့နော်"

သို့ဆိုကာ အောက်ဘက် မြောင်ရှိရာသို့ ဦးဆောင်သွားလိုက်၏၊

သည်သို့ဖြင့် ကျွန်တော်တို့၏ အင်ကြွင်းဝက်ပါ တောအတွင်း လူပျောက်ရှာခြင်းလုပ်ငန်းကို စတင်လုပ်ကြခြင်းဖြစ်တော့၏၊ မည်သူ့ခြေရာမျှ မတွေ့ရခြင်းသည် ထူးဆန်းလှပေ၏၊

အလျဉ်းသင့်သည့် နေရာရှိ သစ်ပင်တို့တွင် အမှတ်အသားလုပ်ခြင်းကို အလျဉ်းသင့်သလို လုပ်သွားကြသည်၊

တောတိရစ္ဆာန်တို့၏ ခြေရာအဟောင်းကော အသစ်ပါ ဇရပ္ပတွေ့ရသည့်အထဲတွင် ကျားခြေရာ လတ်လတ်ဆတ်ဆတ်များကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်ကြောင့် ပို၍သတိထားလျှောက်ခဲ့ကြ၏။

သို့လျှောက်ခဲ့ကြရင်း မြေပြန့်တစ်ခုသို့ ရောက်လာကြ၏။ "အင်းပျက် ဖြစ်လိမ့်မည်" ဟု ကျွန်တော်က ပြောလိုက်သည်။

ကိုလူပုက ခေါင်းကိုသာ ခါပြပြီး ကင်ပွန်းချုံနွယ်တစ်ခုကို လှမ်းပြကာ- "ကင်ပွန်းချုံနွယ်နောက်မယ် သားကောင်တစ်ကောင် ရှိနိုင်တယ်ဗျ. . ."

"ဘာကောင် ဖြစ်နိုင်တုန်း"

ကျွန်တော်က သို့မေးလိုက်သည်တွင်- "ကျုပ်ဘယ်သိနိုင် ပါ့မလဲ မိတ်ဆွေရယ်" သို့ပြောလာသည်ကြောင့် တစ်ခု စဉ်းစားမိ၏။ ကျွန်တော် သတိထားမိသလောက် သူ့မျက်ဝန်းသည် အမှောင်တွင်းသို့သာ စူးစူးရဲရဲ ထွင်းဖောက်နိုင်ပြီး နေ့ဘက်တွင် အမြင်အား မကောင်းသူ ဖြစ်ချိမ့်မည်။

ထိုသည်ကား သူ၏အားနည်းချက် ဖြစ်မည်။

"ဆရာပိုက် ကျွန်တော် ပစ်လိုက်မယ်"

စန်းကြည်က သို့ပြောပြီး သူ့လက်တွင်းရှိ သေနတ်ဖြင့် ထို ကင်ပွန်းချုံနွယ်သို့ လှမ်းပစ်လိုက်သည်။

"ဒိုင်း"

"ကွိစ်ယီး" ရယ်လို့ အော်ဟစ် ထွက်ပြေးသွားသော လူတစ်ယောက်ကို လှမ်းတွေ့လိုက်ရ၏။

"ဟာ!"

"လူဖြစ်နေတယ်ဟ. . . ဒုက္ခပဲ. . . မှန်သွားလား မသိ"

ကျွန်တော်က သို့ပြောလိုက်ကာ စန်းကြည်ကို လှမ်းကြည့်လိုက်၏။ သူ၏မျက်နှာသည် စိုးရိမ်ထိတ်လန့်မှုတွေနှင့် ပြည့်လျှံသွားတော့၏။

ကိုလူပုကို ကြည့်လိုက်တော့ သူလည်း အံ့သြနေပုံရ၏။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ထိုချုံနွယ်ရှိရာသို့ သွားလိုက်ကြသည်။





သွေးစက်တွေ ကြည့်ခြင်းအားဖြင့် ကျည်ထိမှန်သွားပုံရ၏။

သွေးစက် ခြေရာအတိုင်း လိုက်ကြည့်ကြသည်။

"ဟာ. . . ဒီမယ် လာကြည့်စမ်း ခြေရာတွေ့ပြီဗျ" ကိုလူပုက ပြော၏။ သို့ကြောင့် သူ့နား သွားကြည့်လိုက်ကြသည်။

လူခြေရာနှင့် ဝက်ခြေရာများ ရှုပ်ပွနေသည်ကြောင့်. . . သုံးယောက်သား သေချာ စူးစမ်းကြည့်လိုက်ကြ၏။

"လူခြေရာက အဟောင်း၊ တောဝက်ခြေရာက ခုလေးတင် ဖြတ်သွားတဲ့ လတ်လတ်ဆတ်ဆတ် ခြေရာဗျ၊ သွေးစက်တွေလည်း ရှိနေတယ် ဆိုတော့ ကျုပ်တို့ တောရဲ့ လှည့်စားမှုကို ခံလိုက်ရတာ"

သူ့စကားကြောင့် စန်းကြည်သည် စိတ်လှုပ်ရှားစွာဖြင့် - "ဒီဖြင့် ကျွန်တော် ပစ်လိုက်မိတာ လူမဟုတ်လောက်ဘူးပေါ့"

ကိုလူပုက စန်းကြည်ကို ပြုံး၍ ကြည့်လိုက်ပြီး-

"တောဝက်တွ. . . ရှေ့က အင်ကြင်းတောထဲ ဝင်သွားတာ ဖြစ်မယ်" ပြောလေသည်။

"ကိုနတ်ကြီးသဘောက. . ."

သို့ ကျွန်တော် မေးလိုက်သည်။

"သွေးဒီလောက် ထွက်နေပုံထောက်လျှင်ဖြင့် သိပ်ဝေးဝေးသွားနိုင်တော့မှာ မဟုတ်ဘူး"

"ဒီဖြင့် ကျွန်တော်တို့က ဒီကောင့်နောက် လိုက်နေလျှင်ဖြင့် လမ်း စပျောက်သွားနိုင်တယ်နော်၊ ကျုပ်သဘောကတော့ လူရှာတဲ့အလုပ်ကို ဦးစားပေး စေချင်တယ်"

ကျွန်တော့် စကားကြောင့် ကိုလူပုသည် တစ်ချက် စဉ်းစားလိုက်ကာ "ကျုပ်အထင် သိပ်ဝေးဝေး လိုက်စရာမလိုတော့ဘူး ထင်တယ်ဗျ"

"သဘောပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့သည် အင်ကြင်းတောအုပ်လေးအတွင်း ဝင်ခဲ့ကြသည်။

မြေတွင် ကျန်ရစ် ကျန်ခဲ့သည့် သွေးစက်များနောက် လိုက်ခဲ့ရာတွင် ထင်ထားသလို ဖြစ်မလာပါချေ။ တဖြည်းဖြည်းဖြင့် အင်ကြင်းတောအတွင်းပိုင်းသို့ အတော်ဝေးဝေးသို့ ရောက်ခဲ့ကြလေသည်။

"အပြန်လမ်း ပျောက်နိုင်တယ်ဗျ"

စိုးရိမ်စိတ်ဖြင့် ကျွန်တော်က ပြောလိုက်သည်။

"ပူစရာမလိုပါဘူး မိတ်ဆွေ. . . ခုလိုပဲ သွေးစက်လမ်းကြောင်းအတိုင်း ပြန်ကြတာပေါ့. . . " ဆိုကာ ရှေ့ဆက် သွားလေသည်။

"ဟာ!. . . ဟိုမယ် တွေ့ပြီ တွေ့ပြီ"

အားရဝမ်းသာ ကိုလူပု ပြောလိုက်သံကြောင့် သူ့နောက် အတော်လှမ်းလှမ်းမှ လိုက်ခဲ့ကြသော ကျွန်တော်နှင့် စန်းကြည်သည် သူ့နား ပြေးသွားလိုက်ကြသည်။

"ဟင်!"

ဝက်တောင်းကြီး ဖြစ်၏။ တုံးလုံးလဲနေ၏။ သွေးတို့အိုင်ထွန်းနေ၏။ သို့ပြား သေဆုံးခြင်း မရှိသေးဘဲ ထပြေးရန် ကြိုးစားလိုက်၊ ပြန်လဲကျသွားလိုက် ဖြစ်နေသဖြင့်-

"စန်းကြည်. . . မင်းလက်စ မင်းပဲ သိမ်းလိုက်ချေကွာ"ဟု ကျွန်တော်က ပြောလိုက်သည်။

စန်းကြည်သည် သူ့လက်တွင်းရှိ သေနတ်ဖြင့် ဝက်၏ ဦးခေါင်းပိုင်းကို ထိုးချိန်လိုက်ကာ သေနတ်မောင်းထိန်းခလုတ်ကို ဆွဲညှစ်လိုက်မည် လုပ်ပြီးလေမှ-

"ဟာ. . . ဝက်မဟုတ်ဘူး၊ လူဗျ. . . လူ. . " သို့ပြောရင်း သေနတ်ပြောင်းကို မြေသို့ ထိုးစိုက်လိုက်သည်ကြောင့် သူ့အား ကြည့်နေကြသော ကျွန်တော်နှင့် ကိုလူပုသည် သူ့ဝစ်မှတ်တောဝက်ရှိရာသို့





လှမ်းကြည့်လိုက်ကြသည်။

"ဟာ ဝက်ပါကွ. . ."

စန်းကြည်ကို နှစ်ယောက် ပြိုင်တူ ပြောလိုက်ကြသည်။ စန်းကြည်ကမူ အတော်ကြီးကို မျက်စိမျက်နှာပျက်ကာ တုန်လှုပ်စွာဖြင့် "လူပါဗျာ. . . သေချာကြည့်ကြပါဦး"

သို့သာ ပြောနေလေသဖြင့် ကျွန်တော်သည်လည်း ဇဝေဇဝါဖြင့် ဝေဝါးသွားရတော့၏။

"လူမဟုတ်ပါဘူး တောဝက်ကြီးပါကွ ပစ်မှာပစ်၊ ငါတာဝန်ယူတယ်၊ ဒီကောင်ကြီး ထပြေးဖို့ ကြိုးစားနေတယ်"

ကိုလူပုက သို့နှုယ် ပြောလိုက်စဉ်မှာပင် တောဝက်ကြီးသည် အားစိုက်ထကာ ကျွန်တော်တို့ထံ တရှူးထိုး ပြေးဝင်လာတော့သည်။ ကိုလူပုကား လူသာပုသည်။ သွက်လက် ဖျတ်လတ်လွန်းလှသည်။ ကျွန်တော်သည် ကိုလူပု ပြေးသွားရာဘက် ပြေးလိုက်သွားတော့၏။

"အား"

တောဝက်တောင်းကြီးသည် ငေးကြောင်နေသော စန်းကြည်ကို ပွတ်တိုက် ပြေးလွှားသွားတော့သည်။

စန်းကြည် လဲပြိုကျသွား၏၊ ဘယ်ဘက်ခြမ်းပေါင်လယ်တွင် ဝက်စွယ်နှင့် ခြစ်မိဒဏ်ရာ ရသွား၏။ သွေးများ ဖျာထွက်လာတော့သည်။

ဂျင်းဘောင်းဘီထူကြီး ဝတ်ထားသည်ကြောင့် ဒဏ်ရာသိပ်မပြင်းပါချေ။

အတော်ကလေးတော့ အထိနာသွားပုံရသည်။ နာကျင်လွန်းသည်ကြောင့်လားမသိ။ သူ့မျက်နှာ ရှုံ့မဲ့နေတော့သည်။

"ကျွန်တော် လူရယ်လို့ပဲ မြင်တာဗျ. . ခုလို တောဝက် ပက်ခံရတော့မှ တကယ် ဝက်ဖြစ်နေတာ သိရတယ်ဗျာ"

"မိတ်ဆွေ. . . ကျုပ်တို့ ဒီဝက်ကို ဆက်လိုက်လို့ ဟော့ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ် မထင်ဘူး"

"ဟုတ်တယ် ကိုနတ်ကြီး... ကျုပ်တို့ လူရှာတဲ့အလုပ်ကို ဆက်လုပ်ကြတာ အကောင်းဆုံးဖြစ်နိုင်တယ်"

"ဒါပဲ ကြည့်တော့ မိတ်ဆွေ၊ ဒီတောက ကျုပ်တို့ကို စပြီး ပညာပေးနေပြီ ထင်ပါ့"

ကျွန်တော်တို့သည် အင်ကြင်းတောလေးအတွင်းမှ မြေပြန့်လေးရှိရာ ပြန်လှည့်ခဲ့ကြသည် ဆိုငြား လမ်းစအတော်နှင့် ရှာမရသည်ကြောင့် ၁၅မိနစ်ခန့် ခရီးလေးကို တစ်နာရီသာသာ ကြာသွားရသည်။ ထိုအင်ကြင်းတောလေးအတွင်းတွင် အမှတ်အသား မပြုလုပ်ခဲ့၍ ဖြစ်သည်။ အမှတ်အသား လုပ်ရန် မေ့ခြင်း မဟုတ်။ တောတိုးကွန်တိုရစ်ခဲ့သည့် အမှတ်အသားများနှင့် ရောထွေးသွားမည်စိုး၍ ဖြစ်၏။

အင်းပျက်ဝမှာ မြေပြန့်လေးသို့ ပြန်ရောက်ကြလေတော့မှ "ဟင်း!" ချနိုင်ကြတော့၏။

"တော်ပါသေးရဲ့ဗျာ"

စန်းကြည်က သို့ပြောလာသည်။

"ကျုပ်မပြောပေဘူးလား၊ ဒီအင်ကြင်းတောက ဝက်ပါလိုပဲဆိုတာ ဟိုလူတွေတော့ ဒီတောထဲမှာ ချာချာလည်နေတာ သေချာတယ်"

ကျွန်တော်တို့သည် နောက်ဆုံးအမှတ်အသားဖြစ်သော သစ်ပင်ရင်းတွင် နားနေထိုင်လိုက်ကြသည်။

"အင်း... ဟိုလူတွေတော့ ဘယ်လိုဖြစ်နေကြတယ် မသိဘူးဗျာ..." ကျွန်တော်က ညည်းညူပြောလိုက်သည်။

"တစ်ယောက်တကွဲ ဖြစ်သွားလျှင်ဖြင့်တော့ မသိဘူးပေါ့ဗျာ.. သုံးယောက် စုစုစည်းစည်း ဆိုလျှင်ဖြင့် ပြဿနာမရှိလောက်ပါဘူး... ကျုပ်တို့တုန်းကဆိုလည်း..."

"ဘာဗျ... ကိုနတ်ကြီးလည်း ဒီတောမယ် မျက်စိလည်ဘူး





တာပေါ့... ဘယ်သူတွေနဲ့လဲ"

သူ့စကားမဆုံးမီ ကျွန်တော်က ဝင်မေးလိုက်သည်။ ကိုလှပုတစ်ယောက် ကျွန်တော့်အမေးကြောင့် မျက်စိမျက်နှာ ပျက်သွားသည်။ သို့ပေမင့် အပြုံးတုတစ်ခုကို ရုတ်ခြည်း ဖန်တီးလိုက်ပြီး...

"ကြာပါပြီ... ဘယ်သူဘယ်ဝါဆိုတာ မိတ်ဆွေကို ပြောပြလည်း သိမှာ မဟုတ်ပါဘူး"

ပြောလာသဖြင့်... "ထားပါလေ အဲဒီတုန်းက ဒီတောထဲမှာ ဘယ်လောက်ကြာ မျက်စိလည်၊ လမ်းမှားနေခဲ့ရတာလဲ... ဘယ်လိုလုပ်ထွက်လာနိုင်ခဲ့သလဲ..."

"ဆယ်ရက်လောက် ကြာခဲ့တယ်ဗျ၊ နို့ တောင်မှ တောမှီပုဂ္ဂိုလ်တစ်ယောက်နဲ့တွေ့ပြီး သူကိုယ်တိုင် တောညွတ်နားထိ လိုက်ပို့ပေးခဲ့လို့ပေါ့ဗျာ..."

"ဘယ်လို ဒုက္ခမျိုးကြုံခဲ့သလဲ..."

ကျွန်တော့်အမေးကြောင့် သူမျက်စိမျက်နှာ ပျက်သွားပြန်၏။ ဘယ့်တွက် သို့ဖြစ်ရပါသနည်း။ စဉ်းစားမရပါချေ။ ဒါလေးမေးရုံဖြင့် မျက်စိမျက်နှာပျက်ရတယ်လို့။

"ဒါနဲ့... ကိုနတ်ကြီးပြောတဲ့ တောမှီပုဂ္ဂိုလ်ဆိုတာ..."

"အရပ်က ကျုပ်ထက်ပုချင်သေးဗျာ... သူ့ကိုယ်သူတော့ ရသေ့လို့ ပြောတာပဲ... ဒါနဲ့ ကျုပ်က ရသေ့ဆိုလျှင်ဖြင့် "ဒေါက်ခြာ" ရှိရမှာပေါ့... ပြောလိုက်တော့... ဒေါက်ခြာ ဆောင်းရတဲ့ရသေ့သူတော်စင်က သူတို့ထက် အဆင့်ပိုမြင့်တယ် ပြောတာပဲဗျာ"

"နို့ဖြင့် အဲဒီရသေ့က ဘယ်ကိုသွားသလဲ"

"ဒီတောထဲပဲ ပြန်ဝင်လာတာ တွေ့လိုက်တယ်"

"ဒါဆို ရသေ့ဟုတ်ချင်မှ ဟုတ်မယ်ဗျ... ဒီတောစောင့်နတ်ဖ ရသေ့ယောင် ဖန်ဆင်းပြီး ဦးနတ်ကြီးတို့ကို ပြန်ပို့ပေးတာလားမှ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဖြစ်နိုင်တယ်ဟေ့. . . " ဆိုကာ ထိုင်ရာမှ ထလိုက်ပြီး " ကဲ. . . ဒီတောင်ကြောတစ်ကြောလောက် တက်ရှာကြရအောင်ပြီး စခန်းပြန်ကြတာပေါ့. . . " ဆိုပြီး ထွက်သွားလေတော့သည်ကြောင့် ကျွန်တော်တို့ နှစ်ယောက်လည်း သူ့နောက် လိုက်ခဲ့ကြပြန်တော့သည်။

ထိုတောင်ကြော လျှောက်နေကြစဉ် အဝေးဆီမှ ကျားဟိန်းသံကြားလိုက်သည်ကြောင့်

"အင်း. . . အဲဒီဘက်တစ်ကြောက ကျားကျက်စားရာ ဖြစ်နိုင်တယ်။ သို့ဆိုလျှင်ဖြင့် နတ်လေးတို့ အဲဒီဘက်ကြောမှာ ရှိနိုင်လိမ့်မယ် မဟုတ်ဘူး၊ ကဲ. . . ဒီကနေပဲ ပြန်လှည့်ကြစို့"

ကျွန်တော်တို့သည် လာလမ်းတစ်လျှောက် ပြုလုပ်ခဲ့သည့် အမှတ်အသားများကို ကြည့်ကာ ပြန်လာကြခြင်း ဖြစ်သည်ကြောင့် စခန်းသို့ တန်းတန်းမတ်မတ် ပြန်ရောက်ခဲ့ကြသည်။

စခန်းရောက်သည်တွင် ဝန်ထောက်လေး မျိုးဝင်းနှင့် သူ့တပည့်တော် ချင်းလေးဟောက်မော်တို့ ရောက်နေကြသည်ကို တွေ့လိုက်ရသည်။

"ကျွန်တော်တို့ ဒီမယ် ရှိမှန်း ဘယ်လိုသိတုန်းဗျ" မျိုးဝင်းကို ကျွန်တော်က မေးလိုက်သည်တွင်. . .

"ဘယ်လိုသိရမှာတုန်း မိတ်ဆွေရဲ့ သူဟာ သစ်တောဝန်ထောက်လေးဆိုတာလည်း မေ့မထားနဲ့ဦးလေ. . . ပြီးတော့ ကျုပ်တို့ကလည်း လာလမ်းတစ်လျှောက် အမှတ်အသားတွေ လုပ်ခဲ့တယ်လေ. . . "

"အင်း. . . ဟုတ်ပေသားပဲ"

ကိုလှပု ပြောလေတော့မှ သိလိုက်ရတော့၏။

မျိုးဝင်းက ကိုလှပု၏ အဖြေကို ဝန်ခံသည့်သဘောဖြင့် ရယ်မောနေတော့သည်။





"ကဲ. . . ဝန်ထောက်လေး ရောက်လာပြီဆိုတော့ မိတ်ဆွေနဲ့ တူ နေကြပေရော့။ ကျုပ်တတော့ ရှေ့ဘက်ကမ်းမယ် တဲသွားထိုးနေယ်ဗျာ" ဆိုကာ သွားလိုက်တော့၏။

"ဘယ်လိုတုန်း ကိုမျိုးဝင်း. . ဒီကိုလာတာ အချိန်အား ရှိရဲ့ သား. . . "

ကျွန်တော်က မေးလိုက်သည်။

"အလုပ်လုပ်ရမယ့် ကြိုးဝိုင်းအကွက်တစ်ကွက်ပဲ ကျန်တော့တယ်။ ကျန်တာတွေ အားလုံး အကွက်ပိတ်ပြီး ကျန်တစ်ကွက်ကို ဝန်ထမ်းအချို့လုပ်နေတုန်း ကျွန်တို့အဖွဲ့တွေ နားနေကြတယ်၊ ဒါနဲ့ ကျွန်တော်လည်း အလုပ်နည်းနည်း အားတာနဲ့ လိုက်လာတာ။ ကိုလင်းတို့အဖွဲ့ အခြေအနေ ဘယ်လိုထူးခြားမှုရှိလဲ"

ကျွန်တော်က လင်းမြင့်လှိုင် သုံးနေကျ အရက်ပုလင်းပြားလေး ပါလျှင် ခြေရာခံရလိုက်သည့်အကြောင်းနှင့် မနက်က ဝက်တောင်းကြီး ဆီစွကို စုံစုံစေ့စေ့ ပြောပြလိုက်သည်။

"ဟာ. . . နို့ဖြင့် ဒီတောက မလွယ်ပါကလား"

သို့နှယ်ပြောပြီး သူသည် ဟောက်မော်ကို ကြည့်ကာ-

"သွား. . . ဟိုမယ်၊ ဦးနတ်ကြီးတစ်ယောက်တည်း တဲထိုးနေတယ်။ ဝိုင်းကူလိုက်၊ ပြီးတော့ မင်းပါ သူနဲ့ တွဲနေလိုက်။"

"ဟုတ်တယ် ဟောက်မော်၊ စန်းကြည်တို့တဲမှာလည်း လူသုံးယောက်ဖြစ်နေတယ်။ မင်းအတွက် နေစရာ အဲဒီပဲ ရှိတယ်" ရယ်လို့ ကျွန်တော်က ဝင်ပြောလိုက်သည်တွင်- ဟောက်မော်တစ်ယောက် မျက်နှာ မှုံမဲ့သွားတော့သဖြင့် မျိုးဝင်းက

"နို့ဖြင့် ဒီလိုလုပ်. . . မင်းနို့က ရည်းစားလုဘက် ဖြစ်နေတော့ ဘယ်နေချင်ပါ့မလဲ. . . သွား. . ကူတော့ ကူလုပ်လိုက် ပြီးလျှင်ဖြင့် မင်းက စန်းကြည်နဲ့ နေ၊ မျိုးဝင်းနိုင်ကိုတော့ ကိုနတ်ကြီးနဲ့ သွားနေလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက် ဟုတ်လား"

မျိုးဝင်းစကားဆုံးသည်နှင့် ဟောက်မော်သည် တဲဆောက် ဝါးများထမ်းပိုးလာသည့် ကိုလူပုထံသို့ ပြေးသွားကာ ကူညီလုပ်ဆော ပေးတော့၏။

ထိုနေ့ညတွင် မျိုးဝင်း၊ ကျွန်တော် နှင့် ဦးနတ်ကြီးတို့သည် ဝိုင်း သောက်ပြီးနောက် မနက်တောနင်းရန်အတွက် တိုင်ပင်ရန် သော်လည် ကောင်း နေထိုင်မကောင်းဟု ပြောသော ဖထီကက်နက်ကို ကျန်းမာရေ အခြေအနေမေးရန် အောက်တဲသို့ သွားကြသည်။

"ဟင်"

နေထိုင်မကောင်းပါဟု ပြောသည့် ဖထီကက်နက် တစ်ယော ဟောက်မော်တို့နှင့် သောက်စား ပျော်ရွှင်လို့ဖြစ်သည်။ ကျွန်တော် ရောက်သွားသည်တွင် ဖထီကက်နက် တစ်ယောက် မျက်နှာပျက်သွ တော့၏။

သို့ဆိုလျှင်ဖြင့် ဖထီကက်နက်သည် ဘယ့်တွက် နေကောင်း လျက် လိမ်လည် ပြောရပါသနည်း။

သူတို့နှင့် စကားစမြည်ပြောဆိုကြပြီးနောက် တဲသို့ပြန်ခဲ့ကြ မျိုးဝင်းနိုင်က ကိုလူပုနှင့်အတူ တစ်ဖက်ကမ်းတွင် လိုက်အိပ်လေသည်

အိပ်ရာဝင်ကြသည်တွင် ကျွန်တော် မျိုးဝင်းကို ဖထီးကက်န ကိစ္စ ပြောပြလိုက်၏။

"ဖထီက အလုပ်ပျင်းတာလည်း မဟုတ်ဘူးဗျ။ တောတိုးရ အင်မတန် ဝါသနာပါတာ။ ခုဘာကြောင့် သူမနက်က တောမလိုက်ခဲ့ လိမ့်. . . သူနဲ့ကိုနတ်ကြီး ဆက်ဆံရေးကရော ဘယ်လိုလဲ. . . ကို ကြီးကတော့ ဂျိုင်းစတောနဲ့ ပတ်သက်လို့ ဘာပြောသေးလဲ"

သို့ မျိုးဝင်းက မေးလာသည်။

"ကိုနတ်ကြီးဘက်ကတော့ ဘာတစ်ခုမှ အပြောင်းအလဲ မရှိ





ဗျ. . . ပြုံးပြုံးရွှင်ရွှင်ပဲ. . ဖထီကတ်နတ်ကတော့ တစ်ချက်တစ်ချက် မျက်နှာညှိုးပြီး ငေးငိုင်သွားတတ်တာမျိုး ရှိတယ်။ တစ်ခုခုကို တွေးလန့် ပြီး စိတ်မာတတ်ကျနေတဲ့ပုံပဲဗျ"

"အင်း. . . သူ့သမီးကို လူကြီး အားကိုးနဲ့ ဖိအားပေးပြီး အဓမ္မ တောင်းယူသွားမှာကို တွေးပူနေတာ ဖြစ်မှာပေါ့ဗျာ သူ့ဘက်က ကြည့် တော့လည်း သနားဖို့ ကောင်းပါတယ်။ ကိုနတ်ကြီးကတော့ ဘယ်တုန်လှုပ် မှာတုန်း။ သူ အပေါ်စီးက လူဖြစ်နေတယ်လေ"

အင်း. . . မျိုးဝင်းစကားအရ ကျွန်တော်သည်လည်း ကိုလူပု အပေါ် ဘယ်သို့ ဆုံးဖြတ်ဆက်ဆံရမည် မသိပါချေ။

နောက်နေ့တွင် ကိုလူပု၏ အစီအစဉ်အရ စခန်းမှ ခပ်စောစော ထွက်ခဲ့ကြသည်။

စခန်းစောင့်အဖြစ် ဖထီးတက်နတ်နှင့် ဟောက်မော်တို့ကို ထား ခဲ့၏။

မိန်းကလေးနှစ်ယောက်သည် ကျွန်တော်တို့နှင့် အတူလိုက်မည် ဆူဆာလွန်းသဖြင့် မနည်း ခြောက်လှန့်ထားခဲ့ရ၏။ တကယ်တော့ ဖိုးမှု သည် သူ့အဖေ ဆင်ပိုင်ကြီးစောလော်တီအတွက် ပူရှာပေလိမ့်မည်။

မနေ့က မြောင်ဘက်မသွားတော့။ ကျွန်တော်တို့ စခန်းရှေ့ တောင်ကြောပေါ် တက်ခဲ့ကြသည်။ ထိုနေ့တစ်နေ့လုံး တောတိုးခဲ့ကြရင်း ဖိုတစ်ကောင် ရရှိခဲ့သည်မှလွဲ၍ ထူးခြားမှု မရှိပါချေ။

"ကိုနတ်ကြီးရယ်. . . ကိုလင်းတို့တွေ ဒီတောထဲမယ် ရှိပါ့ဦး လား. . .။ သာယာဝတီနယ်ဘက် လမ်းလွှဲသွားပြီလား မသိဘူး"

"မဖြစ်နိုင်ဘူး. . . ရှိကိုရှိရလိမ့်မယ် လို့ ကျုပ်စိတ်ထဲမှာ ထင်နေ တယ်ဗျ. . . နည်းနည်း သည်းညည်းခံစမ်းပါဗျာ. . ."

"ကျွန်တော် မသေချာလို့ မပြောတာ ကိုပိုက် ဂျို(ချေ) ကိုယ် ဦး တောင်ကြောလေး တစ်ဖြတ်ကို တက်လိုက်ကြတဲ့နေရာလေးမယ် . .



www.burmeseclassic.com

www.burmeseclassic.com



ရိပ်ခနဲ လူတစ်ယောက်ကို လှမ်းတွေ့လိုက်သလိုပဲဗျ. . . အဲဒီတုန်းက ကျွန်တော်တောင် ကိုပိုက်ကို ပြောမလို့၊ နို့ပေမင့် စိတ်ထင်နေတာလား သားကောင်ငယ် တစ်ကောင်ဖြတ်ပြေးသွားတာလား၊ မသေချာခဲ့ဘူးလေ ဒါကြောင့် ဘာမှ မပြောတော့တာ"

"အင်း ဒီတောက ပြောရခက်သားဗျ. . . ဟုတ်ချင်လည်း ဟုတ်မယ်။ မဟုတ်ချင်လည်း မဟုတ်ဘူး. . ကျုပ်နားထဲမှာလည်း လူအ လိုလို အသံတွေ ကြားနေရသလိုဗျ. . ."

"ကဲပါလေ. . . ခရီးမလွန်ခင် စခန်းပြန်ကြတာပေါ့" ကျွန် တော်ကပင် ရှေ့မှ ထွက်ခဲ့သည်။ အပြန်လမ်းများစရာ မလိုချေပြီကိုး အမှတ်အသား လုပ်ထားသည့် သစ်ပင်များကို ကြည့်ကာ ပြန်ခဲ့၍ ဖြစ် သည်။

ကျွန်တော်တို့ အပြန်လမ်းတွင် ကိုလူပုတစ်ယောက် ရယ်ဖော စရာများ ပြောလာလေသည်ကြောင့် ဒီလူ့မယ် ဟာသဉာဏ် ရှိသည်ကို လည်း သိလိုက်ရသည်။

ကြည့်တော့သာ ကြွပ်ဆတ်ဆတ်၊ မျက်နှာပုပ်ပုပ် လူပုစိတ်ထား သို့ပေမယ့် သဘောမနော ကောင်းပုံရ၏။ ကျွန်တော့်အနေဖြင့်တော့ သူ့ ကို သုံးသပ်ရပါလျှင် သူ့ကို မကြိုက်စရာဆိုလို့ "ဂျိုင်းစတော" ကိုစွန့် ပတ်သက်၍သာ ရှိချေ၏။

စခန်းသို့ ရောက်ကြသည်တွင် တစ်လမ်းလုံး ပျော်ရွှင်လာသည့် ကိုလူပုတစ်ယောက်၏ မျက်နှာကြီးသည် လပေပုပ်ဖမ်း ခံရသည့်နှယ် မည်းသွားတော့၏။ ဘယ့်တွက်မူ "ဟောက်မော်နှင့် ဂျိုင်းစတော" တို့နှ ယောက်တည်း မီးပုံဘေးတွင် ငါးများ ကင်လျက် စကားပြောနေခြင်း ကြောင့် ဖြစ်သည်။

ရည်းစားလူလု အနှုတ်ခံရသလို ကိုလူပုတစ်ယောက်၏ တိုစိတ် ဖြစ်သွားကာ. . .





"ဟိတ်ကောင်. . . လာစမ်း ဂျို(ချေ)သားကောင် ရလာ တယ်. . ." ဟု မာထန်ထန် ပြောလိုက်သည်တွင် ဟောက်မော်ကလည်း "အဲဒါ ကျွန်တော်က ဘာလုပ်ရမှာလဲဗျ" ဟု ပြန်ပြောလိုက်သည်။

"အားလုံး တောထဲက ပြန်လာတဲ့ သူချည်း၊ ပင်ပန်းနေကြပြီ။ မင်းကတော့ စခန်းမှာ ဇိမ်နဲ့ နေပ်နေပြီး အလာကား လေထိုင်ပစ်နေတယ်။ သွား. . . ဂျိုသားဖျက်ချေ"

"ဩော်. . . ဦးနတ်ကြီးက ကျွန်တော့်ကို ခိုင်းရအောင် ကျွန် တော့် အထက်အရာရှိလား ကျွန်တော့်ကို ခိုင်းချင်လျှင်ဖြင့် ဆရာမျိုးဝင်း ခိုင်းလိမ့်မယ်၊ လာပြီး ဆရာကြီး လုပ်မနေပါနဲ့ဗျာ"

သို့နှယ် ဟောက်မော်က ပြန်ပြောလေသည်တွင် ကိုလူပုက ခေါင်းတဆတ်ဆတ် ညိတ်ရင်း ပါးစပ်ကိုရွဲ့တ. . .

"ဟုတ်ပြီ. . . ငါမှားသွားတယ်ပဲ ထားပါ။ မင်းတ ဝန်ထောက် လေးရဲ့လူဆိုတော့ ဝန်ထောက်လေး အရှိန်အဝါနဲ့ ပြောနိုင်တုန်း ပြော ထားပေါ့. . ."

သို့သာ ပြောပြီး. . . ရေချိုးရန် ထွက်သွားလေတော့သည်။ ကိုလူပု အတော်ကလေး ဒေါသထွက်သွားပုံရ၏။ ဟောက်မော်ကိုလည်း အစိမ်းလိုက် ဝါးစားချင်စိတ်ပင် ပေါ်သွားပုံရ၏။

"ဟောက်မော်. . . မင်း. . . ကိုလူပုကို ကြည့်ဆက်ဆံပါကွာ၊ သူက မင်းထက်လည်း အသက်ကြီးပါတယ်၊ ခုငါတို့ကို သူကဦးဆောင် ပြီး ကူညီနေတာ။"

ကျွန်တော်က သို့ပြောလိုက်သည်၊ မျိုးဝင်းက "ဟောက်မော်. . သွား မင်းအဲဒီဂျို(ချေ)ကို ဖျက်ချေ။ ဒါမှ သူရေချိုးပြန်လာရင် စိတ်ပြေ သွားလိမ့်မယ်၊ ဒီတောကို သူပဲ ကျွမ်းတယ်၊ သူမှမရှိလျှင်ဖြင့် လူပျောက် ရှာလုပ်ငန်းကို ရပ်လိုက်ရမလို ဖြစ်နေပြီ" ဟု ပြောပြန်သည်။

သည်တော့ ဟောက်မော်သည် ဂျို(ချေ)ကို ဖျက်ရန် ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"အလကားလူကြီး. . . ကိုယ်နဲ့ တန်ရာ တန်ရာ မမှန်းဘူး" မည်သည်ကို ရည်ရွယ်ပြောလိုက်ခြင်း ဖြစ်ကြောင်းကို ကျွန်တော်နှင့် မျိုးဝင်း သိလိုက်၏။

သို့ သူပြောလိုက်ချိန်မှာပင် ကိုလူပုတစ်ယောက် ရေချိုးပြီး ပြန်ရောက်လာသည်နှင့် ကြုံသွားသဖြင့် ဟောက်မော် ပြောလိုက်သည့် စကား သူကြားသွားပုံရ၏။ ထိုစကား သူ့အားပြောခြင်းဖြစ်သည်ကို ရိပ်မိသွားသဖြင့် သူ့မျက်နှာတွင် ခံပြင်းစိတ် ဖြစ်သွားပုံရ၏။

ကျွန်တော်နှင့် မျိုးဝင်းရှိနေသည်ကြောင့် ဘာတစ်ခွန်းမျှ ပြန်မပြောလေဘဲ ဟောက်မော်၏မျက်နှာကို စိမ်းစိမ်းကြည့်ကာ သူ့တဲဘက်သို့ ထွက်သွားလေတော့၏။

နောက်နေ့တွင် ကျွန်တော်တို့ စားသောက်ပြီးလေမှ မြောင်သစ် တစ်ခုကို ခရီးဆန့်ကြပြန်သည်။

သို့သွားလာရင်း နေ့လယ်ကျော်လောက်တွင် အဝေးတစ်နေရာမှ သေနတ်သံတစ်ချက် ကြားလိုက်ရသည်ကြောင့် အားတက်သွားမိကြ၏။

ဤတောအတွင်း ကျွန်တော်တို့မှလွဲ၍ လင်းမြင့်လှိုင်တို့အပြစ်မည်သူမျှ ဖြစ်လိမ့်မည်မဟုတ်။

သူတို့ ဤတောအတွင်းမှ လမ်းစပျောက် မထွက်နိုင်ဖြစ်သည်မှာ ကြာပြီဖြစ်၏။

ကျွန်တော်တို့သည်လည်း ထိုသေနတ်သံလာရာဘက်ဆီသို့ မျက်နှာမူကာ သေနတ်သံတစ်ချက် မိုးပေါ်ထောင်ဝစ်လိုက်သည်၊ အချက်ပေးခြင်းဖြစ်သည်။

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒိန်း"

"ဒိန်း"

တစ်ဖက်မှလည်း သေနတ်သံတစ်ချက် ပြန်ကြားရသည်ကြောင့် ကျွန်တော်တို့ကို ပြန်အချက်ပေးလာခြင်းဖြစ်၏။ သို့ဆိုပါလျှင် တစ်ဖက်မှ အသံပေးအချက်ပြလာခြင်းသည် တောမှောက် လမ်းပျောက်နေကြသည့် လင်းမြင့်လှိုင်တို့မှလွဲ၍ အခြားမဖြစ်နိုင်တော့ပါချေ။

ကျွန်တော်တို့သည် သေနတ်သံပေါ်ထွက်လာရာဘက်သို့ မှန်းကာ သွားလိုက်ကြ၏။

သူပစ်၊ ကိုယ်ပစ်။ သည်သို့နည်းဖြင့် အသံပြုပေးကြကာ ထိပ်တိုက် ဆုံရန် ကြိုးစားလိုက်ကြသည်။

ရံခါ သေနတ်သံက နီးလိုက်. . . ဝေးသွားလိုက်နှင့် ဖြစ်သည်ကြောင့်. . .

"ကိုနတ်ကြီးရေ. . . ကျုပ်တို့ တောခြောက်ခံနေရတာတော့ မဟုတ်လောက်ပါဘူးနော်"

ကျွန်တော်က ပြောလိုက်သည်၊ ကိုလူပုက ခေါင်းခါပြသည်။

"ဒိန်း"

ကျွန်တော်တို့ဘက်မှ တစ်ချက် ပစ်လိုက်ပြန်သည်။ ဤတစ်ကြိမ်တွင်မှာတော့ တန်ပြန်ပစ်ခတ်အသံပြုသံ မကြားရပါတော့ချေ။

ဘယ်လို ဖြစ်သွားပါလိမ့်. . . သေနတ်ကျည်ကုန်သွား၍လည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့အတွက် သဲလွန်စ ခိုင်ခိုင်လုံလုံ ရနေပြီဖြစ်သည်။

နို့ပေမင့် အသံပြုဆက်သွယ်ခြင်း ပြတ်တောက်သွားခြင်းကြောင့် ထိပ်တိုက် တွေ့နိုင်ဖို့ရာ မလွယ်ပါချေ။ အတော် အလှမ်းဝေးသော တောင်တန်းဘက်မှ ဖြစ်သည်ကြောင့် နှုတ်ဖြင့် အသံပြုဆက်သွယ်





ရန်လည်း မဖြစ်နိုင်ပါချေ။

"ကိုလူပု ဘယ်လိုလုပ်မလဲ"

သို့နှင့် ကျွန်တော်က မေးလိုက်သည်။

"ဆန္ဒစောလောမကြီး ပါနဲ့ဗျာ၊ သူတို့အနေနဲ့လည်း ကျုပ်တို့ရဲ့ သေနတ်သံကို မှန်းပြီးလာကြလိမ့်မယ်၊ ခုတော့ အချိန်မရှိတော့ဘူး နောက်ဆုံးလုပ်ရမှာ တစ်နည်းပဲ ရှိတယ်၊ ဒီကနေ ထိုင်စောင့်မလား။ ရှေ့ဆက်တိုးမလား၊ စခန်းပြန်မလား"

ကိုလူပုစကားကြောင့် ကျွန်တော်နှင့် မျိုးဝင်းတစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ ဘယ်လို ဆုံးဖြတ်မလဲဟု အဓိပ္ပာယ်ပေါက်သည့် ခေါင်းဆတ်ပြခြင်းသင်္ကေတကို ပြုလိုက်ကြသည်။

"သူတို့နဲ့ ဒီနေ့ ဆုံဖို့ သိပ်တော့ မသေချာဘူး၊ ဒီမှာ ညအိပ်ပြန်လျှင်လည်း စခန်းကလူတွေ ပူနေကြလိမ့်မယ်၊ စခန်းကို ပြန်သွားကြမယ်ဆိုလျှင်လည်း သူတို့နဲ့ လုံးဝ အဆက် အသွယ် ပြန်ပြတ် သွားနိုင်တယ်"

ကိုလူပုက ဖြစ်နိုင်ချေကို ပြောပြသည်။

"ဟုတ်ပြီ. . . ဒီလိုလုပ်မယ်ဗျာ စခန်းကလူတွေလည်း မပူရအောင် ဟိုလူတွေနဲ့လည်း အဆက်အသွယ် ပြန်ဝေးမသွားအောင် စခန်းကို လူလွှတ်ပြောခိုင်းမယ်. . ." ရယ်လို့ ကျွန်တော်က အကြံပြုလိုက်သည်။

"ဟုတ်ပြီ. . . ဒီနေ့ နက်ဖြန် မဆုံကြလျှင်တော ဘယ်လိုလုပ်မလဲ"

ကိုလူပုက ထောက်မေးလာပြန်၏။

"ဒါလည်း ဟုတ်တာပဲ. . ." မျိုးဝင်းက ပြောရင်း စဉ်းစားလိုက်၏။

"မိတ်ဆွေ ကျုပ်ကတော့ ဒီလိုလုပ်ချင်တယ်. . ." ရယ်လို့ ကိုလူပုက အားတက်ရွှင်လန်းစွာဖြင့် စကားပလ္လင်ခံလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ. . . ကိုနတ်ကြီး. . ."

"မိတ်ဆွေတို့ ဒီမှာပဲ စခန်းချနေခဲ့ကြ. . . နာရီဝက်တစ်ကြိမ် သေနတ်ဖောက်ပေးနေ။ ဒါမှ တစ်ဖက်လူက သေနတ်သံကို မှန်းပြီး လာလိမ့်မယ်။ ကျုပ်က စခန်းပြန်မယ်။ နောက်နေ့မနက်ကျလျှင်ဖြင့် အားလုံးကို ခေါ်လာခဲ့မယ်၊ ဟိုစခန်းကို ဖျက်လိုက်မယ်။ တစ်ဖက်လူနဲ့ ပြန်မဆုံလျှင်ဖြင့်လည်း ဒီနေရာကနေ စတည်းချပြီး စခန်းသစ်ချ ဆက်ရှာကြမယ် ဗျာ. . . မကောင်းလား"

ကိုလူပု၏ အကြံသည် အသင့်လျော်ဆုံး ဖြစ်သည်ကြောင့် လက်ခံလိုက်ကြသည်။

"နို့ဖြင့်. . . ကိုနတ်ကြီးတစ်ယောက်တည်း စခန်းပြန်လို့ ဖြစ်ပါ့မလား။ မျိုးဝင်းနိုင်တို့ ခေါ်သွားလေ"

မျိုးဝင်းက စိုးရိမ်စွာဖြင့် ပြောလိုက်သည်။

"အချိန်ရှိသေးတာပဲ၊ မမှောင်ခင် စခန်းပြန်ရောက်မှာပါ။ ဝန်ထောက်လေးတို့သာ ဒီမှာ သတိဝီရိယနဲ့ နေခဲ့ကြပါ. . .။ ကျုပ်မှာခဲ့ချင်တာ ညဘက် ဘယ်သူမှ အပြင်သွားတာ၊ အမဲလိုက်တာ မလုပ်ကြပါနဲ့။ မီးပုံကြီးကြီး ဖိုထားဖို့ မမေ့ပါနဲ့။ ဖြစ်နိုင်လျှင် ညကင်းထားပြီး အိပ်ကြပါ။ မနက်ကို ကျုပ် ဆက်ဆက် ပြန်လာခဲ့မယ်. . ."

သို့ပြောဆို မှာကြားကာ သုတ်ခြေတင် ထွက်သွားလေတော့၏။

ဤစခန်းတွင် မျိုးဝင်း၊ စန်းကြည်၊ မျိုးဝင်းနိုင်နှင့် ကျွန်တော်တို့ ကျန်ရစ်ခဲ့၏။

ကိုလူပု ပြောသလို နေရာလေးသည် ခြေခင်းလက်ခင်း သာသဖြင့် ဝါးတဲကြီးကြီး တစ်လုံးထိုးလိုက်ကြသည်၊ မီးပုံကြီးလုပ်လိုက် ကြသည်။ နာရီဝက်တစ်ကြိမ် သေနတ်ပစ်ဖောက်ပေးနေလိုက်ရင်း မှောင်လာသည်တွင် မီးပုံကြီးကို မီးရှို့လိုက်တော့သည်၊ မနက်က လမ်းတွင် လိပ်တစ်ကောင်နှင့် ဖွတ်တစ်ကောင် ရလာသည်ကြောင့် အစာအလို့ငှာ





မပူပင်ရချေ။

အလှည့်ကျ ကင်းကိုတော့မထား၊ တစ်ညတစ်လေပဲလေဆိုပြီး စကားစမြည်ပြောကြရင်း မီးလှုံနေကြတော့သည်၊ တောသည် တိတ်ဆိတ်လို့နေ၏၊ ချိုးချိုးချွတ်ချွတ်အသံပင် မကြားရချေ။

"ဗိုင်း"

သို့ငြား တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သည့် မိုးကြိုးပစ်သံကြီးက ရုတ်တရက် ထွက်ပေါ်လာသည်ကြောင့် ထိတ်လန့်တုန်လှုပ်သွားကြရ၏၊

မိုးရွာခြင်း မိုးအုံ့ခြင်း မရှိပါဘဲလျက် ဘယ့်တွက် မိုးကြိုးပစ်သံကြားရပါလိမ့်။

ထိုအသံကြီး ပျောက်ဆုံးသွားသည်နှင့် မကြာလိုက်မီအချိန်တွင် တော်လဲသံကြီး ကြားရလေတော့၏၊ လေကြီးမိုးကြီး ကျသည်နှယ် အသံများကြားရပြန်သည်၊

"ဒါ. . . တောခြောက်တာ ဖြစ်လိမ့်မယ်"

မျိုးဝင်းက သို့နှယ်ပြောပြီး စခန်းတဲပေါ် တက်ထိုင်နေလိုက်၏၊

ကျွန်တော်တို့သည်လည်း ထင်းခြောက်တုံးများကို မီးပုံတွင်းထည့်ပြီး တဲပေါ်တက်ထိုင်နေလိုက်ကြသည်၊

သေနတ်ကိုယ်စီကိုတော့ဖြင့် လက်တစ်ကမ်းတွင် ထားလိုက်ကြသည်၊

သည်ညတွင်းမှာပင် ပြဿနာတစ်ခုတော့ဖြင့် ကြုံရတော့မည်ကို ရိပ်မိလိုက်သည်၊

မျိုးဝင်းက သူ၏လက်မှ နာရီကို ကြည့်လိုက်ပြီး "သန်းခေါင်ယံ ၁၂နာရီခွဲဗျ" ဟု ပြောသည်၊

ထင်ထားသည့်အတိုင်း ရှေ့တောင်ကြောပေါ်မှ တောတိရစ္ဆာန်တစ်အုပ်သည် တမူးရှူးထိုးဖြင့် "ဘွဲလ်" "ဘူးဘွဲလ်" "ဘွဲလ်" ရယ်လို့ အော်ဟစ်ရင်း ကျွန်တော်တို့ တဲရှိရာ ဦးတည်ပြေးလွှားလာသည်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကဗျာကသီ တဲပေါ်မှ ခုန်ဆင်းလိုက်ကြတာ ထိုတိရစ္ဆာန်ကောင်တို့၏ လမ်းကြောင်းနှင့်လွတ်ရာ တောင်စောင်းပေါ်သို့ ကုပ်တွယ်တက်လိုက်ကြသည်။

ကျွန်တော်တို့အားလုံး တောင်ကြောလေးပေါ် ရောက်သည်နှင့် ထိုတိရစ္ဆာန်တစ်အုပ်သည် ကျွန်တော်တို့၏ စခန်းဝါးတဲကို ဝင်တိုးထွက်ပြေးသွားကြသည်။

လွန်စွာမှ ကြီးမားသော ပြောင်အုပ်ဖြစ်သည်။ ကံသီပေလို့ ကျွန်တော်တို့ ဒုက္ခဆိုးနှင့် မရင်ဆိုင်မိခြင်းဖြစ်၏။

အကယ်၍များ အိပ်ပျော်နေကြပါမူ အားလုံး စိစိညက်ကြေသွားနိုင်လောက်၏။

ဝါးတဲသည် တစ်စစီ ပြုတ်စီး လွင့်စင်သွားသည်။

တောချောက်တာပဲလား။ သူတို့တွေ ဒီလောက် ထိတ်လန့်တကြား ထွက်ပြေးလာကြတာ ဘာကြောင့်များပါလိမ့်။ သူတို့နောက်မှာ တင်းတောင်(ကျား) လိုက်လာပေလို့များလား။

ကျွန်တော်တို့ မဝေခွဲတတ်ပါ။ သို့ပေမင့် ကျွန်တော်တို့ ပို၍ သတိထားကြရပေတော့မည်။

အိပ်စရာတဲလည်း မရှိ။ အိပ်လို့လည်း ဖြစ်မည်မဟုတ်။ သည်တော့ ထင်းမီးပုံကြီးတွင် တပ်ထိုင်နေရင်း မီးလှုံနေကြတော့သည်။

ကိုလူပု မှာခဲ့သလို နာရီဝက်တစ်ကြိမ် သေနတ်ဖောက်မနေတော့ပါချေ။

ညကြီးမင်းကြီး ဒီလောက်ဆိုးတဲ့တောမှာ ဘယ်သူက သွားလာနေပါလိမ့်မည်နည်း။

အကယ်၍ လမ်းပျောက်သူတစ်စု ဖြစ်ဦးတော့ ညအိပ်စခန်းတော့ချကြပေလိမ့်မည်။ နောက်နေ့မနက်မှ ထွက်လာကြပေလိမ့်မည်။

မျိုးဝင်းက ငိုက်မြည်းနေသည်ကြောင့်





"ကိုမျိုးဝင်း အိပ်ချင်အိပ်လေ. . . ကျွန်တော်တို့ မအိပ်ဘဲ စောင့်နေပါ့မယ်. . ."

သို့ ကျွန်တော်က ပြောလိုက်သည်တွင် သူသည် ခေါင်းတစ်ချက် ဆတ်ခနဲဖြစ်သွားကာ ခေါင်းထောင်လိုက်ပြီး

"အိပ်လို့ ဘယ်ဖြစ်မလဲဗျာ. . . စောစောကလို ကြုံလာရင် အားလုံး ကိုယ်လွတ်ရုန်းပြီး ပြေးကြမယ့် လူချည်းဗျ။ ကျွန်တော့်ကို ဘယ်သူကနှိုးပိုးသွားနိုင်မှာ မို့တုန်း. . ."

သို့ပြောပြီး သူမတ်တပ်ရပ်လိုက်၏။ အကြောအခြင်ဖြေ လိုက်သည်။

တောသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

"ဟာ. . . ဟိုမယ် ကြည့်စမ်း ကိုပိုက်"

ချောင်းအထက်ဖက်တို လမ်းညွှန်ပြရင်း မျိုးဝင်းက ပြောလေသည်ကြောင့် လှမ်းကြည့်လိုက်သည်။

"ဟာ!"

"ဟင်"

လူတစ်စု မီးတုတ်များကိုင်ကာ လျှောက်လာနေကြ၏။ အတော်လှမ်းသေးသဖြင့် သဲသဲကွဲကွဲတော့ မမြင်ရချေ။

သည်အချိန် သည်လိုနေရာမျိုး ဘယ်လူသားတွေ လာကြပါလိမ့်"

"မဖြစ်နိုင်ဘူး ကိုမျိုးဝင်း"

ကျွန်တော်က သေနတ်ကောက်ကိုင်ရင်း ပြောလိုက်၏။ မီးတုတ်ကိုင် လူစုရှေ့က စကားသံများက လေနှင့်အတူ ကြိုရောက်နှင့်လာ၏။

ဗလုံးဗထွေး ကြားရခြင်းဖြစ်၏။

သဲသဲကွဲကွဲတော့ မဟုတ်။

လူသံများ ဖြစ်သည်ကတော့ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းအတိုင်း စုန်ဆင်းလာ၏။ ကျွန်တော်တို့နှင့် နီးလာချေ တော့မည်။

"နာနာဘာဝတွေလား"

စန်းကြည်က မေးသည်ကို ဘယ်လိုဖြေရမည် ကျွန်တော်လည်း မသိ။

"အရမ်းစွတ်မလုပ်နဲ့နော် ကိုပိုက်. . . လူစင်စစ်တွေ ဖြစ်နေ ဦးမယ်"

မျိုးဝင်းက သတိပေးသည်။ မျိုးဝင်းနိုင်တပါ. . . "ကျွန်တော် တို့ကို အချက်ပေးလာတဲ့ တစ်ဖက်လူစုတွေတော မဖြစ်နိုင်ဘူးလား သေနတ်သံကြားရာဘက်ကို သူတို့ မှန်းပြီး လာကြတာ နေမှာပေါ့"

သို့ပြောလာသည်ကြောင့် ကျွန်တော် စဉ်းစားလိုက်သည်။ ဘယ်လိုလုပ်လျှင် ကောင်းမည်လဲ။ ဟုတ်ပြီ သူတို့လာရာဘက်လှည့်ဖြီး "ဝူး" ရယ်လို့ အချက်ပေးလိုက်မည်။ သို့ဆိုလျှင်အဖြေပေါ်လောက်သည်။

"ဝူး"

"ဝူး" "ဝူး"

သို့နှယ်ပင် အသံပေးလာကြခြင်းကြောင့် . . . "ကိုလင်းတို့ ဖြစ်လိမ့်မယ်ဗျို့" ဟု ဝမ်းသာစွာ ပြောလိုက်မိ၏။

"ဝူး"

စန်းကြည်က ပြန်အချက်ပေးလိုက်၏။

"ဝူး"

မီးတုတ်ကိုင် လျှောက်လာနေသူ လေးယောက်ဖြစ်သည်။ သို့ ဆိုပါလျှင် လင်းမြင့်လှိုင်တို့ မဖြစ်နိုင်။ သူတို့က သုံးယောက်တည်း ဖြစ် သည်။

လင်းမြင့်လှိုင်၊ စောလော်တီနှင့် နတ်လေး၊ ခုဘယ့်အတွက် လေးယောက် ဖြစ်နေရပါသနည်း။ သူတို့ဆိုလျှင်လည်း ပိုလေသူ တ



ယောက်က ဘယ်သူလဲ"

"ဟင်!"

သူတို့ အနားရောက်လာသည်တွင် စိတ်ဓာတ်ကျသွားမိတော့ ၏။

လင်းမြင့်လှိုင်တို့ မဟုတ်ပါချေ။ သစ်ခုတ်သမား၊ ဝါးခုတ်သမား တစ်စု ဖြစ်နေ၏။

သူတို့ လက်ထဲတွင် မီးတုတ်ကိုယ်စီနှင့် ဝါးခုတ်ဓားကြီးများ ကိုင်ဆောင်ထားကြ၏။

သူတို့မျက်နှာတွေ ကြည့်ရခြင်းအားဖြင့် ရိုးသားပုံပေါ်နေကြ သဖြင့် သေနတ်ကိုယ်စီရှိထားသော ကျွန်တော်တို့က အထိတ်စိုးမှ ပြောနိုင် အား ရှိပေတော့၏။

"မိတ်ဆွေတို့က ဘယ်သွားကြမလို့လဲ"

မျိုးဝင်းက မေးလိုက်၏။

"လမ်းပျောက် တောမှောက်နေလို့"

အသက် ၆၀ ခန့်ရှိ လူကြီးက ပြောသည်တွင် ကျွန်တော်သည် အားတက်သွားကာ "လမ်းပျောက်နေတာ ကြာပြီလား. . ." မေးလိုက် သည်။

"သုံးလေးရက်ရှိနေပြီ. . ." လူငယ်တစ်ဦးက ပြော၏။

"နို့ဖြင့် သွားရင်းလာရင်း လူသုံးယောက်ကို တွေ့မိလား"

ကျွန်တော့်စကားကြောင့် အသက် ၆၀ခန့်ရှိ လူကြီးက "ဟာ. . ဟုတ်ပြီး ဟိုရှေ့ချောင်းကွေ့နားမှာ လမ်းခွဲလေးတစ်ခုရှိတယ်၊ အဲဒီ လမ်းခွဲမှာ ရှိနေကြလေရဲ့။ သေနတ်တွေလည်း သူတို့လက်ထဲမှာ တွေ့ တယ်။ အသက်ခပ်ကြီးကြီး တရင်အဖိုးကြီးတစ်ယောက်လည်း ပါတယ်၊ အဲ. . . သူတတော့ ကျန်းမာရေး ကောင်းပုံ မရဘူးဗျ"

"ဟုတ်ပြီ သေချာတယ် . . . လင်းမြင့်လှိုင်တို့ပဲ ဖြစ်မယ်. . .



တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတို့က လမ်းပျောက်နေတယ် ဆိုပြီး နားနားနေနေလည်း မပြုဘဲ ဒီလိုလျှောက်သွားနေတာပဲလား"

"အိုကွာ ငါတို့ လမ်းပျောက်နေတယ်။ ကယ်မယ့်သူအလာကို စောင့်နေမယ်ဆိုလို့ ဘယ်ဖြစ်ပါ့မလဲကွာ။ သွားပါများ ခရီးရောက်တဲ့။ ထိုင်မှိုင်နေမယ့်အစား လမ်းမှန်တွေ့လိုတွေ့ငြား ကယ်သူတွေ့လိုတွေ့ငြား လျှောက်နိုင်သရွေ့တော့ လျှောက်ကြရမှာပေါ့. . .။ အိပ်ချင်စိတ် ပေါ်လာရင် ကြုံတဲ့နေရာမှာ ထိုးအိပ်လိုက်မယ်ကွာ. . ဟုတ်လား "လမ်းဆုံးရွာတွေ့" စကားလည်း ရှိတယ်လားကွာ"

ထိုလူကြီးကို ကျွန်တော် သဘောကျသွားမိသည်။

"ခု မိတ်ဆွေကြီးတို့ လမ်းဆုံးတော့မယ်၊ ရွာတွေ့တော့မယ်ဗျ။ ဝမ်းသာဘူးလား"

ကျွန်တော်က သို့ပြောလိုက်သည်တွင် သူတို့ အံ့သြဝမ်းသာသွားလိမ့်မည်ဟု တွက်လိုက်ငြား လုံးဝမဟုတ်ပါချေ။ ဝမ်းသာခြင်းလည်း မရှိ။ ပူပင်ခြင်းလည်းမရှိ ပြုံး၍သာ နေတော့၏။ သို့ကြောင့် ကျွန်တော်ကပင်-

"စောစောက ကျွန်တော်ပြောတဲ့ အုပ်စုက ကျွန်တော်တို့ အဖွဲ့ကပဲ သူတို့ကို လိုက်ရှာတာ။ မိတ်ဆွေတို့ ဒီမယ်နားကြပါလား။ မနက်ကျ ကျွန်တော်တို့နဲ့အတူ ဒီဝက်ပါတောက လိုက်ထွက်ကြပေါ့. . ."

ထိုသူလေးဦးသည် ပြိုင်တူ ခေါင်းခါလိုက်ကြ၏။ ပြီးနောက်-

"ကျုပ်တို့အတွက်ကို မပူနဲ့။ ခင်ဗျားတို့ မိတ်ဆွေတွေကိုသာ ခုပဲသွားခေါ်ကြဗျို့။ ဘာလို့လဲ ဆိုတော့နက်ဖြန်ကို သူတို့က ဒီဘက်ချောင်းမလာဘဲ တစ်ဖက် ချောင်းခွဲ လိုက်သွားမှဖြင့် ပိုဝေးသွားကြလိမ့်မယ်"

သို့ပြောပြီး သူတို့သည် ရှေ့ဆက်လျှောက်သွားကြသဖြင့်- "သစ်ပင်တွေကို ဂရုစိုက်ကြည့်၊ လမ်းညွှန်အမှတ်အသားတွေ လုပ်ထားတယ်။ နံပတ်စဉ်ကြီးရာကနေ သေးရာကို ရှာသွားလျှင်ဖြင့် ဒီဝက်ပါတောကြီးရဲ့ အဓိကအဝင်အထွက် တံခါးပေါက်ကြီးလို ဖြစ်နေတဲ့ ဥက္ကံ ကော့ညွတ်





တို ရောက်သွားနိုင်တယ်ဗျို့. . ."

သို့နှယ် ကျွန်တော်က လှမ်းအော်ပြောလိုက်ပြီး-

"တဲ. . . သူတို့ပြောသလို ချောင်းကွေ့လေးနားက ချောင်းဆုံလေးရှိတဲ့နေရာ သွားကြစို့ဗျာ"

ကျွန်တော်က လောဆော်လိုက်၏။

"ဖြစ်ပါ့မလား ကိုပိုက်ရဲ့. . ."

"ဖြစ်နိုင်ပါတယ်. . ."

သို့ဖြင့် ကျွန်တော်တို့သည် မီးတုတ်ကိုယ်စီကိုင်စွဲကာ ချောင်းကွေ့လေးနား သွားလိုက်ကြသည်။

ချောင်းကွေ့လေးအကျော်တွင် ချောင်းဂွဆုံတစ်ခုကို လှမ်းတွေ့လိုက်သည်။

ထိုလူတို့ပြောသည့်အတိုင်း တျောချင်းဆိုင် ထိုင်ငိုက်နေကြသည့် လူသုံးယောက်ကို တွေ့လိုက်သည်။

ကျွန်တော်တို့ အနားရောက် သွားသည်တွင် သတိအလျှင်မပြတ်ရှိသောလင်းမြင့်လှိုင်က ငိုက်မြည်းနေရာမှ ဇတ်ခနဲ သေနတ်ကို ကောက်ကိုင်လိုက်ပြီး ကျွန်တော်တို့ထံ ထိုးချိန်လာသဖြင့်. . .

"ကျည်မရှိတော့တဲ့ သေနတ်ပြောင်းနဲ့ ချိန်ရွယ် ခြိမ်းခြောက်မယ့်အစား သေနတ်ဒင်နဲ့ လွှဲရိုက်မယ့်ဟန်နဲ့ ခြိမ်းခြောက်လျှင်ဖြင့် ကျွန်တော် ထိတ်လန့်ကောင်း ထိတ်လန့်နိုင်လိမ့်မယ် ကိုလင်း" ရယ်လို့ ပြုံးကာ နောက်ပြောင် ပြောလိုက်သည်။

"ဟင်. . . ကိုပိုက်တို့ပါကလား. . ." ဆိုကာ အားရဝမ်းသာ ဖက်လဲတကင်းလုပ်လာပြီး-

"သေနတ်ထဲမယ် ကျည်မရှိဘူးဆိုတာ ဘယ်လို သိလဲ" ရယ်လို့ ပြုံးစစဖြင့် မေးလာ၏။

"မနေ့က အချက်ပေးကြတော့တာ ကိုလင်းတို့ဘက်က လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံ မကြားတော့ဘူး၊ ဒီလောက် အရေးကြီးလာတဲ့ အချိန်မှာ ဘယ်သူမဆို ကျည်ကုန်သည့်တိုင် ကြိုးစားဆက်သွယ်နေကြမှာပဲဗျ. . .

"သိပ်ဟုတ်တာပေါ့ဗျာ. . . သည်တော့ ကျွန်တော်လည်း ကို ပိုက်တို့ အချက်ပေးသံကို တွက်ပြီး အားချင်းလျှောက်လာခဲ့ကြတော့ ဒီချောင်းဂွဆုံနားရောက်တော့ကာ သေနတ်သံမကြားရတော့ဘူး၊ ဒီတော့ ဘယ်ချောင်းဘက် စုန်ဆင်းလိုက်ရမလဲ မသိလေတော့ မနက်ရောက်လျှင် ဖြင့် အဆက်အသွယ် ပြန်ရမှာပဲလေဆိုပြီး ဒီဂွဆုံမှာ စခန်းချလိုက်တာပဲ"

လင်းမြင့်လှိုင် စကားကြောင့် ကျွန်တော် စိတ်မကောင်း ဖြစ်သွား မိသည်၊ ဘယ့်တွက်မူ ကိုလူပုက နာရီဝက်တစ်ကြိမ် သေနတ်ဖောက်ပေ ဖို့ မှာထားပေမင့် ကျွန်တော်က ညကြီးမင်းကြီးမှာ ဘယ်သူမှ ခရီးထွက် စဉ်းစားကြလိမ့်မယ် မဟုတ်ဟု တွက်လိုက်တာ ကျည်ဆံချွေတာသည့် အနေဖြင့် မပစ်တော့ခြင်း ဖြစ်သည်၊ သို့ကြောင့် ယခုလို ဖြစ်ရခြင်းပင်

အမျှော်အမြင်ရှိသော ကိုလူပုကို ကြိတ်၍ချီးကျူးမိလိုက်သည်

"နို့ဖြင့်. . . ဖထီနေမကောင်းဘူးဆို"

ဆင်ပိုင်ကြီး စောလော်တီကို ကြည့်ကာ မေးလိုက်သည်။

"အင်း! အသက်လေးက ထောက်လာတော့ ငယ်ကလိုတော့ ဘယ်ဟုတ်ပါ့မလဲကွာ၊ အစားဆင်းရဲ အနေဆင်းရဲတော့ကာ ကျန်းမာ ရေးက ပိုသိသာတာပေါ့"

ကျွန်တော်တို့သည် လင်းမြင့်လှိုင်တို့နေရာမှာပင် တစ်ညတာ စခန်းချရန် ဆုံးဖြတ်လိုက်ကြသည်၊

"နို့နေပါဦး. . . သန်းခေါင်ယံ မတိုင်မီကတည်းက ဒီနေရာ ရောက်နေတာပေါ့"

ကျွန်တော့်အမေးကို သူက ခေါင်းညိတ်ဖြေရင်း. . . "ဘာဖြစ် လို့လဲ" ဟု မျက်ခုံးပင့် မေးလာ၏၊

"၁၂နာရီခွဲလောက်က မိုးကြိုးပစ်၊ တော်လဲသံကြီးမြည်၊ ပြောင်





အုပ်တွေ ထွက်ပြေးနဲ့ တစ်တောလုံး ဆူညံသွားတာပဲ. . . ကိုလင်းတို့ ဘယ်လိုနေကြရသလဲ၊ ကျွန်တော်တို့တော့ ကြောက်လန့်တကြား ပြေး လွှားလာတဲ့ ပြောင်အုပ်တွေကြောင့် တောင်ကြောပေါ် တက်နေကြရ တယ်၊ ကျွန်တော်တို့ တဲဆိုလျှင်ဖြင့်လည်း ပြောင်အုပ်ဝင်တိုးသွားလို့ တစ်စစီ ဖြစ်ကုန်တယ်၊ ဒါနဲ့ ဆက်မအိပ်ရဲဘဲ မိုးပုံနားထိုင် စကားပြော ကြရင်း လူလေးယောက် ရောက်လာပြီး ကိုလင်းတို့ ဒီမှာရှိတယ် သတင်း ပေးသွားတာနဲ့ လိုက်လာကြတာ"

"ဟင်!. . ."

"ဟုတ်လား"

"မဖြစ်နိုင်ဘူး"

လင်းမြင့်လှိုင်တို့ သုံးယောက် ကျွန်တော့် စကားကြောင့် အံ့ အားသင့်သွားကြသည်၊

"သည်မှာတော့ အေးအေးဆေးဆေးပါပဲ. . . ကျွန်တော်တို့ ဘယ်သူနဲ့မှလည်း မဆုံပါဘူး၊ ကိုပိုက်တို့နဲ့ ခုတွေ့တာဟာ လမ်းစ ပျောက်ပြီး ကတည်းက ပထမဆုံးပြန်တွေ့ရတဲ့ လူတွေပါပဲဗျာ"

လင်းမြင့်လှိုင်က သို့ပြောလာသဖြင့် ကျွန်တော်သည်ပင် စဉ်းစား မရ ဖြစ်သွားမိပြန်၏၊

သို့ဆိုလျှင်ဖြင့် ကျွန်တော်တို့ကိုသာ တွက်၍ တောခြောက်ခြင်း ဖြစ်ချိမ့်မည်၊

မီးတုတ်ကိုင်လူလေးယောက်သည် ဘယ်သူတွေလဲ. . . ဘာ တွေလဲ. . . နာနာဘာဝတွေတော့ မဖြစ်နိုင်၊ တောတောင်အတွင်း လှည့် ပတ်နေထိုင်သည့် ပုဂ္ဂိုလ်ထူးတွေ များလား၊ သို့တည်းမဟုတ် လင်းမြင့် လှိုင်တို့က မမြင်တွေ့လိုက်ပေမင့် ထိုလူတို့က အဝေးမှဖြတ်သန်းလာရင်း သူတို့ကို တွေ့လိုက်သဖြင့် သတင်းပေးလိုက်နိုင်သော လူသားစင်စစ်တွေ များလား၊ မပြောတတ်ချေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ချောင်းဂွဆုံတွင် တစ်စုတည်း နားနေပြီး နံနက် ဝေလီဝေလင်းတွင် စားသောက်ကြပြီး လာလမ်းသို့ ပြန်ခဲ့ကြတော့သည်။

အပြန်လမ်းသည် ကျွန်တော်တို့ လုပ်ခဲ့သော လမ်းညွှန်အမှတ်အသားကြောင့် လွယ်လင့်တကူ ရှိလှ၏။

နံနက်စောစော ထွက်ခဲ့မည်ဟု ပြောသော ကိုလူပု တစ်ယောက်ကို နေ့လယ်ခင်းတိုင် လမ်းကြောတွင် မတွေ့ကြသေးချေ။ သူလာလျှင် ဤလမ်းမှပင် လာရမည်ဖြစ်သည်။

"ကိုလင်းတို့ ဘယ်လိုလုပ် ဒီအင်ကြင်းတောကို ကျွံလာရတာတုန်း"

မျိုးဝင်းက မေးလိုက်သည်။

လင်းမြင့်လှိုင်သည် ပြုံးစစလုပ်ပြီး - "ဒီပုဂ္ဂိုလ် နတ်လေးကြောင့်ပေါ့ဗျာ တောဝက်တစ်ကောင် တွေ့တယ်။ ကျွန်တော်တို့ နတ်လေးကို ပစ်ခိုင်းလိုက်တယ်"

"သူမပစ်ချင်ဘူး ငြင်းပါသေးတယ်။ ကျွန်တော်က "ကိုနတ်လေး သာပစ်ချေဗျာ" ပြောလိုက်တော့ လှမ်းပစ်လေရဲ့။ နို့ပေမင့် ချက်ကောင်း မထိလို့ ထင်ပါ့ ထွက်ပြေးသွားတယ်။ ဒီဝက်ကို လိုက်လို့ ရနိုင်မရနိုင် မသေချာတော့ကာ၊ တခြားနေရာ သွားပစ်ကြမယ်ပေါ့. . . ဒါကို နတ်လေးက လက်မခံချင်ဘူး။ ဒီဝက်ကို ရမှဖြစ်မယ်ဆိုပြီး ပြောနေလေတော့ နို့ဖြင့်လည်း လိုက်ဗျာ ဆိုပြီး သုံးယောက်သား အဲဒီဝက်ခြေရာခံပြီး လိုက်ကြတော့တယ်. . ."

"အဲလိုလိုက်ရင်း မထင်မှတ်တဲ့ ကော့ညွတ်လေးတစ်ခုကို တွေ့လိုက်တယ်။ တောင်ကြောရှည်တော့မယ် ဆိုတာ ကျွန်တော်ရိပ်မိလိုက်တယ်။ အဲလို ဝက်နောက်လိုက်ရင်း ဒီအင်ကြင်းတောထဲမှာ မျက်စိလည်ထွက်သွားကြတော့တာပဲ ပေါ့ဗျာ"





ကျွန်တော်က ပြုံးလိုက်မိသည်။ ပြီးနောက်-

"ဝက်ကော ရလား" မေးလိုက်တော့ ဝက်လည်း မရဘူး။ ဘာသားကောင်မှလည်း မရဘူး။ သည့်ပြင် တောကလည်း ချောက်သလား မမေးနဲ့ဗျာ။ သည်တောထဲ စရောက်ကြတဲ့နေ့ကဆို တအားကြမ်းတာပဲ. . အတော့်ကို စိတ်ညစ်သွားတယ်ဗျာ. . . ကျွန်တော်တို့ ဖြတ်လာတဲ့ ကော့ညွတ်လေးကို ဘယ်လိုမှ ရှာမတွေ့တော့ဘူး. . ."

သို့ဖြင့် စကားပြောရင်း လျှောက်လာခဲ့ကြရာမှ ကော့ညွတ်နားရောက်လုနီးတွင် ကိုလူပုကို တွေ့လိုက်ကြသည်။

"ဟင်!"

မြောင်လေးတစ်ခုတွင် ခွေခွေလေး လဲကျနေသည်။ တဖျာတသီ ပြေးပွေ့လိုက်သည်။

"ဟာ!"

သူ့မျက်နှာတွင် ဓားဒဏ်ရာဖြင့်၊ ရင်ညွှန့်တွင်လည်း တစ်ချက်

"ဘယ်လိုဖြစ်ရတာလဲ ကိုနတ်ကြီးရယ်"

"ဟင်- ကိုကြီးနတ် ဘယ်လိုဖြစ်ရတာတုန်းဗျာ" ဆိုပြီး နတ်လေးသည် ငိုနေလေတော့၏။

"ဘယ်သူ့လက်ချက်လဲ ကိုနတ်ကြီး သိမှာပေါ့"

ကျွန်တော်က မေးလိုက်သည်တွင် ကိုလူပုသည် ပြင်းထန်သော ဒဏ်ရာများကြားမှ အားယူပြုံးလျက် ခေါင်းခါပြလေသည်။

"ကဲ. . . ကိုပိုက်. . . စခန်းရောက်ဖို့ အရေးကြီးတယ်"

မျိုးဝင်းက သတိပေးလာသည်ကြောင့် ကိုလူပုကို တစ်ယောက်တစ်လှည့်ထမ်းပိုးကာ သွက်သွက်လျှောက်ခဲ့ကြတော့၏။

စခန်းသို့ ရောက်ကြသည်တွင် ညနေစောင်းချေပြီ။ ဖိုးမှ တစ်ယောက် သူ့အဖေနှင့် ပြန်ဆုံရသည်ဖြစ်၍ ဝမ်းသာနေပြီး ကိုလူပုအတွက် စိတ်မကောင်း ဖြစ်နေကြသည်။ သို့ပြီး စောကက်နတ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကတော့ဖြင့် စိုးရိမ်ထိတ်လန့်နေပုံ ဖြစ်နေ၏။

ကျွန်တော်တို့သည် စခန်းသို့ ဝင်လာကြစဉ်တုန်းက "ဟင်. . . ကိုနတ်ကြီး ဆုံးပြီလား" ဟု မေးလာသည့် စောကက်နက်၏ အမေးစကားကြောင့် သူ့ကိုပင် သံသယဖြစ်မိသည်။

သို့ပြား-

စခန်းရောက်သည်နှင့် ကိုလူပုကို တတ်သိနားလည်သလောက် ပြုစုပေးရင်း. . .

"ကိုနတ်ကြီး ခင်ဗျားနဲ့ စောကက်နက် ပြဿနာဖြစ်တာလား" ဟု တိုးတိုးတပ် မေးလိုက်သည်။

ကျွန်တော့်စကားကြောင့် ကိုလူပုသည် မျက်လုံးကို ဖွင့်ကာ လဲ့လဲ့မြှုံးပြပြီး ခေါင်းခါပြလေသည်။

သို့ဆိုပါလျှင် ကျွန်တော် စောတက်နက်ကို အထင်လွဲမိခြင်း ဖြစ်သည်။

ဟုတ်ပြီ. . . ကျွန်တော် သိလိုက်ပြီ။ မနေ့က လူလေးယောက် ဖြစ်နေလေမလား။ စဉ်းစားမိလိုက်၏။ သို့ကြောင့်. . .

"ကိုနတ်ကြီး လူလေးယောက်နဲ့ ဆုံတြသေးလား"

မေးလိုက်သည်တွင် ကိုလူပုသည် တဖျာကယာ ခေါင်းညိတ်ပြ၏။

"သူတို့နဲ့ ဖြစ်တာလား"

မျိုးဝင်းက ဝင်မေးပြန်သည်။

သူခေါင်းညိတ်ပြ၏။ မည်သို့မေးမေး ခေါင်းညိတ်ခေါင်းခါ ဖြေပေမင့် ပြုံး၍ နေခြင်းမှာ စဉ်းစားစရာကောင်းနေတော့၏။

ထိုနေ့လယ်မှာပင် ကိုလူပု ဆုံးသွားတော့သည်။ အားလုံး စိတ်မကောင်း ဖြစ်ကြရသည့်အထဲတွင် သူ၏အမြွာညီဖြစ်သည့် နတ်လေး တစ်ယောက် ငိုရှုံမဆုံး ဖြစ်ရသလို. . . စောကက်နက်၏သမီး ဂျိုင်းစတောသည်လည်း လွန်မင်းစွာ စိတ်မကောင်းဖြစ်သွားပုံရ၏။

"ဦးလူပုက ကျွန်မဆို အရမ်းသည်းညည်းခံတာ၊ လူတကာတသူ့ကို ဦးနတ်ကြီး ကိုနတ်ကြီးပဲ ခေါ်ရတယ်။ ဦးလူပု၊ ကိုလူပုလို့ ခေါ်လျှင်ဖြင့် အရမ်းစိတ်ဆိုး ဒေါသထွက်တာ၊ ပြီးတော့ ကျွန်မ ဖြစ်ချင်တာ၊ လိုချင်တာကို မညည်းမညူ လုပ်ပေးတတ်တယ်. . ."

သို့နှယ် ပြောရင်း ငိုရင်းဖြစ်နေတော့သည်။

စောကက်နက်တတော့ သူ့မျက်နှာရိပ်ပေါ်တွင် ထင်ဟပ်နေသည့် စိုးရိမ်ပူပန်မှုတွေ လွင့်ပြယ်သွားတော့၏။

သမီးဖြစ်သူကို တောင်းရမ်းလာသည့် တိစ္ဆနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်နေသည်များလည်း ကိုလူပုနောက် ပါသွားချေပြီဟု စိတ်ချလက်ချ ယုံကြည်ပုံရ၏။

အရက်တို မနားတမ်း သောက်နေလေတော့၏။ အတော်လည်း မူးနေပြီ ဖြစ်သည်။

"အပါး. . . ဒီလောတ်ကြီးလည်း သောက်မနေပါနဲ့ သေသွားတဲ့သူက သေပြီပဲ၊ သမီးလည်း စိတ်မကောင်းပါဘူး"

သမီးဖြစ်သူ "ဂျိုင်းစတော"က သူ့အဖေ စောတတ်နက်ကို ပြန်၍ ဖြေသိမ့်စကား ပြောနေရတော့၏။

ကျွန်တော်နှင့် မျိုးဝင်း၊ လင်းမြင့်လှိုင်တို့သည် ဆက်လုပ်ရမည့် လုပ်ငန်းများကို တိုင်ပင်လိုက်ကြပြီးနောက် ထိုနေ့မှာပင် စန်းကြည်နှင့် မျိုးဝင်းနိုင်ကို ဥက္ကံမြို့သို့ စေလွှတ်တာ ရဲစခန်းတွင် အမှုသွားဖွင့်ခိုင်းလိုက်၏။

"တဲ. . . ကိုလင်းတို့လည်း ပင်ပန်းနေကြတယ်၊ အေးအေးလူလူ နားလိုက်ချေဗျာ"

ဟု ပြောလိုက်လေတော့မှ လင်းမြင့်လှိုင်သည် တဲတွင် တ[illegible] နားနေတော့၏။







www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ကျွန်တော်နှင့် မျိုးဝင်းတို့သည် စောကက်နက်တဲသို့ သွားကာ စိတ်ဖြေခိုင်းရ၏။

"အရက်ကို တော်လောက်ပြီ ဖထိ အိပ်လိုက်ပါဗျာ၊ သေတဲ့သူက သေပြီပဲ၊ ဖထိက အဲလိုကြီး ဖြစ်နေတော့ သမီးဖြစ်သူက ပိုဆိုးတော့မှာပေါ့ဗျာ"

ကျွန်တော်က ပြောလိုက်သည်တွင် စောကက်နက်က "သေရင်ပြီးပြီတဲ့လား၊ မပြီးသေးဘူးဗျ၊ သူ့တွက်တော့ ဟုတ်ချင်ဟုတ်မှာပေါ့. . . ကျန်တဲ့သူအတွက်က မပြီးနိုင်သေးဘူး၊ မပြီးနိုင်သေးဘူး. . . ကဲပါ ဆရာလေးတို့ရယ် ဒီတစ်ရက်တော့ ကျွန်တော်ကို ခွင့်လွှတ်ဗျာ. . တစ်ယောက်တည်း နေချင်တယ်၊ တစ်ဝကြီး သောက်ပစ်လိုက်ချင်တယ်ဗျာ"

သို့ကြောင့် ကျွန်တော်သည် မျိုးဝင်းမျက်နှာကို လှမ်းကြည့်လိုက်၏၊ မျိုးဝင်းက ခေါင်းဆတ်ပြသည်၊

"တဲ. . . နို့ဖြင့်လည်း ကျွန်တော်တို့ သွားမယ်" ဆိုကာ လှည့်ထွက်ခဲ့ကြတော့သည်၊

သည့်နောက် ဖထိစောလော်တီထံ သွားကာ စကားစမြည်ပြောပြီး မျိုးဝင်းနှင့် ရေချိုးထွက်ခဲ့ကြသည်၊ ကျွန်တော်တို့ ရေချိုးနေစဉ် လင်းမြင့်လှိုင် ရောက်လာ၏။ ရေချိုးပြီး စခန်းပြန်ရောက်သည်တွင် ဟောက်မော် ပြင်ဆင်ထားသည့် ဝိုင်းတွင် ထိုင်လိုက်ကြသည်၊

"ဟောက်မော်. . . ဖထိစောလော်တီကို သွားခေါ်ချေ၊ ပြီးလျှင်ဖြင့် မင်း ဖထိကက်နက်ကို အဖော်လုပ်၊ ချော့မော့အိပ်ခိုင်းလိုက် ဟုတ်ပြီလား"

မျိုးဝင်းစကားဆုံးသည်နှင့် ဟောက်မော်သည် "ဟုတ်" ဟုဆိုကာ ထွက်သွားသည်၊

တစ်ခဏအကြာတွင် စောလော်တီနှင့်အတူ ဖိုးမူနှင့် ဂျိုင်းစတော ပါလာကြ၏။





မျက်နှာများ ညှိုးငယ်နေကြသည်၊

"ကဲ. . . ညည်းတို့ တစ်ခုခုစားလိုက်ကြဦး၊ ဘာမှ တွေးပူမနေကြနဲ့. . . ဘာမှလည်း မကြောက်နဲ့ ဒီတစ်ညလုံး ငါတို့ အိပ်မှာမဟုတ်ဘူး။ မနက်ကျ ရဲတွေလာပြီး အလောင်းသယ်သွားကြလိမ့်မယ်" ဟု မျိုးဝင်းက ပြောလိုက်သည်။

"ကြောက်တာမကြောက်ပါဘူး ဦးရယ် စိတ်မကောင်းဖြစ်ကြတာပါပဲ ဟိုတစ်ယောက်ကိုလည်း ကြည့်ကြပါဦး"

ဖိုးမူပြောမှ နတ်လေးကို သတိရလိုက်၏၊ သူ့အစ်ကိုကြီး အလောင်းနံဘေးတွင် တွေဝေကာ ငေးငိုင်နေတော့၏၊ သူ့မျက်နှာပြင်ဝယ် မျက်ရည်တို့ စီးကျနေဆဲ ဖြစ်သည်၊ ကျွန်တော် အတော်တလေး စိတ်မကောင်း ဖြစ်သွားရသည်၊ ထိုစဉ်တွင် ဟောက်မော် ပြန်ရောက်လာ၏။

"ဘယ်လိုလဲ အပါးအခြေအနေ"

ဂျိုင်းစတောက မေးလိုက်၏၊

"အိပ်ပျော်သွားပြီ"

"ဟုတ်ပြီ. . . ကဲ ဟောက်မော် ရော့ ရမ်တစ်လုံးယူသွား. . ။ ကိုနတ်လေးကို အဖော်သွားလုပ်"

"ဟုတ်ကဲ့ ဆရာ" ဆိုကာ ဟောက်မော်သည် အမြည်းအချို့ကို ထည့်ယူသွားကာ နတ်လေးတဲရှိရာသို့ ထွက်သွားလေတော့သည်။

ကျွန်တော်တို့ သောက်စားနေစဉ်တွင် ဖိုးမူနှင့် ဂျိုင်းစတောတို့သည် နှစ်ဦးခေါင်းချင်းဆိုင် တိုလူပုအကြောင်းသာလျှင် ပြောနေကြ၏၊

အဓိက ကိုလူပုမည်သို့ စွမ်းရည်ရှိပုံ၊ သဘောကောင်းပုံဖြစ်၏။

ကျွန်တော်သည် နည်းနည်း ထွေလာပြီဖြစ်၍ အော် သူလေးခမျာ ဘာမှမသိရှာ၍ ကိုလူပုကို ချီးမွမ်းခန်းတွေ ဖွင့်နေတာ၊ အဘယ်၍



www.burmeseclassic.com

www.burmeseclassic.com



များ၊ သူ့ကို လက်ထပ်ယူဖို့ ကိုလူပုကြိုးစားနေခြင်းကို သိသွားပါမူ မည်သို့ပြောလေမည် မသိပါချေ။

ကျွန်တော် သို့တွေးမိသည်ကြောင့် ဆင်ပိုင်ကြီး စောလော်တီကို ကြည့်ပြီး-

"ဖထီ. . . ကိုလူပု ကျွန်တော်တို့နဲ့ ဆုံခဲ့စဉ်က သူမိန်းမတောင်းဖို့ ဖထီဆီမှာ အကူအညီတောင်းမယ်လို့ ပြောသွားတယ်။ အဲဒါ ဟုတ်လား"

သို့ အရိပ်အမြွက် မေးလိုက်သည်။ ကျွန်တော့်အမေးကြောင့် စောလော်တီမျက်နှာ တစ်ချက်ပျက်သွား၏။ ပြီးလေမှ လေးသွဲ့သွဲ့လေသံဖြင့်

"အမှန်အတိုင်း ပြောမယ်ကွာ။ သူမိန်းမတောင်းချင်တယ် ဆိုတာ ဟုတ်တယ်။ နို့ပေမင့် သူပြောတာ ငါ့တွက် ထူးဆန်းနေတယ်. . . ဘာပြောလဲဆိုတော့. . . သူ မိန်းကလေးကို ချစ်တာတော့ မှန်တယ်၊ ဖေါ်ရယ် မထားရယ်သဘောမျိုးတော့ မဟုတ်ဘူးတဲ့။ တစ်နေ့ အကြောင်းကြောင်းကြောင့် ဒီမိန်းကလေးရဲ့ အဖေမရှိခဲ့လျှင်ဖြင့် လောကကြီးထဲမှာ တစ်ယောက်တည်း မျက်စိသူငယ်၊ နားသူငယ်နဲ့ ကျန်ရစ်ခဲ့မှာရယ်၊ သူ့အနားဝိုင်းနေတဲ့ ယောကျ်ားလေးတွေနဲ့ ငြိစွန်းသွားမှာရယ်ကြောင့်တဲ့ သူကတော့ တူမလေးလို. . . သမီးလေးလို လိုချင်တာတဲ့"

"ဗျာ. . . ဘယ်လို ကျွန်တော် မရှင်းဘူး. . . ရှင်းအောင်ပြောစမ်းပါ ဖထီရယ်"

"တကယ်တော့ နတ်ကြီးက စကားကို ရှင်းအောင် မပြောတတ်လို့ပဲ. . . မိန်းမတောင်းမယ်ဆိုတာ မွေးစားဖို့ကို ပြောတာကွ၊ သူ့အဖေမရှိတော့တဲ့နောက် သူ့တူမလေးလို. . . သမီးလို မွေးစားပြီး သင့်တော်မယ့်သူနဲ့ ပေးစားမှာပါတဲ့. . . သင့်တော်တဲ့သူဆိုတာကလည်း ကလေးမလေး နှစ်သက်မြတ်နိုးတဲ့သူကိုပါတဲ့. . . တစ်ခုတော့ ရှိတယ်၊ အဲဒီ





ကောင်လေးဟာ အကျင့် စာရိတ္တကောင်းပြီး ကိုယ့်အစွမ်းအစနဲ့ တိုးတက်ကြီးပွားအောင် လုပ်နိုင်တဲ့လူမျိုးတဲ့လေ. . . "

"ဟင် ဒါနဲ့ပြောတော့. . . ကျွန်တော်တို့ကို သူ့မင်္ဂလာကိစ္စတဲ့. . . မင်္ဂလာပွဲကို ဖိတ်ချင်သေးတဲ့ဗျာ. . . "

"ဒါကတော့ သူ့အကြောင်းငါအသိဆုံးပဲကွာ၊ သူက သိပ်ခင်သိပ်ရင်းနှီးသွားလျှင်ဖြင့် အဲလို နောက်တတ်တာပဲ"

"ဪ. . . "

"အပါး ဦးနတ်ကြီးက ဘယ်သူ့ကို မွေးစားချင်တာ တဲ့လဲဟင်"

ဖိုးမှုက ဝင်မေးလေသည်။

ပြောသင့် မပြောသင့် စဉ်းစားလေပြီးမှ "ခုမှတော့ မထူးပါဘူးလေ။ "သူမွေးစားချင်တာ "ဂျိုင်းစတော"တိုပဲ"

"ဟင်!"

ဂျိုင်းစတောနှင့် ဖိုးမှုတို့နှစ်ယောက် အံ့အားသင့်သွားကြ၏။

"ဘာရယ်ဖထီ ကျွန်မကို ဦးလူပုက မွေးစားချင်သတဲ့ ဟုတ်လား"

မျက်လုံးလေးအဝိုင်းသားနှင့် ဂျိုင်းစတောက မေးလာတော့၏။

စောလော်တီက ခေါင်းညိတ်ပြလိုက်သည်။ ဂျိုင်းစတော တစ်ယောက် ပို၍ ရင်နင့်သွားပုံရ၏။ သူမမျက်ဝန်းမှ မျက်ရည်တို့ စီးကျလာတော့၏။

"ဟင့်" ခနဲ ရှိုက်သံ ထွက်လာကာ အားပါးတရ ငိုလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မှောင်စပျိုးတွင် ထင်မထားလေဘဲ ဝါးခုတ်ဓားများကို ကိုင်ဆောင်လျက် လူလေးယောက်. . . ကျွန်တော်တို့ စခန်းသို့ ရောက်လာလေ၏၊ ထိုသူလေးယောက်ကား မနေ့က တောထဲတွင် တွေ့ခဲ့သူများဖြစ်နေသည်ကြောင့် ကျွန်တော်သည် တဖျာကယာ နံဘေးမှ သေနတ်ကိုကောက်ယူကာ လှမ်းချိန်လိုက်၏။ မျိုးဝင်းသည်လည်း သူတို့ကို မှတ်မိလေသည်ကြောင့် သေနတ်ဖြင့် ထိုသူလေးဦးထံ လှမ်းချိန်လိုက်ပြီး ဖြစ်နေတော့၏။

လင်းမြင့်လှိုင်တတော့ ဘာမှန်းညာမှန်းမသိ ဖြစ်နေသည်၊ သို့ကြောင့် သူတို့ကို တလှည့်၊ ကျွန်တော်တို့ကို တလှည့်ကြည့်နေတော့၏။ သေနတ်ကိုတော့ ကောက်ကိုင်ပြီးဖြစ်နေသည်။

ကိုလူပုကို သတ်သွားသူများဟု ကျွန်တော်ထင်ထားသူများဖြစ်၏၊





ကိုလူပုကလည်း သေခါနီး ဝန်ခံသွား၏။

သူတို့ ကျွန်တော်တို့ကို အန္တရာယ်ပြုရန် လာကြခြင်း ဖြစ်ချိမ့်မည်၊

"ဟိတ်လူတွေ လက်ထဲက ဓားတွေ ချလိုက်ပါ၊ နို့မဟုတ် ပစ်လိုက်မယ်နော်"

ကျွန်တော်၏ ခြိမ်းခြောက် စကားကြောင့် ထိုသူတို့မှ လူကြီးသည် ကြောက်လန့်သွားပုံ မရှိဘဲ. . . "မိတ်ဆွေက အင်မတန် ရယ်စရာကောင်းတာပဲ။ အကူအညီပေးမယ့် မိတ်ဆွေတွေကို ရန်သူလို သဘောထားနေပါတလား"

သူ့စကားကြောင့် ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး-

"ရယ်စရာကောင်းသေးဗျာ. . . ကူညီမယ်ဆိုတာ ကျွန်တို့ကိုကူညီနှုတ်ပိတ်ပေးဖို့ မဟုတ်လား၊ ရာဇဝတ်ဘေးဆိုတာ ပြေးတွေ့တာပါဘူးဗျ"

"ကဲပါလေ. . . အချက်မသိတော့ သမက်သူခိုးထင်ထိန်းရောက်နေမှတော့ ရှင်းပြရတော့မှာပေါ့. . . ကဲဟေ့. . . မင်းတို့ဓားတွေလည်း ပစ်ချလိုက်ကြ" ဆိုကာ သူ့ဓားကို အရင်လွှင့်ပစ်လိုက်သေး၏၊ ကျန်လူငယ် သုံးယောက်သည် သူ့နှယ် လိုက်လုပ်ကြ၏၊

"ကဲ. . . ကျုပ်တို့လာရင်းကိစ္စက လူသတ်တရားခံကို လာပို့တာ"

"ဗျာ"

သူတို့ လေးယောက်အပြင် ဘယ်သူမှ ပါလာခြင်းမတွေ့သဖြင့်

"ဘယ်မှာလဲ. . . တရားခံ. . . ခင်ဗျားတို့ထဲက တစ်ယောက်လား" မျိုးဝင်းက ဝင်မေးလိုက်၏၊

ထိုလူကြီးက ခေါင်းကို ခါယမ်းပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"တရားခံက ဒီတို ကြိုရောက်နေတာဗျ" ပြောပြီး ပြုံးဖြီးဖြီး လုပ်နေ၏။

"ဘာဗျ. . . ဘယ်သူလဲ. . . ဘယ်မှာလဲ"

ကျွန်တော်က မေးလိုက်သည်တွင် ထိုလူကြီးသည် စောကက် နက်တဲသို့ လှမ်းပြပြီး. . .

"သူပဲ မှူးပြီး အိပ်နေတယ်"

"ဟင်!"

ဂျိုင်းစတောတစ်ယောက် မျက်လုံးလေးအဝိုင်းသား ဖြစ်ကာ ငေးကြောင်သွားတော့၏။

ကျွန်တော်တို့ပင် အံ့အားသင့်သွားရ၏။

"ဘာပြောတယ်ဗျ. . . ခင်ဗျားတို့ မဟုတ်တာတွေ လာမပြော ပါနဲ့. . ."

မိုးဝင်းစတားကြောင့် ထိုလူကြီးသည် သူ့နောက်မှ ရပ်နေသော လူငယ်သုံးယောက်ကို လှမ်းကြည့်လိုက်၏။

ထိုလူငယ်သုံးယောက်ထဲမှ တစ်ယောက်သည် ခါးကြားမှ ထိုး ထည့်ယူလာသော ဝါးခုတ်ဓားတစ်ချောင်းကို ပလတ်စတာစ်စဖြင့် ထုပ် လျက် ယူလာပေး၏။

"အဲဒါ လူသတ်ရာမှာ အသုံးပြုခဲ့တဲ့ ဓားပဲ၊ လက်ဗွေပုံစံတွေ က သက်သေခံပါလိမ့်မယ်"

"အင်မတန် စေ့စပ်သေချာတဲ့သူပါကလား" ဟု ကျွန်တော့်စိတ် မှ ထိုလူကြီးကို ချီးမွမ်းလိုက်မိသည်၊

"နို့ဖြင့်လည်း ဖြစ်ပျက်ပုံလေး ပြောပြပါဦးဗျာ" ရယ်လို့ မိုးဝင်း က ဝင်ပြောလိုက်၏၊

"မိတ်ဆွေတို့ ပြောတဲ့အတိုင်း ကျုပ်တို့ သစ်ပင်တွေမှာရှိတဲ့ လမ်း ညွှန်အမှတ်အသားတွေ ရှာပြီး ပြန်ခဲ့ကြတယ်၊ လမ်းရောက်တော့ အိပ်





ချင်တာနဲ့ အိပ်လိုက်ကြတယ်၊ နံနက် ဝေလီဝေလင်းမှာ ထပြီးလျှောက် ခဲ့ကြပြန်တယ်။ အခင်းဖြစ်နေရာ ရောက်လုမှာ လူတစ်ယောက်ရဲ့ "အား" ရယ်လို့ ကြောက်လန့်တကြား အော်လိုက်သံကြောင့် တစ်စုံတစ်ခုတော့ ဖြစ်နေပြီပေါ့ တွက်လိုက်ပြီး လူသားချင်း ကူညီလိုစိတ်နဲ့ အဲဒီနေရာကို သွက်သွက် လျှောက်သွားလိုက်ကြတယ်"

အနားရောက်တော့ လူသတ်သမားက ထွက်သွားပြီ၊ လမ်းကွေ့ လေးတစ်ခုကနေ လှစ်ခနဲ ပျောက်သွားတာတော့ တွေ့လိုက်တယ်၊ ဒါ ကြောင့် ကျုပ်တို့ လေးယောက် သူ့နောက်ကို ချောင်းမြောင်း လိုက်ခဲ့ကြ တယ်။

ဒီစခန်းနား မရောက်ခင်မှာ သူ့လက်ထဲက ဓားကို မီးလောင် ထားပြီးဖြစ်တဲ့ သစ်ငုတ်တစ်ခုအခေါင်းပေါက်ထဲ ထည့်လိုက်တာ တွေ့ တော့ သက်သေခံအဖြစ် ပလပ်စတစ် ထုတ်ပြီး ယူလာခဲ့တယ်။

ဒီစခန်းမှာ ဒီတလေးမနှစ်ယောက်နဲ့ သူ့ကိုပဲ တွေ့တော့ ကျုပ် တို့ တစ်ခုကို စဉ်းစားလိုက်မိတယ်၊ သူ့ကို ကျုပ်တို့လေးယောက်ဝင်ဖမ်း လို့ရတယ်၊ နို့ပေမင့် မိန်းတလေးနှစ်ယောက်က ဘယ်လိုပတ်သက်မှန်း မသိဘူး။ သူ့ကို ဖမ်းသွားပြန်လျှင်လည်း တောင်မလေးနှစ်ယောက်တည်း တောထဲမယ် ကျန်ခဲ့လို့ မဖြစ်ဘူးလေ၊

ဒါကြောင့် ကျုပ်က တွက်လိုက် တယ်၊ မိတ်ဆွေတို့နဲ့ ဒီစခန်း ပတ်သက်မှုရှိနိုင်တယ်၊ ကျုပ်တို့နဲ့ ဆုံတုန်းက လူပျောက်လာရှာတာ သိရတော့ သူတို့ပျောက်နေတဲ့ သူတွေ တွေ့ပြီ ဆိုမှတော့ ဒီပြန်လာကြမှာ သေချာလောက်တယ်။ ဒါကြောင့် မိတ်ဆွေတို့ အပြန်စောင့်ပြီးလေမှ လူသတ်မှု ကိစ္စရှင်းမယ်လို့ တွက်ပြီး ဒီနားမှာပဲ ခိုအောင်းနေပြီး အခြေ အနေ စောင့်ကြည့်နေတာ၊ တစ်ခုပဲ ကျုပ်တို့ စိတ်မကောင်း ဖြစ်ရတာက လူသတ်သမားနောက်ပဲ စိတ်လောပြီး လိုက်နေမိတာနဲ့ လူနာ အခြေ အနေကို သတိမထားလိုက်မိဘူး" ပြောကာ စိတ်မချမ်းမသာ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပုံမြင်ရ၏။

"သည့်အတွက် စိတ်မကောင်း မဖြစ်ပါနဲ့။ သူ့ဒဏ်ရာက အတော်ပြင်းတာကလား၊ သေကို သေရမင့်သူပါ. . . ဝဋ်ကြွေးထေးကြောင့် အထော်နဲ့ အသက်ထွက်မသွားနိုင်တာ ဖြစ်ပါလိမ့်မယ်"

သို့နှယ်ပြောရင်း သူတို့ကို နှစ်သိမ့်လိုက်သည်။ "တဲ. . . နို့ဖြင့်လျှင်လည်း ကျွန်တော်တို့ လူအင်အားများတုန်း သူ့ကို တုတ်နှောင်ထားလျှင်ဖြင့် ကောင်းလိမ့်မယ် ထင်ရဲ့" ဆိုကာ စခန်းတဲမှ ထလိုက်ကြ၏။

တဲပေါ်တွင် မှုးလျက် အိပ်မောကျနေသော စောကက်နက်ကို ဝိုင်းထားလိုက်ကြသည်။

"အပါး. . အပါး. . အပါး. ." ရယ်လို့ "ဂျိုင်းစတော"က လှုပ်နိုးလိုက်သည်တွင် စောတက်နတ်လှုပ်ရှားလာ၏။ မျက်လုံးကို ဖွင့်ကြည့်လိုက်ပြီး ထထိုင်လိုက်သည်တွင် သူ့ကို စိမ်းစိမ်းကြီးကြည့်နေသည့် မျက်လုံးများ၏ အဓိပ္ပာယ်ကို ဖော်လိုက်နိုင်သည်ကြောင့်လားမသိ။ ပြီးတော့ မျှော်ဝင်းလက်ထဲမှ ကိုင်ထားသည့် ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော ဓားမကို မြင်လိုက်သည်ကြောင့်လားမသိ မျက်စိမျက်နှာ အကြီးအကျယ်ပျက်သွားတော့၏။

"ဟိတ်ကောင် ကက်နက် ငါမေးတာမှန်မှန်ဖြေရမယ်" ဆင်ပိုင်ကြီးစောလော်တီက သို့ပြောလိုက်သည်နှင့် စောကက်နက်သည် ညှိုးငယ်သော မျက်နှာဖြင့် အဝေးတစ်နေရာသို့ လှမ်းကြည့်လိုက်ပြီး-

"ကျွန်တော် လူသူတော်ကောင်းကို ပစ်မှားမိခဲ့ပြီ" လို့သာ တစ်ခွန်းစကား ပြောပြီး သူ့လက်အစုံကို လှမ်းထိုးပေးလာ၏။ သူ့ကို ဖမ်းချုပ်တုပ်နှောင်ရန် အလို့ငှာဖြစ်သည်။

"မင်းကွာ. . မိုက်လိုက်တာ. . . နတ်ကြီးက လူသူတော်ကောင်းပါကွ၊ မင်းကို သူချစ်လို့ စတာနောက်တာ။ ဒါလေးမှ သဘောထားမကြီးနိုင်ဘူးလား"





စောလော်တီက ဂျိုင်းစတောတို့စုနှင့်ပတ်သက်၍ လူသတ်မှုကို ကျူးလွန်လောက်သည့်တိုင် သဘောထားမကြီးနိုင်သည်ကို ပြစ်တင်နေခြင်းဖြစ်၏။

စောကက်နက်က ခေါင်းကို ခါယမ်းပြီး "ဖထီထင်ထားတဲ့ သမီးလေးကိစ္စ မဟုတ်ဘူး" အစချီကာ-

စောကက်နက်သည် နတ်ကြီးတို့ညီအစ်ကိုနှင့် ခင်မင်ရင်းနှီးရုံသာမက ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်ကြသည်။ ဆင်ပိုင်ကြီး စောလော်တီနှင့် ပတ်သက်၍ ဆုံကြခြင်းဖြစ်သည်။

ပထမ သူ့အလုပ်က မော်လမြိုင်ဆင်ဝိုင်းတစ်ခုတွင် ဆင်ဦးစီးအဖြစ်လုပ်နေသည်။ မည်သို့ပင် လုပ်ငန်းအပေါ် ကြိုးစားပန်းစား လုပ်ပေမင့် အကျိုးခံစားခွင့် သူ့တွင် မရှိခဲ့။

သည်တွင် သမီးဖြစ်သူက သူ၏အခက်အခဲကို ကူညီပေးလာ၏။

"အပါး- ဒီမယ် လုပ်သာလုပ်ရတယ် ပင်ပန်းပြီး အကျိုးခံစားခွင့် ဘာမှလည်း မရဘူး။ သမီးသူငယ်ချင်းနဲ့ တိုက်ကြီးမှာ ဆုံတယ်၊ သူ့အပါးက ဆင်ပိုင်ကြီး၊ သမီးက အပါးနဲ့ ပတ်သတ်ပြီးပြောပြ အတူအညီတောင်းတယ်၊ သူတူညီမယ်တဲ့၊ အဲဒါ. . . သမီးတို့ ဥက္ကံသွားကြစို့"

"ဖြစ်ပါ့မလား ဖိုးမူရာ. . . ဟိုကျ ပိုဆိုးနေပါဦးမယ်"

သေချာမှ တောင်းသည်မဟုတ်ပေလား။ သို့ကြောင့် သူ သို့မေးလိုက်ခြင်းဖြစ် ၏။

"အို- အပါးတလည်း သမီးတို့ ဥက္ကံမှာ အတူတူ အထက်တန်းကျောင်းတက်ခဲ့ကြတာ၊ အဲဒီကတည်းက သမီးသူငယ်ချင်းက အစစအရာရာ အကူအညီပေးခဲ့တာ၊ သူလည်း သမီးလို တစ်ဦးတည်းသော သမီးပဲလေ။ သူ့အပါးကလည်း အပါးလိုပဲ တစ်ဦးတည်းသောသမီးကို အရမ်းချစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



သို့ အာမခံ ပြောလေသည်ကြောင့် သူ့သမီးစကား ယုံစားတာ လိုက်လာခြင်းတော့မဟုတ်၊ အမိမဲ့ သမီးလေး စိတ်ချမ်းသာရေး အတွက် အဓိကထားတာ လိုက်ခဲ့ခြင်းဖြစ်တော့၏။

သည်တွင် သူသည် စောလော်တီတို့ ဆင်ဝိုင်းသို့ ရောက်လာရတော့၏။ သူ၏ရိုးသား ကြိုးစားမှုကြောင့် ဆင်ခေါင်းကြီးရာထူးပင် တိုးမြှင့်ခန့်အပ်ခံရတော့သည်။

သည်တွင် သူသည် နတ်ကြီးတို့ ညီအစ်ကိုနှင့် ဆုံခဲ့ရသဖြင့် ဝမ်းသာခဲ့ရသလို ဆင်ဦးစီး စောအားပိုနှင့် ဆုံခဲ့ရခြင်းကြောင့် စိတ်ညစ်မှုတွေ တွေ့ကြုံခဲ့ရပြန်၏။

ဆင်ဦးစီး စောအားပိုက ဆင်ဝိုင်းသို့ အစောဆုံးရောက်လာခဲ့သူတစ်ယောက် ဖြစ်ခြင်း သူက ဆင်ခေါင်းကြီးဖြစ်လာပြီး စောအားပိုက ဖြစ်သင့်လျက် ဖြစ်မလာရခြင်းကြောင့် သူ့အပေါ် စိတ်ခု၊ မနာလိုဖြစ်ကာ ငြိုးသနာတစ်ခုမဟုတ် တစ်ခုရှာနေသူဖြစ်၏။

အတယ်တော့ စောလော်တီက ပေးသင့်သူကို ပေးခဲ့ခြင်းဖြစ်၏။ ဒါကို အားပိုက သဘောမပေါက်၊ ဆင်ဝိုင်းကြီး "စောလော်တီ"၏ သမီး နှင့် သူ့သမီး "ဂျိုင်းစတော" တို့ ညီအစ်မရင်းနှယ် ချစ်ခင်ခဲ့ကြသည်ကို အကြောင်းပြုလျက် အခွင့်ရေးတစ်ရပ် တောင်းကာ ရယူသွားခြင်းဟု တွက်လိုက်သည်။

သည်တော့ စောအားပိုသည် ချစ်ခင်နှစ်သက်၍ မဟုတ်ဘဲ ယုတ်မာသည့် အကြံဖြင့် သူ့သမီး၏အချစ်ကို ရယူရန် အမျိုးမျိုးနည်းဖြင့် ကြံလေတော့၏။

"ဂျိုင်းစတော" သည် တစ်ဦးတည်းသောသမီးဖြစ်သည်ကြောင့် စောအားပိုလို စိတ်ဓာတ်မကောင်းသူနှင့် သူသဘောမတူနိုင်၊ သည်တော့ နတ်ကြီးကို ဖွင့်ဟရင်တွင်းခံစားမှုကို ပြောပြလိုက်တော့၏။ သည်တွင် နတ်ကြီးက-





"ဖထီရယ် ဒါများလွယ်လွယ်လေး၊ ကျုပ်နဲ့ ဖထီနဲ့ ဒီယောက်ရင်းနှီးနေတာပဲ ကျုပ်နဲ့ ပေးစားလိုက်လျှင်ဖြင့်. . . ဒီကိစ္စရှင်းသွားတော့မှာပေါ့. . . ဖထီ သမီးလေးကလည်း ကျုပ်ကို ခင်မင်ရင်းနှီးစွာ ရှိနေတာပဲဗျာ" ရယ်လို့ ပြောလာသဖြင့် သူ့ဒေါသအမှတ်ချောင်းချောင်း ထွက်သွားရသည်။

နတ်ကြီးနှယ် ဒီစကား ပြောရက်လိုက်တာ ရယ်လို့ နာကျည်းစွာ ရင်မှာ သတ်မှတ်ထားလိုက်တော့၏။

တစ်ခုတော့ရှိသည်၊ နတ်ကြီးကို ဖွင့်ဟတိုင်ပင်လိုက်ပြီး နောက်ပိုင်း သူနှင့်စောအားပို ထိပ်တိုက်ပြဿနာ သိပ်မရှိတော့ချေ။ သို့သော် နတ်ကြီးနှင့် စောအားပိုတို့နှစ်ယောက်သည် တစောင်းစေးနှင့် ဖျက်ချေ ဖြစ်သွားကြတော့၏။

သည်တွက်တော့ သူကြိတ်ကာ ဝမ်းသာရပြန်၏။

သို့ငြား-

စောအားပိုသည် သူနှင့် မတတ်သာ၍ ထိပ်တိုက်တွေ့လေသည်တွင်-

"ကျုပ်မှာ သမီးရှိရင် လူစဉ်မမီတဲ့ သူကိုသမက်တော်မယ့်အစား ခွေးကိုအမြီးဖြတ်ပြီး ပေးစားချင် ပေးစားလိုက်မယ်"

သို့နှယ် စောင်းမြောင်းပြောခံလိုက်ရသဖြင့် သူလွန်မင်းစွာ နာကျည်းသွားတော့၏။ သို့ကြောင့် သူသည် စောအားပိုကို ဘယ်သို့ တုံ့ပြန်သင့်သည်ကို နေ့စဉ်အမျှ စဉ်းစားလေတော့၏။ တစ်နေ့သူနှင့် ပိုနတ်ကြီး တို့ညီအစ်ကို၊ အဖန်ရည်သောက်ကာ စကားစမြည် ပြောနေကြ၏။ သူတို့ညီအစ်ကို ဝစ်ခတ်ရရှိလာသော မျောက်ကိုလာပေးခြင်းဖြစ်၏။ သူ့သမီး "ဂျိုင်းစတော"လည်း ရှိနေ၏၊ ထိုစဉ် စောအားပို ရောက်လာသည်။

သူတို့နှင့် ရောဝင် အဖန်ရည်သောက်ရင်း. . "ဟဲ့. . ဂျိုင်းစ



www.burmeseclassic.com

www.burmeseclassic.com



တော. . . ဒီမျောက်ကြီးက ဦးလူပု ပစ်လာပေးတာ မဟုတ်လား၊ ဦးလူပု က ဘယ်ဆိုးလို့တုန်း သူ့ထက်အရပ်မြင့်တဲ့ သတ္တဝါကောင်ကို သတ်ဖြတ် ဖမ်းဆီးနိုင်သားပဲ"

သို့နှယ် ပြောလေသဖြင့် နတ်ကြီးသည် ဒေါသအမျက်ထွက် သွားပြီး စောအားပိုကို စိမ်းစိမ်းကြီးကြည့်လိုက်၏၊ အတော်ကြာကြာ စိုက်ကြည့်ပြီးနောက် သူ့ညီနတ်လေးကို လှည့်ကြည့်လိုက်သည်နှင့် နတ် လေးသည် စောအားပိုကို ထလိုးလေတော့၏၊

တစ်ချက်သာ ထိုးလိုက်ရ၏၊ ဖင်ထိုင်နေရာမှ လဲကျသွားတော့ ၏၊ ပြန်လည်ခုခံဖို့ မပြောလေနှင့် မော့်၍ပင် မကြည့်ရဲတော့ချေ၊

"မင်း ငါ့ရှေ့က ခုထွက်သွား. . . ငါ သတ်မိလိမ့်မယ်၊ ငါ့ကို ဦးနတ်ကြီးပဲ ခေါ်ဝေါ် သုံးစွဲပါ၊ ဦးလူပုဆိုတဲ့ အသံမင်းပါးစပ်က နောက် ထပ် တစ်ခါ ထွက်လာလျှင်ဖြင့် ဒါက မင်းဘဝမှာ နောက်ဆုံးခေါ်ခြင်းဖြစ် သွားလိမ့်မယ်" ဆိုကာ စိမ်းစိမ်းကြည့်လိုက်ပြန်၏၊

သည်တွင် စောအားပိုသည် လဲနေရာမှ တပျာကယာ ထသွား လေတော့၏၊

နတ်ကြီးတစ်ယောက် အင်မတန် ဒေါသထွက်နေသည်ကို မြင် လိုက်ရသဖြင့်. . . သူ့တွင် အကြံတစ်ခု ပေါ်လာရတော့၏။

ထိုအကြံအစည် အောင်မြင်လျှင်ဖြင့် သူ့တွက်တစ်တော မှန် ပြီ ဖြစ်ချိမ့်မည်ဟု တွက်လိုက်၏၊

သို့ကြောင့်

"ကိုနတ်ကြီး ရှိတုန်း အတော်ပဲဗျာ နက်ဖြန် ဒီကောင်နဲ့ ထူး လုပ်ငန်းလုပ်စရာ ရှိတယ်၊ ဒီကောင် ကျုပ်ကို အမြဲရန်လိုနေတယ်၊ သူ ဒီတစ်ခေါက်တွဲ လုပ်ပြီးရင် ဆင်ပိုင်ကြီးပြောပြီး သူ့တို တစ်နေရာပြော နိုင်းရလိမ့်မယ် ကြာရင် ကျုပ်နဲ့ဖြစ်မယ် မထင်ဘူး"

"အဲဒီတော့ ဘာဖြစ်ချင်လဲ"





ဒေါသထွက်နေဆဲကြားမှ နတ်ကြီးက သို့ပြောလိုက်သည်၊

"နက်ဖြန် လုပ်ငန်းခွင်ဝင်သွားလျှင်ဖြင့် ကိုနတ်ကြီး လျှော်ခဲ့ လိုက်ခဲ့စေချင်တယ်၊ ပြီးတော့ အမဲလည်း လိုက်ကြတာပေါ့"

"ဟုတ်ပြီလေ. ." ဟုပြောကာ နတ်ကြီးသည် ဒေါသမပြေသေး သေးသည့်ဟန်ဖြင့် သူ့တဲသို့ ထွက်သွားလေတော့သည်၊ နတ်လေးသည် လည်း သူ့နောက်မှ လိုက်ပါသွားလေတော့၏၊

အမှန်တကယ်လည်း သူသည် ဒီတစ်ခေါက် အလုပ်တွဲလုပ်ပြီး လျှင် ဆင်ပိုင်ကြီးအားနတ်ကြီးနှင့် ပြောခိုင်းရန် စီစဉ်လိုက်ခြင်းဖြစ်၏၊ နတ်ကြီးနှင့် ဆင်ပိုင်ကြီးက လွန်မင်းစွာ ခင်ကြသည် မဟုတ်ပါတလား၊ သမီး ဂျိုင်းစတောကို ပြောခိုင်းလျှင်လည်း ရနိုင်ဝေမင့် ဆင်ပိုင်ကြီးက သမီးလေးအပေါ် အခွင့်အရေးတောင်းနိုင်လွန်းသူဟု ထင်သွားမည် စိုး၍ ဖြစ်သည်၊

နောက်နေ့ ဝေလီဝေလင်းအချိန်တွင် လုပ်ငန်းခွင် ဝင်ရန် ထွက် ခဲ့ကြတော့၏၊

သူနှင့်အတူ တွဲလျက် နတ်ကြီးတို့ ညီအစ်ကိုပါလာလေသည်၊

စောအားပိုကတော့ သူ့အပေါ် တွေ့နပ်ပုံမရ၊ သို့ဖြစ်၍ နတ် ကြီးကို ဖြုသွားလေသည်ကြောင့်လားမသိ၊ မျက်နှာလေး ညှိုးငယ်နေတော့ ၏။ သို့ကြောင့် သူသည် လူကြီးပီပီ ပြန်တွက်လိုက်၏၊

တကယ်တော့ စောအားပိုသည် သူ့ထက်ငယ်၏၊ နတ်ကြီးတို့ ထက်ပင် ငယ်ချိမ့်မည်၊ လုပ်ဖော်ကိုင်ဖက်ချင်း သို့နှယ် မဖြစ်လို၊ သို့ ကြောင့်-

"အားပို မနေ့က ကိစ္စ ငါကပဲ ကြားက တောင်းပန်ပါတယ်၊ လုပ်ငန်းတူတူ လုပ်နေကြသူတွေပဲကွာ၊ တဲ. . လာပါ. . အလုပ်လေးနား တုန်း ဖားရှာ ငါးရှာ ထွက်ကြစို့"

သို့နှယ် သူသည် လူကြီးပီပီ သဘောထားကြီးစွာ ဆက်ဆံလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

စောအားပိုသည်လည်း သည်တော့မှ မျက်နှာရွှင်လာကာ "သွားကြမယ်လေ.. နို့ပေမင့် ဦးလူပုကိုတော့ ခေါ်မလာနဲ့ဗျာ..."

သို့ဆိုလာသဖြင့် သူသည် "တိုနတ်ကြီးရာ ကိုယ်က အကြီးပဲ စိတ်ထဲမထားပါနဲ့၊ ကျုပ် သူနဲ့ငါးပုံးသွားထောင်ချေဦးမယ်။" ဆိုကာ အားပိုနှင့်အတူ ထိုင်နေရာမှ ထွက်ခဲ့ကြတော့သည်။

သို့ထွက်ခဲ့ရာတွင် မမျှော်လင့်ဘဲ ဥက္ကံချောင်းဖျား ကော့ညွှတ်နေရာလေးသို့ ရောက်ခဲ့ကြ၏။ ထိုနေရာရှိ မြောင်လေးတွင် ငါးပုံးထောင်လိုက်ကြ၏၊

ထိုမြောင်တွင် ငါးပေါပုံရသဖြင့် ငါးပုံးလေးပုံးခန့် ထောင်ခဲ့၏။

ထိုနေရာမှ လှည့်ပြန်မည်အလုပ်တွင် စောအားပိုက "ဒီကော့ညွှတ်လေးတနေ တောင်ကြောအတိုင်း လိုက်လျှောက်သွား ကြည့်ရအောင်ဗျာ တောင်လိပ်လေး ဘာလေး ရလို ရငြားပေါ့" ပြောလာသဖြင့်...

"အေး... တောင်းသားပဲ" ဆိုပြီး သူတို့ ထိုတောင်ကြောလေးအတိုင်း လျှောက်ခဲ့ကြ၏။ ထိုတောင်ကြောတစ်ဝိုက် အင်ကြင်းပင်များ ပေါပေါများများ ပေါက်ရောက်နေသည်ကို သိလိုက်ရ၏၊

သို့လျှောက်ခဲ့ရင်းမှ ခရီးလွန်လာပြီကို သိလိုက်သဖြင့် နောက်ကြောင်းပြန်လှည့်လိုက်ကြ၏။

ခက်ချေပြီ... ကော့ညွှတ်နေရာလေးကို အတော်နှင့် ပြန်မရောက်နိုင်သဖြင့် လမ်းပျောက်ချေပြီကို သိလိုက်သည်။

သို့တောမှောက်၊ လမ်းပျောက်နေသည်ကို အခွင့်ကောင်းယူ၍ စောအားပိုသည်

"ဘယ်လိုလဲ ဖထီ ကျွန်တော်တို့ လမ်းပျောက်နေပြီ... ကျွန်တော် ကြားဖူးတဲ့ အင်ကြင်းဝက်ပါတော ဆိုတာ များလား မသိဘူး"





"ဟေ..."

သူရင်ထိတ်သွားတော့၏။ တကယ်တမ်း အင်ကြင်းဝက်ပါတော မှန်ပါက မလွယ်ပါကလား တွက်မိလိုက်သည်၊အလွန်နာမည်ကြီးသော တောဖြစ်သည်၊

"ဒီလောက်လည်း ထိတ်လန့်မသွားပါနဲ့ ဖထီရာ၊ ဟဲ..ဟဲ.. ကျုပ်တစ်ယောက်လုံး ရှိပါတယ်။ ကျုပ်ကလည်း ကိုယ့်ယောက္ခမလောင်းကို ပစ်မထားပါဘူး"

"ဘာကွ... ဘာပြောတယ်"

သူစိတ်ဆိုးသွားသည်၊ အရေးထဲ သူ့ကို စော်ကားလာပြန်သဖြင့်... "အားပို ဟော့ကောင်... ငါတို့လမ်းမှားနေတာကို လမ်းမှန်တွေ့အောင် ရှာဖို့ မကြိုးစားပဲ လူကြီးကို နောက်ပြောင်နေရပြန်လားကွ" ဟု ပြောလိုက်သည်။

"အော်... ဖထီးရယ် ခတ်လိုက်တာ ဘယ်သူက ဖထီကို နောက်ပြောင်ရမှာတုန်း၊ ကျုပ်ကို မယုံဘူးလား။ ဖထီက ဟိုလူပုကိုပဲ အထင်တကြီး ဖြစ်နေတာ" သို့ပြန်ပြောလာရင်း မနေ့က ကိစ္စကို ပြန်သတိရသွားပြန်သည် ထင်လိုက်၏။ စောအားပိုတစ်ယောက် တိုနတ်ကြီးကို နှိမ့်ချ ပြောနေလေတော့၏။

"အလကားလူပု... သူ့ညီအားကိုးနဲ့ မိုက်ရဲတာပါ အရပ်ကလည်း ပေမမီ ဒေါက်မမီ၊ ရုပ်ကလည်း ဆိုးသေး၊ ပြီးတော့ တောတောင်ထဲ လျှောက်သွားပြီး ဟိုလူ့တဲနေလိုက်၊ ဒီလူ့တဲနေလိုက်နဲ့ အဲဒီလိုလူမျိုးကို ဖထီမို့ သားမက်တော်ချင်တယ်"

"ဘာကွ ဘာပြောတယ်... မင်းဘယ်လိုပြောလိုက်တယ်"

"အော် ဖထီက ထပ်ကြားချင်သေးလား "အဲလို လူစဉ်မမီတဲ့သူတို့မှ ဖထီက သားမက်တော်ချင်တယ်လား" လို့ပြောတာလေ ကဲ လို သောက်ကျေနပ်ပြီလား ထပ်ကြားချင်ပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် သူလွန်မင်းစွာ ဒေါသထွက်သွားတော့၏။

သူ၏တစ်ဦးတည်းသောသမီးလေး၊ အမိမဲ့ သမီးလေး၊ သည်သမီးလေးကို လူစဉ်မမီသူနှင့် ပေးစားနေသည်ကြောင့် သူ၏ဒေါသသည် အထွတ်အထိပ်သို့ ရောက်သွားသဖြင့်-

"မိုက်ရိုင်းလိုက်တဲ့ကောင် ကဲကွာ" ဆိုပြီး သူ့လက်တွင်းရှိ ဝါးခုတ်ဓားဖြင့် ဇက်ပိုးကိုခုတ်ချလိုက်တော့၏။

သည်သို့တိုင် ဖြစ်လာလိမ့်မည်ဟု စောအားပို တွက်မထားသည်ကြောင့် ခုခံဖို့နေနေသာသာ ကာတွယ်ဖို့ပင် သတိမရလိုက်ချေ။

ခွေလဲကျသွားတော့၏။

"ဟာ!"

တအံ့တဩ လေသံကြောင့် သူသည်နောက်သို့ လှည့်ကြည့်လိုက်သည်။

"တင်. . . ကိုနတ်ကြီး"

"ဟုတ်တယ်. . . ဖထီတို့ နှစ်ယောက် ထွက်သွားတာကို စိတ်မချတာနဲ့ နောက်ယောင်ခံလိုက်လာတာ"

"ငါလက်လွန်သွားပြီကွာ. . . ဘယ်လိုလုပ်ရမလဲ"

သွေးစွန်းပေနေသည့် သူ့လက်တွင်းမှ ဓားကို မြေသို့ ပစ်ချကာ စောအားပို၏ အလောင်းကို ငေးငိုင်ကြည့်နေတော့သည်။

"ဘယ်လိုလုပ်ရမလဲ ကိုနတ်ကြီးရယ်၊ ခက်ပြီ၊ ကျုပ်သမီးလေးနဲ့ ကျုပ်ခွဲရတော့မယ်" ရယ်လို့ ညည်းညူပြောလိုက်သည်ကြောင့် ကိုနတ်ကြီးသည်လည်း တွေဝေသွားတော့၏။

ဟုတ်တာပေါ့. . . လူသတ်မှုဖြင့် သူထောင်ကျလျှင် သူ့သမီးလေးနှင့် သူ ခွဲရတော့မည်။

"အင်း. . . တမင်သက်သက် ရည်ရွယ်ပြီး လုပ်တာမှ မဟုတ်တာဘဲ၊ ဒေါသအလျောက် လုပ်မိတာပဲ. . ."





သို့နှယ် ကိုနတ်ကြီးက ပြောပြီး "ကဲ ဒီလိုလုပ်မယ်ဗျာ" ဆိုပြီး စောအားပို၏ အလောင်းကို တရွတ်တိုက်ဆွဲယူပြီး လျှိုကြီးတစ်ခုအတွင်း ပစ်ထည့်လိုက်တော့၏။

"တကယ်တမ်းဆိုလျှင်ဖြင့် ကျုပ်အားမပေးချင်ဘူး၊ ဖထီ သမီးလေး လူ့လောကကြီးထဲမယ် ဖအေကြောင့် မျက်နှာငယ်ရမှာစိုးလို့ ကျုပ်ကူညီတာနော်"

သို့ဖြင့် သူတို့နှစ်ယောက် နားလည်မှု ရသွားကြ၏။ သို့တောင်မှ ထိုအင်ကြင်းဝက်ပါတောမှ သုံးရက်ခန့် နေပြီးလေမှ စခန်းသို့ ပြန်ရောက်ခဲ့ရတော့၏။

စခန်းရောက်သည်တွင် စောအားပိုတစ်ယောက် သူနှင့်စကားများပြီး အလုပ်မှ နှုတ်ထွက်သွားသည်ဟု သတင်းလွှင့်ထားလိုက်တော့၏။

သည်သို့ဖြင့် သူသည် စောအားပိုနှင့်ပတ်သက်၍ ကိုနတ်ကြီး၏ ကျေးဇူးဖြင့် သူ့သမီးလေးနှင့် အေးချမ်းစွာ နေထိုင်ခဲ့ရခြင်းဖြစ်၏။ သို့ပေမင့်. . .

"ရာဇဝတ်ဘေးဆိုတာ ပြေးလွတ်ရိုးထုံးစံမရှိဘူး ဖထီရဲ့၊ သည်တော့ အဲဒီအရိပ်မည်းကြီးက တကောက်ကောက် လိုက်ပါနေတာ မခံရဘူးလား" ရယ်လို့ ရံခါဆိုသလို ကိုနတ်ကြီးက ပြောလာတတ်၏။

မည်သို့ ရည်ရွယ်ချက်ဖြင့် ပြောလာခြင်းဆိုသည်တော့ သူမတွက်မိ၊ သည်လိုအခါမျိုးတွင် သူစိတ်ညစ်ရတော့၏။ သည်သို့ပင်မဟုတ်-

"အကယ်၍ ဖထီတစ်စုံတစ်ခု ဖြစ်ခဲ့လျှင် သမီးအတွက်မပူနဲ့နော်. . . ကျုပ်ရှိတယ်၊ စောင့်ရှောက်သွားမယ်. . . ဖြစ်နိုင်လျှင်ဖြင့် ကျုပ်နဲ့ ပေးစားထားပါကလား. . ."

သို့နှယ်ပြောလာတတ်၏၊ ထိုသည်ကား သူ့ကို အလျှော်တိုက်ခြင်းဟု မှတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြောင်သည်ဆိုလျှင်လည်း သို့နောက်ပြောင်ခြင်း မပြုသင့်ဟု သူတွက်သည်။

သည်တော့ သူတစ်ခုခု ကြိုလုပ်ထားချင်သည်၊ သူ့သမီးအတွက် ရှေ့ရေး၊ သည်တော့. . .

နတ်ကြီးနဲ့တော့ လုံးဝမဖြစ်နိုင်မှန်းသိ၏။ သို့ကြောင့် သူ့ကိုအချိုသတ်ကာ သူ့သမီးလေးကို တစ်ဦးတစ်ယောက်နှင့် ပေးစားရန် စဉ်းစားလိုက်၏။

ဟောက်မော် တစ်ယောက်ကိုတော့ မြင်ထား၏။ နို့ပေမင့် သမီးက သဘောမကျ။ သမီးကို သူ မကြိုက် မနှစ်သက်သူ နှင့်တော့ မပေးစားချင်၊ သည်ကြား နတ်ကြီးက ဟောက်မော်ကို သဘောမကျဟု ပြောထား၏၊

ဟောက်မော် လိုကောင်မျိုးနှင့် ပေးစားမယ့်အစား သူ့လက်ထဲအပ်ခဲ့လျှင် ပို၍ သင့်တော်လိမ့်မည်ဟု ပြောလာခြင်းကြောင့် သူ ဒေါသဖြစ်မိ၏၊ နို့ပေမင့် သူ့ဒေါသကို သူ ထိန်းထားလိုက်နိုင်၏၊

သူ့ကိုစွ အချိန်ယူစဉ်းစားမှ ဖြစ်ချိမ့်မည်ဟု တွက်လိုက်၏၊ နတ်ကြီးကို သူနင်ပဲငဆ ပြော၍မရမှန်း သိထားပြီး ဖြစ်၏၊

တစ်ခုတော့ ရှိ၏၊ စောအားပိုနှင့် ပတ်သက်၍တော့ဖြင့် သူ့ကို တစ်ကြိမ်တစ်ခါမျှ ပြောလာခြင်း မရှိပါချေ။ သူကသာလျှင် ထင်မှတ်နေခြင်းဖြစ်၏၊

တစ်နေ့ သူ နတ်ကြီး၏ စိတ်ကို စမ်းချင်သည်ကြောင့်. . .

"နေပါဦး နတ်ကြီးရဲ့ အားပိုသတ်မှုနဲ့ ငါပြဿနာ တက်လာလျှင်ဖြင့် မင်းကောကြုံရာပါ၊ အလောင်းဖျောက်ဖျက်မှုနဲ့ ပြဿနာ မရှိနိုင်ဘူးလား" ရယ်လို့ သဖော်ညှိသည့်သဘော ပြောခဲ့ဖူး၏။

သည်တော့ နတ်ကြီးတ ဟတ်ဟတ်ပတ်ပတ် ရယ်မောလိုက်ပြီး–





"ဟား. . ဟား. . ဟား. . ဟား. . ဟား! ကျုပ်ကို ပြန်ခြိမ်းခြောက်လိုတဲ့ သဘောနဲ့တော့ မဟုတ်ပါဘူးနော်. . . ဒီမယ်ဖထိ ခုရဲစခန်းမှာ ကျုပ်သွားပြောလို့ ရတယ်။ ကျုပ်က ပြဿနာ မဟုတ်ဘူးနော်။ ဖထိ အနေအထိုင် အပြောအဆို မတတ်လို့ ဖြစ်လာခဲ့လျှင်ဖြင့် ဖထိချစ်ပါတယ်ဆိုတဲ့ သမီးလေးကို စောင့်ရှောက်မယ့်သူ တစ်ယောက်မှ ရှိမှာမဟုတ်ဘူး။ ဘာဖြစ်လဲဗျာ. . . ကျုပ်က တောထဲတောင်ထဲ လျှောက်သွားနေတဲ့သူ ခြေသလုံးအိမ်တိုင်လို့လဲ ပြောလို့ရတယ်၊ ဘာသံယောဇဉ်မှ မရှိဘူး။ ဖထိနဲ့ အဖော်လိုက်လုပ်လို့ ရတယ်. . . ဟဲ. . ဟဲ. . ဟဲ. ."

သို့ပြောလာသည်ကြောင့် သူသည် "ကဲတွာ မင်းကော၊ ငါတောမရှိလျှင်ဖြင့် ဟောက်မော်လေး နဲ့ဆိုလျှင် ဖြစ်နိုင်မလား"

နတ်ကြီး ဒေါသထွက်သွားသည်၊ မျက်လုံးမျက်ဆံပြူးပြီး လက်သီးနှစ်ဖက်ကို တင်းတင်း ဆုပ်လိုက်ကာ၊ "ခတ်ပြီတော ဖထိရာ၊ ကျုပ်ဘယ်နှခါပြောရမလဲ၊ ဒီကောင့် ကြည့်ရတာ အားမရဘူး။ ပျော့ဆိပျော့ဖတ်နဲ့ အလုပ်လက်ကြောတင်းမယ့်ကောင် မဟုတ်ဘူး၊ လူကြီးနားကပ်နေ၊ လူကြီးခိုင်းတာပဲ လုပ်တတ်တယ်၊ ကိုယ်တိုင်ဦးဆောင် လုပ်တတ်တဲ့ ဦးနှောက် သူ့မယ် မရှိဘူး၊ ပြီးတော့ လူကြီးနားနေပြီး လူကြီး အရှိန်အဝါနဲ့ အပါးခိုလား ခိုရဲ့၊ အခွင့်အရေးယူသမား သက်သက်ပဲ၊ လူကြီးအားကိုးနဲ့ ထောင်လိုက်သေးရဲ့၊ တဲပြော. . . အဲလိုလူမျိုးလက်ထဲ ကိုယ့်သမီးလေးကို ဝကွက်အပ်ထားသင့်လား"

နတ်ကြီးပြောသည်မှာလည်း ဟုတ်နေပြန်သဖြင့် သူဘာလုပ်ရမှန်းမသိ ဖြစ်ရပြန်သည်။

တစ်ခုရှိသေး၏။ နတ်ကြီး ပြောခဲ့သည့်စကား၊ သူ့အတွက် ဘယ်တော့မှ မမေ့နိုင်သည့်စကား. . . သို့သော် သူမယုံ။

"ဖြစ်နိုင်ရင် ဖထိအစား ကျွန်တော် အားပိုကို သတ်ခဲ့ပါတယ်လို့ ပြောလိုက်ချင်ပါတယ်။ နို့ပေမင့် တစ်ခုတော့ ရှိတယ်။ သမီးလေးကို



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြုပေးမယ် ဆိုလျှင်ဖြင့် ကျွန်တော့် သဘောပါမှ ဆောင်ရွက်ပေးစေချင်တယ်"

သူ့ဘာလုပ်ရမှန်း မစဉ်းစားတတ်အောင်ဖြစ်ရ၏။ သူ့ကို ချောက်လှန့်နေသည့် အရိပ်မည်းကြီးလာကြောင်းကို သူကလွဲလို့ နတ်ကြီးသာသိထား၏။ သို့ဆိုလျှင်. . .

သို့ဆိုလျှင် သူစဉ်းစားလိုက်မိတာ တစ်ခုရှိ၏။ သို့ဆိုလျှင်. . . သူ့ကို အရိပ်မည်းကြီး ချောက်လှန့်နေသည့်ကိစ္စ သူတစ်ယောက်သာ သိသူ ရှိတော့မည်။

သို့တွေးလိုက်မိသည်မှစ၍ အချိန်အခါ အခွင့်အရေးကို မျှော်လင့်နေမိ၏။

သူ့အကြံကို ရိပ်မိသွားသည်ထင့်. . နတ်ကြီးတစ်ယောက် ဆင်ဝိုင်ကြီးကို အပူသွားတပ်ချေပြီဟု သတင်းသဲ့သဲ့ ကြားလိုက်ရတော့၏။ မဖြစ်ချေပြီ၊ သူအတော်တလေး စိတ်ညစ်သွား၏။

သည်ကြားထဲ ဝန်ထောက်လေး၏ ညှော်သည်များရောက်လာပြီး အမဲပစ်ထွက်ခဲ့ကြရာမှ လမ်းမှားကာ အဖွဲ့တစ်ဖွဲ့ အင်ကြင်းဝက်ပါတောအတွင်း ရောက်သွားသည်ဟု သိရ၏။

နတ်ကြီးလာပြောတော့ သူထိတ်လန့်သွားမိ၍ နတ်ကြီး သစ္စာဖောက်ချေပြီဟု တွက်လိုက်၏။

ရင်ထိတ်စွာဖြင့် ဖြစ်လာမည့် ကံကြမ္မာကို ထိုင်စောင့်နေမိတော့၏။

ကံကြမ္မာဆိုသော ကံကြမ္မာသည် ထူးဆန်းလှပေစွ။ သူ့ကို အသာစီးပေးထား၏။

စခန်းတွင် သူ့သမီး၊ ဆင်ပိုင်ကြီးသမီးသာ ရှိနေချိန် ညပိုင်းတွင် သူ့ထံ နတ်ကြီးရောက်လာ၏။ သမီးနှင့် ဖိုးမှူ အိပ်ရာစောစောဝင်နေကြသဖြင့် နတ်ကြီးရောက်လာသည်ကို သူတို့မသိကြချေ။





"ဖထီးရေ. . . ကျုပ်တို့ ပျောက်သွားကြတဲ့သူတွေနဲ့ ပြန်ဆုံတော့မယ်ဗျို့. . . မကြာမီလောက်ဆို ဆုံလောက်ပြီ၊ နို့ပေမင့် (၂)ရက်လောက် ခရီးဆက်တိုးရလိမ့်မယ် ထင်တယ်။ ဒါကြောင့် စခန်းပြန်လိုက်၊ အဲဒီနေရာ ပြန်သွားလိုက်ဆိုလျှင် အဆက်အသွယ် ပြတ်သွားမှာစိုးလို့ စခန်းမှာ ကျန်ခဲ့တဲ့ ဖထီးတို့ကို ပြန်လာခေါ်တာ"

နတ်ကြီးက သို့နှယ် အားပါးတရ ဝမ်းပန်းတသာ လာပြောသည်ကို သူဝမ်းမသာနိုင်။ ဒီအချိန်သည် သူ့အတွက် အခွင့်ကောင်းဟု သတ်မှတ်လိုက်ပြီး-

"ဟာ အဲဒါမှ ဒုက္ခပဲ. . . နတ်ကြီးရာ သမီးလေးက ဖျားနေတာ၊ လိုက်လို့ဖြစ်မယ် မထင်ဘူး။ ငါတို့ ဒီကပဲ စောင့်နေပါ့မယ်၊ စခန်းကလည်း သန့်ပါတယ်။ ဘာအငွေ့အသက်မှလည်း မရှိပါဘူး၊ သမီးတို့နှစ်ယောက် ဆို ပျော်နေကြတာ၊ မင်းဝန်ထောက်လေးတို့ သေချာပြောပြပါကွာ"

သမီးဖြစ်သူနှင့် ပတ်သတ်လာလျှင် အရာရာလိုက်လျောခဲ့သော နတ်ကြီးကို သို့နှယ်ပြောလိုက်သည်။

"ဟုတ်ပြီလေ. . . နို့ဖြင့် ကျုပ် ခပ်စောစော ပြန်သွားမယ် သတိဝီရိယနဲ့ နေနော်. . . နက်ဖြန်ညနေပိုင်းလောက် ပြန်ရောက်ချင်ရောက်ကြမှာပါ"

သူသည် လွန်မင်းစွာ ပီတိဖြစ်သွားရသည်၊ သူ့ဆင်ကွက်တွင်းဝင်သွားချေပြီ။

သို့ဖြင့်သူသည် တစ်ညလုံး စဉ်းစားလိုက်တော့၏၊ သူ့အစီအစဉ်ကို အကောင်အထည်ဖော်သင့်၊ မဖော်သင့်။ သူတွက်လိုက်သည်။ အပြန်ပြန် အလှန်လှန် စဉ်းစားလိုက်၏။မမျှော်လင့်ဘဲ ရရှိလိုက်သည့် အခွင့်အရေးကို သူလက်လွှတ် ဆုံးရှုံး မခံသင့်ဟု တွက်လိုက်၏။ ကြည့်လေ- နတ်ကြီး ပြန်လာသည်ကို ကောင်မလေးနှစ်ယောက် သုံးဝမသိ



www.burmeseclassic.com

www.burmeseclassic.com



ကြချေ၊ မနက် ဝေလီဝေလင်းပြန်မယ် ဆိုတော့ ကောင်မလေးနှစ်ယောက် နိုးကြလိမ့်ဦးမည် မဟုတ်။

သည်သို့ဖြင့် သူအိပ်ပျော်သွားပြီး မနက်ဝေလီဝေလင်းမတိုင်မီ သူနိုးနှင့်နေပြီ ဖြစ်သည်ကြောင့် နတ်ကြီးကို နိုးလိုက်၏။

"ဖထီးရယ် ခဏနေ လိုက်လို့ သူတို့နဲ့ ကွဲမသွားနိုင်ပါဘူး" ဆိုကာ အိပ်နေသည်ကြောင့်-

"မဟုတ်ဘူး နတ်ကြီးရ. . . ဒီစခန်းမှာ သူတို့နှစ်ယောက်တည်း မနေရဲဘူး။ ဒါကြောင့် သူတို့ အိပ်နေတုန်း ငါမင်းကို အလင်းလာသည်ထိ လိုက်ပို့ချင်လို့ပါ။ ဘာမှ ဝေးမှာမဟုတ်တော့ သူတို့မနိုးခင် ငါပြန်ရောက်မှာဆိုတော့ သူတို့ ကြောက်ချိန်မရလိုက်တော့ဘူးပေါ့"

"အင်း ဒါလည်း ဟုတ်တာပဲ" ဆိုကာ နတ်ကြီးသည် အိပ်ရာမှ လူးလဲထလာလေတော့၏။

သို့ဖြင့်သူသည် နတ်ကြီးနှင့်အတူ စခန်းမှ တိတ်တဆိတ် ထွက်လိုက်လာတော့၏။

တစ်လမ်းလုံး သူချိတုံချတုံ ဖြစ်နေတော့၏၊ သို့ပြား မကောင်းသည့်နတ်ဆိုးများက သူ့ကို လှံ့ဆော်နေသည်က ပိုနေ၏၊ သူ၏မကောင်းမှု စိတ်ကို နှိုးဆွလာသည်က နတ်ကြီး စကားတစ်ခွန်းကြောင့် ဖြစ်ချေ၏။

အလင်းပင် ပေါ်လာချေပြီ၊ နတ်ကြီးက-

"ကဲ. . . ဒီလောက်ဆို တော်လောက်ပါပြီ ဖထီးရယ်၊ စခန်းမှာ ကောင်မလေး နှစ်ယောက်တည်း မြန်မြန်ပြန်တော့နော်" လို့ပြောပြီး လှည့်အထွက်တွင်. . .

"အို. . . ဖထီး၊ ကြည့်စမ်း တိုက်ဆိုင်လိုက်တာ ဒီနားကနေ အားပိုကို ဘုရားသခင်ရဲ့ အိမ်တော်တို့ ပို့လိုက်တာလေ. . . "

သူ့ရင်ထဲတွင် လှုပ်ခတ်သွား၏၊ သူရဲ့ နတ်ဆိုးတွေကို နှိုးဆွ





လိုက်သလို ဖြစ်သွား၏၊

သို့ကြောင့် သူ့လက်တွင်းရှိ ဝါးခုတ်ဓားဖြင့် မိုးခုတ်လိုက်တော့၏။

"ဟင်. . . ဖထီး ဘာလုပ်တာလဲ"

သို့သာ နတ်ကြီးပြောလိုက်နိုင်၏၊ လဲကျသွားတော့သည်၊ သေလောက်ပြီဟု ထင်ကာ သူသည် ထိုနေရာမှ ပြေးထွက်ခဲ့တော့၏။

တကယ်တော့ နတ်ကြီးသည် သူထင်ထားသလို မဟုတ်၊ သူ့အပေါ် အလွန်ကောင်းနေ၏၊ သမီးလေးအပေါ် သံယောဇဉ်ကြီးသူဖြစ်၏၊ သူသည်သာလျှင် စိတ်ချောက်ချားနေခြင်းဖြစ်သည်၊ သွေးလန့်နေခြင်း ဖြစ်သည်။

သို့ကြောင့် သူတို့သားအဖ ကွဲကွာနေကြရမည်ကို မလိုလားသဖြင့် သူသတ်တာပါဟု ဖွင့်ဟ ပြောကြားမသွားပါချေ၊ ကံကြမ္မာကသာလျှင် သူ့ပေါ် ဖောက်လွဲဖောက်ပြန်လုပ်နေခြင်း ဖြစ်တော့၏။

သူသည် သို့ ဝန်ခံပြောဆိုပြီး သမီးဖြစ်သူ "ရွှေဖီးစတော"ကို လှမ်းကြည့်လိုက်၏။

သမီးနှင့် သူရှင်ကွဲသော်လည်းကောင်း၊ သေကွဲသော်လည်းကောင်း လုံးဝခွဲရပေတော့မည်။

သူ့မျက်နှာတွင် မျက်ရည်စတွေနှင့်ဖြစ်သည်၊

"ကဲ. . . မိတ်ဆွေတို့. . . သူလည်း ဝန်ခံပြီး သက်သေခံစားလည်း ရပြီ. . . ကျုပ်တို့ သွားတော့မယ်" ဆိုကာလူလေးယောက်သည် မီးတုတ်ကိုယ်စီ ထွန်းညှိကာ ထွက်သွားကြသဖြင့်. . .

"မိတ်ဆွေတို့ သစ်ပင်မှာရှိတဲ့လမ်းညွှန် အမှတ်အသားအတိုင်း ဆက်လိုက်သွားလျှင်ဖြင့် အင်ကြင်းဝက်ပါတောရဲ့ ဂိတ်ဝလို့ပြောလို့ ရမယ့် တောညွှတ်ကို ရောက်သွားလျှင်ဖြင့် ဥက္ကံမြို့ကို ရောက်နိုင်တယ်ဗျို့" ဟု လှမ်းအော်လိုက်သည်တွင်. . .

www.burmeseclassic.com



"ကျုပ်တို့ တာဝန်ပြီးဆုံးပြီမို့ အင်ကြင်းဝတ်ပါ တောထဲမှာပဲ နေတော့မယ်ဗျာ" ဟု ဆိုကာ လာလမ်းအတိုင်း ပြန်သွားကြလေတော့သည်။

ထိုညသည် ခြောက်သွေ့လို့နေ၏။ ထိုည၏ မြင်ကွင်းသည် ရင်နင့်ဖွယ် ဖြစ်ရ၏၊ ကြေကွဲစရာလည်း ကောင်းလှ၏။ အသက်နှင့် ခန္ဓာကင်းမဲ့နေသော ကိုလူပုနံဘေးတွင် ကိုနတ်လေးသည် ကျုံ့ကျုံ့လေး ထိုင်လျက် ငေးငိုင်နေ၏။ လွမ်းဆွတ်ကြေကွဲနေရှာ၏၊ သည်ဘက်ကမ်း တဲတစ်တဲတွင်မူ ဆင်ခေါင်းကြီး စောတက်နက်တို့ သားအဖ ရှိနေ၏။ သမီးဖြစ်သူ ဂျိုင်းစတောသည် သူ့ဖအေ၏ ရင်ခွင်တွင်းမှီတွဲရင်း ရှိုက်ကာငိုကြွေးနေ၏၊ ဖခင်ဖြစ်သူသည် သမီးလေး၏ ပုခုံးကို ဖက်တွယ်လျက် အဝေးသို့ ငေးငိုင် ကြည့်နေလေသည်၊ ယောကျ်ားကြီးတန်မယ့် မျက်ရည်စတို့ ယိုစီးနေတော့၏၊ သူ အကြောက်ဆုံးအချိန်ကို ရောက်လာပြီတို့၊ သူသတ္တိမရှိ၍ ဖြစ်ရခြင်းပင်၊

"သတ္တိရှိစွာ သည်းခံပါ" ဆိုသည့် ကိုလူပုပြောလာသည့် စကားကို ကြားယောင်နေမိတော့၏၊

ကိုလူပုကိုလည်း သူမြင်ယောင်နေမိသည်ထင့်. . . ၊ သူ့နှုတ်များမှ တီးတိုးစွာ ပြောလိုက်သံသည် ကျွန်တော်တို့နားရောက်လာ၏။

"ငါ့ကို ခွင့်လွှတ်ပါလို့ မပြောချင်ပါဘူး. . . မင်းအသက်နဲ့ရင်းပြီး ငါတို့သားအဖ မခွဲအတူ နေကြရအောင် လုပ်ပေးခဲ့ပေမင့် ထဲကြမှာက ငါ့ကို မျက်နှာသာ လုံးလုံး မပေးပါဘူးကွာ၊ မင်းပြောခဲ့သလို ငါဟာ သည်းခံခြင်းနဲ့ ဝတ်သတ်လို့ တကယ် သတ္တိမရှိခဲ့ပါဘူး"

လေပြည်နှင့်အတူ ပါလာသောသူ့စကားသံသည် ကျွန်တော်တို့၏ နှလုံးသားတွင် အပ်လေးများနှယ် ထိုးဖောက်စူးဝင်လာကြပေသည်။

ကျွန်တော်တို့နှင့်အတူ မီးပုံနားတွင် ထိုင်နေသော ဖိုးမှုသည် ညှိုးနွမ်းစွာဖြင့် ကိုလူပုတဲကို ကြည့်လိုက် "ဂျိုင်းစတော" တို့ သားအဖတဲကို ကြည့်လိုက်လုပ်ပြီး





"သမီးသူငယ်ချင်းကို သွားအားပေးချင်တယ် အပါးရယ်"

သူ့အဖေကို ခွင့်တောင်းလေသည်တွင် ဆင်ပိုင်ကြီးစောယော်တီက

"သူတို့သားအဖ တူတူနေရမယ့် အချိန်လေးက နည်းလွန်းပါတယ် သမီးရယ်. . . လွတ်လွတ်လပ်လပ် နေကြပါစေဦး. . . နောင်ဆိုလျှင် သမီးသူငယ်ချင်းနဲ့ သမီး တစ်ဝကြီးနေရမှာ မဟုတ်လား"

"ဟင်! ဒါဖြင့် အပါးက "ဂျိုင်းစတော" ကို မွေးစားမယ်ပေါ့"

ဖိုးမှု၏ အမေးကို ဆင်ပိုင်ကြီး စောယော်တီက ခေါင်းညိတ်အဖြေပေးလိုက်သည်တွင်

"ဟား. . ဝမ်းသာလိုက်တာ အပါးရယ်" ဆိုကာ ဖခင်ဖြစ်သူ၏ ရင်ခွင်တွင်း တိုးဝင်လိုက်တော့၏၊ ပြီးနောက် သူ့ဖခင်၏ ရင်ခွင်တွင်းမှ ခွာထွက်ပြီး ကျွန်တော်တို့ဘက် လှည့်တာ ပြုံးပြလာတော့၏၊

မျက်ရည်များကား သွင်သွင် စီးလျက်၊

ဝမ်းသာလွန်း၍ ကျရသည့်မျက်ရည် ဖြစ်ချိမ့်မည်။

အစဉ်ကြီးစားလျက်
တိုပိုက်
၁၅-၁၀-၂၀၀၂

www.burmeseclassic.com